မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရား တို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(၈မူပဒ - ၈၆)**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၆)၊ အမှတ် (၀၄၇)

ယခုစီးပွားရေးဇုန်များသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ပြေးစိမ်ကိန်းများဖြစ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာအထူးစီးပွားရေးဇုန်ဗဟိုအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၁၅

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာအထူးစီးပွားရေးဇုန်ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ပြည်သူပြည်သားများ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နေထိုင်နိုင်ရန်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အဓိကဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ရုပ်ပိုင်းဆိုင်ရာအရ ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်သလို အခြားစိတ်ပိုင်းဆိုင်ရာ၊ ဉာဏ်ပိုင်းဆိုင်ရာ၊ အနုပညာပိုင်းဆိုင်ရာ တိုးတက်မှုလည်း မရှိနိုင်ပါကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ✻

ရန်ကုန်မြို့လှေပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် တူရကီဓာတ်အားပေးသင်္ဘော လာမည့်နှစ်တွင်ရောက်ရှိမည်

သတင်း-သွန်းဝဿန်၊ ဓာတ်ပုံ-aa.com.tr

ရန်ကုန် နိုဝင်ဘာ ၁၅

တူရကီကုမ္ပဏီတစ်ခုဖြစ်သည့် Karadeniz Holding ကုမ္ပဏီပိုင် Onur Sultan ဓာတ်အားပေးသင်္ဘောကြီးဖြင့် ရန်ကုန်မြို့အတွက် မကြာမီ လှေပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၃ ရက်က တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ တူဇလာဆီဒတ်စ်သင်္ဘောကျင်း၌ ကျင်းပသည့် ဓာတ်အားပေးသင်္ဘောများဖြင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မိတ်ဆက်ပွဲတွင် တူရကီသမ္မတ အာဒိုးန်တက်ရောက်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံသို့လည်း ယင်းကုမ္ပဏီမှ Onur Sultan ဓာတ်အားပေးသင်္ဘော လာရောက်ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်းကို တူရကီနိုင်ငံ အွန်လိုင်းသတင်းတစ်ခုဖြစ်သည့် AA မှ ရေးသားဖော်ပြထားသည်။

အဆိုပါဓာတ်အားပေးသင်္ဘောမှာ ၂၀၁၇ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံသို့ရောက်ရှိလာနိုင်ရန် ခန့်မှန်းထားပြီး ရန်ကုန်မြို့အတွက်

စာမျက်နှာ ၃ ကော်လံ ၁ ❐

မြန်မာ့အလင်း

ပုံပိုးရမည့် မဂ်လာခြေလှမ်းများ

မဂ်လာရှိသောသတင်းတစ်ရပ်ကို ကြားရ၊ ဖတ်ရပါသည်။ ရှမ်းပြည်နယ် ပင်းတယမြို့ ဆီးကျအင်းရွာ၌တည်ရှိသော ရပ်ရွာအခြေပြု စံပြလက်ဖက်အခါးခြောက်စက်ရုံက ထုတ်လုပ်သော လက်ဖက်ခြောက်တို့ကို ဂျာမနီနိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါသည်။ အရည်အသွေးမြင့် လက်ဖက်ခြောက်တို့ကိုသာ ဝယ်ယူသည်ဟု သတင်းကြီးသော ဂျာမန်ကုမ္ပဏီ Tea Gschwender က အဆိုပါလက်ဖက်ခြောက်တို့ကို ဝယ်ယူခဲ့ခြင်းဖြစ်၍ ပို့မိုပီတိဖြစ်ရပါသည်။ တင်ပို့ခဲ့သော လက်ဖက်ခြောက်ပမာဏသည် ၁ ဒသမ ၅ တန်သာရှိသော်လည်း တိုင်းပြည်၏ အနာဂတ်ပို့ကုန်သစ်အတွက် မဂ်လာရှိသော ပထမခြေလှမ်း ဖြစ်ပါသည်။ လာမည့်နှစ်တွင် လက်ဖက်ခြောက်ပမာဏ ၃ ဒသမ ၅ တန် ပို့ရန်စာချုပ်ချုပ်ထားပြီးပြီဟူသောအချက်သည် အနာဂတ်အလားအလာကောင်းကို လှစ်ဟဖော်ပြနေပါသည်။

ဂျာမန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Giz) ၏ ပံ့ပိုးကူညီမှုဖြင့် ဤကဲ့သို့ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဆီးကျအင်းရွာရှိ ရပ်ရွာအခြေပြု စံပြလက်ဖက်အခါးခြောက်စက်ရုံသည် အနီးဝန်းကျင်ရှိ ကျေးရွာပေါင်း ၁၄ ရွာမှ လက်ဖက်တောင်သူများပေးပို့ခဲ့သော လက်ဖက်များမှ ယခုကဲ့သို့ ထုတ်လုပ်တင်ပို့ခဲ့ခြင်းဖြစ်ပါသည်။ ပြည်တွင်းရှိ လက်ဖက်စိုက်ဧကရှစ်သိန်းကျော်အနက် ခြောက်သိန်းကျော်သည် ရှမ်းပြည်နယ်၌ရှိ၍ ဆီးကျအင်းရွာ စံပြလက်ဖက်အခါးခြောက်စက်ရုံသည် အတိတ်နိမိတ်ကောင်းတို့ကို ဖော်ဆောင်နေပါသည်။ အလုပ်တွင် အယဉ်ဆင့်ဆိုသကဲ့သို့ ဤမဂ်လာသတင်းကို အားဖြည့်ပေးသည့်အချက်မှာ ဆီးကျအင်းရွာ စံပြလက်ဖက်အခါးခြောက်စက်ရုံသည် အော်ဂဲနစ်ဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ်ကို မကြာမီ ရရှိတော့မည်ဖြစ်၍ လာမည့်နှစ်၌ အော်ဂဲနစ်လက်ဖက်ခြောက်အဖြစ် တင်ပို့နိုင်မည်ဖြစ်ပါသည်။ အော်ဂဲနစ်လက်ဖက်ခြောက်အဖြစ် တင်ပို့နိုင်ခြင်းသည် သီးခြားအခိုင်အမာ ဈေးကွက်ရှိခြင်းနှင့် ဈေးကောင်းရခြင်းတို့ကို ညွှန်းဆိုဖော်ပြနေပါသည်။

မြန်မာနိုင်ငံမှစိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသော ပြည်ပပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ခြင်းသည် အလေးအနက်ထား ကြိုဆိုရမည့် ကိစ္စဖြစ်ပါသည်။ တိုင်းပြည်လူဦးရေ၏ သုံးပုံနှစ်ပုံခန့်သည် လယ်ယာစိုက်ပျိုးရေးအပေါ် မှီခိုနေရသော ကျေးလက်ပြည်သူများဖြစ်၍ လယ်ယာစိုက်ပျိုးရေးအခြေခံပို့ကုန် အမယ်သစ်များ တင်ပို့နိုင်ခြင်းသည် ကျေးလက်ပြည်သူတို့၏ဝင်ငွေကို တိုးပွားစေမည်ဖြစ်ပါသည်။ ကျေးလက်ပြည်သူတို့၏ ဝင်ငွေတိုးပွားခြင်းသည် တိုင်းပြည်စီးပွားရေးကိုမြှင့်တင်ပေးမည့် မောင်းနှင်အားတစ်ရပ်ဖြစ်ပါသည်။

သို့သော် ဆီးကျအင်းစံပြလက်ဖက်အခါးခြောက်စက်ရုံမှ ယခုတစ်ကြိမ် ပြည်ပတင်ပို့မှုဌ အပင်ပိုးမွှားကင်းရှင်းကြောင်း အသိအမှတ်ပြုလက်မှတ်နှင့် ပြည်ပတင်ပို့ခွင့်လိုင်စင်ကဲ့သို့သော စာရွက်စာတမ်းများအလွယ်တကူ မရရှိနိုင်၍ မြန်မာနိုင်ငံသစ်သီဝလ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှတစ်ဆင့် တင်ပို့ခဲ့ရကြောင်း ကြားသိရပါသည်။ တိုင်းပြည်အတွက် ပြည်ပပို့ကုန်အမယ်သစ်များ တင်ပို့လျက်ရှိသည့် ဆီးကျအင်းစံပြလက်ဖက်အခါးခြောက်စက်ရုံ၏ ပြည်ပပို့ကုန်တင်ပို့ရေးလိုအပ်ချက်အားလုံးကို နိုင်ငံတော်က အထူးတာဝန်တစ်ရပ်အဖြစ် ပံ့ပိုးကူညီသင့်ပါသည်။ သို့မှသာ ပြည်ပပို့ကုန်အမယ်သစ်များ တိုးချဲ့ရေးကို အရှိန်အဟုန်ကောင်းကောင်းဖြင့် စဉ်ဆက်မပြတ် တင်ပို့နိုင်မည်ဖြစ်ပါသည်။ ဆီးကျအင်းစံပြလက်ဖက်အခါးခြောက်စက်ရုံကဲ့သို့သော နိုင်ငံတော်က ပံ့ပိုးကူညီရမည့်လုပ်ငန်းတို့ကို မပြတ်လပ်သောသတိဖြင့် စောင့်ကြည့်ကူညီမှသာ တိုင်းပြည်အလျင်အမြန် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း နှိုးဆော်တင်ပြအပ်ပါသည်။ ။

ခေါင်းဆောင်မှုစိတ်ပညာသင်တန်း ထပ်မံဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၁၅

မြန်မာနိုင်ငံ စိတ်ပညာအသင်းမှ Psychology of Leadership (ခေါင်းဆောင်မှုစိတ်ပညာ) သင်တန်းကို နိုဝင်ဘာ ၂၆၊ ၂၇ ရက်တွင် နံနက် ၉ နာရီ မှ ညနေ ၄ နာရီအထိ ထပ်မံ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို အငြိမ်းစားစိတ်ပညာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ပညာရှင်များက ဟောပြောပို့ချကြမည်ဖြစ်ပြီး သင်တန်းတွင် သင်တန်းသားဦးရေ ကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများသည် မြန်မာနိုင်ငံ စိတ်ပညာရုံးခန်းအမှတ်(၂၁)၊ (၉) လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း(၀၁-၂၁၂၄၃၃၊ ၀၁-၂၃၁၆၈၆၀၊ ၀၉-၅၀၀၁၁၂၃) သို့ အချိန်မီဆက်သွယ်၍ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပဒေရုံးအချို့အား စံပြဥပဒေရုံးများအဖြစ် သတ်မှတ်တည်ထောင်နိုင်ရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၅

ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် USAID မှ Chief of Party, Mr.Mitch Gruner အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးစဉ် ရှေ့ပြေးစီမံကိန်းတစ်ရပ်အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးလက်အောက်ရှိ ဥပဒေရုံးအချို့အား စံပြဥပဒေရုံးများအဖြစ် သတ်မှတ်တည်ထောင်နိုင်ရေးနှင့်စပ်လျဉ်းသောလုပ်ငန်းစီမံချက်မူကြမ်းအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ အဆိုပါလုပ်ငန်းစီမံချက်အား ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် စတင်အကောင်အထည်ဖော်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။

(သတင်းစဉ်)

ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၁၅) ဆင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းဌာနခွဲကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ သင်တန်းဆင်းတိုင်းရင်းသူများကို လွှဲပြောင်းအပ်နှံပေးသည်။ ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းဆင်းတိုင်းရင်းသူများအား အလုပ်သမားအသိအမှတ်ပြုကတ်နှင့် ထောက်ပံ့ငွေများပေးအပ်ကာ တာဝန်ရှိသူတစ်ဦးက အလုပ်သမားရပိုင်ခွင့်များကိုရှင်းလင်းပြောကြားပြီး သင်တန်းဆင်းတိုင်းရင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

နယ်စပ်ဒေသ ဝေးလံသောဒေသမှ တိုင်းရင်းသူ ၉၉ ဦးအား ၂၄-၁၀-၂၀၁၆ ရက်မှ ၁၁-၁၁-၂၀၁၆ ရက်အထိ ရက်သတ္တ သုံးပတ်ကြာ လေ့ကျင့်သင်ကြားပေးခဲ့ပြီး ယင်းအနက် သင်တန်းဆင်းတိုင်းရင်းသူ ၉၇ ဦးအား အထည်ချုပ်စက်ရုံလေးရုံသို့ လုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန ၂၀၁၆-၂၀၁၇ ပညာသင်နှစ် နေ့သင်တန်းများစတင်ဖွင့်လှစ်မည်

နေပြည်တော် နိုဝင်ဘာ ၁၅

ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ နိုင်ငံခြားဘာသာတက္ကသိုလ်များအတွက် ပထမနှစ်နေ့သင်တန်းများကို ၈-၁၂-၂၀၁၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပထမနှစ်နေ့သင်တန်းဝင်ခွင့်ရသူများစာရင်းကို နိုဝင်ဘာ ၁၇ ရက်ကစပြီး သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ကြောင်းနှင့် ပညာရေးဝန်ကြီးဌာန website http;//www.myanmar-education.edu.mm/ တွင်လည်း ကြေညာထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံးကို ဒီဇင်ဘာ ၁ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/၉လ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၅-၁၁-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(ဒေါ်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၆၁၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၁၀၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၆၁၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၆၂၀/၆၄၅ ကျပ်
အောက်တိန်း ၉၂	၆၂၀/၆၄၅ ကျပ်
အောက်တိန်း ၉၅	၆၆၀/၇၀၀ ကျပ်
ပရီမီယံဒီဇယ်	၆၄၅/၆၆၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ပဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၈၅ . ၀
ဥရောပ	တစ်ယူရို	၁၃၈၂ . ၈
စင်ကာပူ	တစ်ဒေါ်လာ	၉၁၀ . ၀၂
ထိုင်း	တစ်ဘတ်	၃၆ . ၂၆
အိန္ဒိယ	တစ်ရူပီး	၁၈ . ၉၅
တရုတ်	တစ်ယွမ်	၁၈၇ . ၆၈
မလေးရှား	တစ်ရင်းဂစ်	၂၉၆ . ၇၇

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေးရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၆။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဖွင့်မိန့်ခွန်း ပြောကြားစဉ် (သတင်းစဉ်)

မြန်မာအထူးစီးပွားရေးဇုန် ပဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီ ပန်ထီးယူ အမှာစကားပြောကြားစဉ် (သတင်းစဉ်)

* *ရှေ့ဆုံးမှ*

နိုင်ငံတည်ငြိမ်အေးချမ်းရန် ပြည်သူများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု အလုံအလောက် ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စီးပွားရေးဇုန်များကို တည်ဆောက်ရာတွင် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုအတွက် ပံ့ပိုးပေးနိုင်ရေးကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီး

ကမ္ဘာ့ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ အောင်မြင်မှုရရန် စီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်မှုသည် များစွာအရေးကြီးပါကြောင်း၊ ယခုရေတိုအတွင်း ဖြစ်မြောက်အောင် လုပ်ကိုင်ရမည့်ကိစ္စသည် အလုပ်အကိုင်အခွင့်အလမ်း ဖြစ်ပါကြောင်း၊ အလုပ်အကိုင်မရှိခြင်းသည် မိမိတို့နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသာမက လူသားများ၏ အကျင့်စာရိတ္တကို ပျက်စီးစေပါကြောင်း၊ အကျင့်စာရိတ္တမကောင်းပါက မည်သို့မျှ ဖွံ့ဖြိုးတိုးတက်သည်နိုင်ငံကို ထူထောင်နိုင်မည် မဟုတ်ပါကြောင်း၊ ပြည်သူလူထုအတွက် ပညာရေးနှင့် ကျန်းမာရေးစနစ်ကို ပြည့်ပြည့်စုံစုံ ပံ့ပိုးပေးနိုင်ရန် ငွေကြေးတောင့်တင်းရေးသည် အရေးကြီးပါကြောင်း၊ မိမိတို့ပြည်သူများ ဖူဖူလုံလုံ ပြည့်ပြည့်စုံစုံဖြစ်အောင် အချိန်တိုအတွင်း ရောက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သိမ်မွေ့သည့်နေရာတွင်ရှိ

အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံတကာ စီးပွားရေးအဖွဲ့အစည်းများ၏ အောင်မြင်မှုဖြင့် မိမိတို့နိုင်ငံ၏ တည်ငြိမ်မှုနှင့်စီးပွားရေး ဖွံ့ဖြိုးမှုအပေါ် နိုင်ငံတကာမှ ယုံကြည်မှုရရှိရေးကိုလည်း တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်များသည် နိုင်ငံရေးနှင့် စီးပွားရေးအရ သိမ်မွေ့သည့်နေရာတွင် ရှိပါကြောင်း၊

နစ်နာမည်ကို စိုးရိမ်မိ

မိမိတို့ အထူးစီးပွားရေးဇုန်များနှင့် စပ်လျဉ်း၍ သတိပြုရမည်မှာ လုပ်ရမည့်ကိစ္စမလုပ်ခြင်း၊ အမုန်းမခံနိုင်ခြင်း၊ ကျွမ်းကျင်ပိုင်နိုင်မှုမရှိခြင်းနှင့် လုပ်ငန်းကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်နိုင်မှုမရှိခြင်းတို့ကြောင့် နောက်ဆုံးတွင် မိမိတို့ပြည်သူများနစ်နာမည်ကို စိုးရိမ်မိပါကြောင်း။

ယခုစီးပွားရေးဇုန်များသည် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ပြေး စီမံကိန်းများဖြစ်ပါကြောင်း၊ ရှေ့ပြေးကောင်းမှ အနာဂတ်ကောင်းမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းလက်တွေ့အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

အစွမ်းကုန်ကြိုးစားဆောင်ရွက်

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန် ပဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီ ပန်ထီးယူက အထူးစီးပွားရေးဇုန်များသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက် ဆက်စပ်မှုရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် သီလဝါ၊ ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာဆန်းမြင့်၊ ရှင်းလင်းတင်ပြ

မြန်မာအထူးစီးပွားရေးဇုန် ပဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းတင်ပြစဉ်

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာဆက်အောင် ရှင်းလင်းတင်ပြစဉ်

ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာထွန်းနိုင် ရှင်းလင်းတင်ပြစဉ်

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းရှင်းလင်းတင်ပြစဉ်

ထို့ကြောင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဝင်များအနေဖြင့် စေတနာရှေ့ထားပြီး ပေးဆပ်လိုမှုဖြင့် အစွမ်းကုန်ကြိုးစား ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန် ပဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဆက်အောင်၊ ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာထွန်းနိုင်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဝင်များအနေဖြင့် ဒေါက်တာစိုးဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်တို့က ဇုန်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်အကြံပြု

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးဖေဇင်ထွန်း၊ ဦးသိန်းဆွေ၊ ဒေါက်တာသန်းမြင့်၊ ဦးဝင်းခိုင်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံဆိုင်ရာ ကိစ္စများနှင့် ဥပဒေပိုင်းဆိုင်ရာ ဆောင်ရွက်သင့်သည်များကို ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်းပေးသည်။ **(သတင်းစဉ်)**

❖ အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများ၏ အောင်မြင်မှုဖြင့် မိမိတို့နိုင်ငံ၏ တည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုအပေါ် နိုင်ငံတကာမှ ယုံကြည်မှုရရှိရေးကိုလည်း တည်ဆောက်သွားရမည်ဖြစ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

❖ အထူးစီးပွားရေးဇုန်များသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်ဆက်စပ်မှုရှိ၊ ထို့ကြောင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဝင်များအနေဖြင့် စေတနာရှေ့ထားပြီး ပေးဆပ်လိုမှုဖြင့် အစွမ်းကုန် ကြိုးစားဆောင်ရွက်

ဒုတိယသမ္မတ ဦးဟင်နရီပန်ထီးယူ

❐ *ရှေ့ဆုံးမှ*

လိုအပ်သည့် လျှပ်စစ်ဓာတ်အားပေးနိုင်ရန် ရည်ရွယ်ထားကြောင်း Karadeniz Holding ကုမ္ပဏီမှ သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံသို့ Onur Sultan ဓာတ်အားပေး သင်္ဘောသည်လည်းကောင်း၊ ဂါနာနိုင်ငံသို့ Osman Khan ဓာတ်အားပေးသင်္ဘောကိုလည်းကောင်း၊ အင်ဒိုနီးရှား နိုင်ငံသို့ Gokhan Bey နှင့် Yasin Bey ဓာတ်အားပေးသင်္ဘောတို့ကိုလည်းကောင်း ရင်းနှီးမြှုပ်နှံရန်ပြင်ဆင်ထားကြောင်း နိုဝင်ဘာ ၁၃ ရက်က အဆိုပါ ကုမ္ပဏီက မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

Onur Sultan ဓာတ်အားပေးသင်္ဘောကို ၂၀၀၁ ခုနှစ်ကစတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၈၉ မီတာအရှည်ရှိကာ ၄၅ မီတာကျယ်ဝန်းသည့် ကာဂို အမျိုးအစား ဓာတ်အားပေးသင်္ဘော တစ်စင်းဖြစ်ကြောင်း သိရသည်။

Onur Sultan ဓာတ်အားပေးသင်္ဘောမှာ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၃၀၀ အထိ ဖြန့်ဖြူးပေးမည်ဟု သိရပြီး ရန်ကုန်မြစ်အတွင်း သီလဝါဆိပ်ကမ်းအနီးတွင်ဆိုက်ကပ်ကာ ငါးနှစ်တာမျှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် မြန်မာအစိုးရနှင့် ပဏာမသဘောတူညီထားကြောင်း သိရသည်။

အဆိုပါ ဓာတ်အားပေး သင်္ဘောဖြင့် ဓာတ်အားပေး လုပ်ငန်းသည် ယခင်အစိုးရ လက်ထက်ကတည်းက ခေါ်ယူခဲ့သည့် တင်ဒါစီမံကိန်းလုပ်ငန်းများအနက် တစ်ခုဖြစ်ပြီး မကြာမီ မြန်မာအစိုးရနှင့်တရားဝင် သဘောတူစာချုပ်ချုပ်ကာ ရန်ကုန်မြို့အတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည်ဟု သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆက်သွယ်ရေးပိုမိုကောင်းမွန်စေရန် Monopole တည်ဆောက်ခွင့်အတွက် တင်ဒါလျှောက်လွှာများ စတင်ရောင်းချ

မန္တလေး နိုဝင်ဘာ ၁၅

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆက်သွယ်ရေးကွန်ရက်ပိုမိုကောင်းမွန်လာစေရန် Monopole ဆက်သွယ်ရေးတိုင်များ တည်ဆောက်ခွင့်အတွက် တင်ဒါလျှောက်လွှာများ စတင်ရောင်းချနေပြီဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနမှူး ဦးဇော်ဝင်းက ပြောသည်။

မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဆက်သွယ်ရေးဌာနနှင့် တင်ဒါအောင်မြင်မည့် ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး တင်ဒါအောင်မြင်သောကုမ္ပဏီက ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။

"နိုင်ငံတကာနဲ့ ချိတ်ဆက်လုပ်ကိုင်တဲ့နေရာမှာ Online နဲ့ အလုပ်လုပ်နေရတော့ လက်ရှိတိုင်တွေနဲ့ မလုံလောက်လို့ ထပ်မံတိုးချဲ့လုပ်ဆောင်တာဖြစ်တယ်။ Monopole တိုင်တွေ ထောင်လိုက်တဲ့အတွက် ဆက်သွယ်ရေးတွေ ပိုကောင်းလာမယ်" ဟု ၎င်းက ပြောသည်။ "မြို့ပေါ်မှာ ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံမှု(Coverage)ကောင်းမွန်ပြီး မြို့တော်ထိုစိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာပါ။ မြန်မာနိုင်ငံမှာက အဓိက ဆက်သွယ်ရေးကွန်ရက်များဖြစ်တဲ့ အော်ရီဒူး၊ MPT နဲ့ တယ်လီနောကုမ္ပဏီတွေက ကမ်းလှမ်းလာရင် ငှားပေးမှာဖြစ်တယ်" ဟု ၎င်းကပြောသည်။

အများပြည်သူအတွက် Information ပေးရာတွင် လျင်မြန်ရန်နှင့် မကြာမီ အကောင်အထည်ဖော်တော့မည့် BRT စနစ်ဖြင့် ဘတ်စ်ကားများပြေးဆွဲရာတွင် အထောက်အပံ့ရရှိစေရန် စသည့်အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးစေ့းချိမှု အထည်လက်ကားဖြန့်ချိသူဒေါ်နီနီက "စေ့းချိအတွင်းထဲ ဆိုင်ခန်းတွေမှာ ဖုန်းလိုင်းမမိလို့ အင်တာနက်မရတာလည်း ရှိတယ်။ဆက်သွယ်ရေးကောင်းဖို့ အခုလိုတိုးချဲ့လိုက်တာ ကောင်းတယ်။ နယ်ဒေသတွေနဲ့ အရောင်းအဝယ်လုပ်ဖို့ ဆက်သွယ်ရတော့ ဖုန်းလိုင်းမကောင်းရင်မဖြစ်ဘူး" ဟု ဆိုသည်။

လျှောက်လွှာများကို နိုဝင်ဘာ ၁၅ ရက်မှ ၁၈ ရက်ထိ ရောင်းချမည်ဖြစ်ပြီး အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်းနှင့် တင်ဒါဖွင့်မည့်ရက်ကို အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မိုးညှင်းမြို့ မြို့ရှောင်လမ်းအနီးတွင် အဝေးပြေးကားဂိတ်ဝင်း တည်ဆောက်ရန် မြေနေရာရှင်းလင်း

မိုးညှင်း နိုဝင်ဘာ ၁၅။ ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ရှောင်လမ်းအနီးတွင် အဝေးပြေးကားဂိတ်ဝင်း တည်ဆောက်ရန်မြေနေရာရှင်းလင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၅ ရက် နံနက် ၈ နာရီကစတင်ကာ စက်ယန္တရားများဖြင့် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို ပြည်နယ်အစိုးရအဖွဲ့ထံမှ မိုးညှင်းဒေသ ရှမ်းနီဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့ကြောင်း၊ မိုးညှင်းဒီဂရီကောလိပ်အရှေ့ဘက် မြို့ရှောင်ကွင်းလမ်း ကို မေးတင်လျက် အရှည်ပေ ၁၀၀၀၊ အနံပေ ၄၅၀၊ စုစုပေါင်း ၁၀ ဧက အကျယ်အဝန်းရှိကြောင်း၊ ယင်းယာဉ်ရပ်နားစခန်းအတွင်းတွင် အုပ်ချုပ်ရေးမှူးရုံး တစ်ရုံး၊ သုံးထပ်ဟိုတယ် တစ်လုံး၊ စက်သုံးဆိုအရောင်းဆိုင် တစ်ဆိုင်၊ နှစ်ထပ်အဆောက်အအုံ ဈေးဆိုင်ခန်းပေါင်း ၂၀၀ ခန့် အပါအဝင် အဆောက်အအုံများကို သုံးနှစ်စီမံကိန်း လုပ်ကိုင်ဆောင်ရွက်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖိတ်ခေါ်ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း မိုးညှင်းဒေသ ရှမ်းနီဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးစံလွင်က ပြောသည်။ **နီတိုး**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ အမှုဆောင်အရာရှိချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ အမှုဆောင်အရာရှိချုပ် မစ္စတာ အလက်ဇန္ဒားဖဲလ်မင်း ဦးဆောင်သော အမေရိကန် စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ စီးပွားရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီ အမှုဆောင်အရာရှိချုပ် ဦးဆောင်သော အမေရိကန် စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

မြန်မာ - အမေရိကန် ပထမအကြိမ် မိတ်ဖက်အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၅

မြန်မာ-အမေရိကန် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပထမအကြိမ် မိတ်ဖက်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ နိုင်ငံဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာရှယ်လ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Patrick Murphy နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

Road Safety အကောင်အထည်ဖော်နိုင်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေးဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း Suu Foundation's High Level Panel မှ Professor Fred Wegman နှင့် အဖွဲ့အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင်အဆောင်အမှတ် (I-9) အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ Road Safety အကောင်အထည်ဖော်နိုင်ရေးအတွက် လက်ရှိအသုံးပြုနေသည့် အရည်အသွေးမြင့် လမ်းများဖြစ်အောင် စံချိန်စံညွှန်းပြည့်မီစေရေးအတွက် လိုအပ်နေမှုများ၊ မော်တော်ယာဉ် အသုံးပြုသွားလာနေသူများ၏ သတိထားဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့်လည်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာမှုရှိစေရေး ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားနိုင်ရေးများအပြင် လွှတ်တော်မှလည်း Road Safety အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည့် ကဏ္ဍအလိုက် ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

စားသောက်ဆိုင်များနှင့် လမ်းဘေးစားသောက်ဆိုင်များ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်စွာပြင်ဆင်ရောင်းချနိုင်ရေး အသိပညာပေးခြင်းနှင့် ညှိနှိုင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၅

စားသောက်ဆိုင်များနှင့် လမ်းဘေးစားသောက်ဆိုင်များတွင် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်စွာပြင်ဆင်ရောင်းချနိုင်ရေး အသိပညာပေးခြင်းနှင့် ညှိနှိုင်းဆွေးနွေးပွဲကို နေပြည်တော်ရှိ Grand Amara ဟိုတယ်တွင် ယနေ့ နံနက်ပိုင်းက ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ဒေါက်တာသန်းထွဋ်က လူအများနေ့စဉ်စားသောက်နေသည့် အစားအသောက်များထဲတွင် အထူးသဖြင့် လမ်းဘေးစားသောက်ဆိုင်များနှင့် လှည့်လည်ရောင်းချနေသည့် ပျံကျဈေးသည်များ ရောင်းချနေသည့် အစားအသောက်များသည် စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပြည်သူများ ယုံကြည်စိတ်ချစွာ စားသုံးနိုင်ရန် အစဉ်တစိုက် ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားရန် လိုကြောင်း၊ နှီးနှဲယဉ်ဌာနများ၊ အဖွဲ့အစည်းများ၊ လမ်းဘေးဈေးသည်များ၊ ပြည်သူများနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ရန်နှင့် လမ်းဘေးဈေးသည်များနှင့် စားသောက်ဆိုင်များကလည်း ဘေးကင်းသန့်ရှင်းပြီး မှန်ကန်စွာ ချက်ပြုတ်ပြင်ဆင် တည်ခင်း/ဖြန့်ဖြူးရောင်းချရန်၊ ပြည်သူများအနေဖြင့်လည်း မှန်ကန်စွာ ရွေးချယ်ဝယ်ယူစားသောက်သင့်ကြောင်း၊ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ပညာရှင်များ၏ အကြံပြု၍ ညှိနှိုင်းပူးပေါင်း ဆွေးနွေးစေလိုပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကောင်းမွန်စွာ ထုတ်လုပ်မှု အလေ့အကျင့်ကောင်း (GMP)ကဲ့သို့ လမ်းဘေးအစားအသောက်များသည်လည်း အစားအသောက် ကွင်းဆက်တစ်ခုလုံး အလေ့အကျင့်ကောင်းများဖြင့် ချက်ပြုတ်ပြင်ဆင် တည်ခင်းရောင်းချလာစေရန် စနစ်တကျ Guideline များဖြင့် အချိန်ယူ၍ လုပ်ဆောင်သွားနိုင်ရန်၊ နိုင်ငံတော်မှ တိကျသော ဆုံးဖြတ်ချက်များ၊ ယနေ့ဆွေးနွေးပွဲ ဆုံးဖြတ်ချက်များဖြင့် Safety and Hygene guideline များချမှတ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ပညာပေးလုပ်ဆောင်သွားရန်၊ အစားအသောက်များ စစ်ဆေးခြင်း ပြုလုပ်သွားရန်၊ အမျိုးသားကျန်းမာရေးကော်မတီတွင် ပြည်သူ့ကိုယ်စားလှယ်များ၊ ရှေ့နေချုပ်ရုံး၊ သက်ဆိုင်ရာ အာဏာပိုင်များ၊ ဒေသဆိုင်ရာ အစာနှင့် ဆေးဝါးကော်မတီများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တာဝန်များသတ်မှတ်၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ယခု အစိုးရသစ် လက်ထက်တွင် ခြောက်လစီမံချက်ချ၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သို့ အဆင့်ဆင့် တင်ပြဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဒေါက်တာသန်းထွဋ်က ပြောကြားသည်။

ဆွေးနွေးပွဲသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စားသုံးသူများသမဂ္ဂနှင့် INGO နှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ညနေပိုင်းအထိ တက်ရောက်အကြံပြု ဆွေးနွေးကြသည်။

(သတင်းစဉ်)

တန်ဆောင်မုန်းလပြည့်နေ့က အပျော်အပါးလွန်ကဲမှုကြောင့် မန္တလေးဆေးရုံကြီးသို့ ရောက်ရှိကုသသူ ၂၀၀ ကျော်ရှိ

မန္တလေး နိုဝင်ဘာ ၁၅

မန္တလေးမြို့ပတ်ဝန်းကျင်တွင် တန်ဆောင်မုန်းလပြည့်နေ့က သွားလာသူများနှင့် အပျော်အပါးလွန်ကဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိကာ မန္တလေးအထွေထွေ ရောဂါကု ဆေးရုံကြီး ပြင်ပလူနာဌာနသို့ ရောက်ရှိလာသူပေါင်း ၂၀၂ ဦး ရှိကြောင်း ယင်းဌာန သူနာပြုဆရာကြီး ဦးသိန်းလှထွန်းက ပြောသည်။

"အပျော်လွန်ပြီး ယာဉ်ကို မဆင်မခြင်မောင်းလို့နဲ့ ရန်ဖြစ်ရာက ထိခိုက်ဒဏ်ရာရပြီး ရောက်လာကြတယ်။ ရောက်လာရင် အရင်ဆုံး အသက်ကယ်ဖို့လုပ်တယ်။ လိုအပ်တဲ့ဆေးထည့်တာတို့ ပတ်တီးစည်းတာတွေကို သူနာပြုလုပ်ငန်းတွေ အရင်လုပ်ပေးတယ်။ ပြီးမှ ဆရာဝန်များက လိုအပ်သလို ကုသမှုဆက်လုပ်တယ်"ဟု ၎င်းက ပြောသည်။

ပြင်ပလူနာဌာနသို့ ရောက်ရှိလာသူများမှာ ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသား ၁၁၀ နှင့် အမျိုးသမီး ၂၃ ဦး၊ ပွဲတော်တွင် ရန်ဖြစ်ရာမှ ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသား ၆၀ နှင့် အမျိုးသမီး ကိုဦး စုစုပေါင်း ၂၀၂ ဦးဖြစ်ပြီး ထိုနေ့က ဆေးရုံသို့ ရောက်ရှိလာသူများအနက် ဦးနှောက်ခွဲစိတ်သူ ၂၄ ဦး၊ ထိခိုက်ဒဏ်ရာရသူ ၄၃ ဦးနှင့် မျက်နှာမေးရိုးခွဲစိတ်သူ တစ်ဦး တက်ရောက်ကုသနေကြောင်း သိရသည်။

"ပွဲတော်ရက်မှာ ထိခိုက်ဒဏ်ရာရသူက အရင်ထက်ပိုများတယ်။ ပွဲတော်ရက်မှာ မန္တလေးမြို့ပေါ်မှာမဖြစ်ဘဲ အနီးအနားမြို့တွေကိုသွားကြရင်း အပျော်လွန်ရာက ဖြစ်လာကြတာ။ အရေးပေါ်အသက်ကယ်စရာရှိရင် ကယ်မယ်။ ဓာတ်မှန်ရိုက်တာတို့လုပ်တယ်။ ဆေးရုံတက်ဖို့လိုရင် တင်ပေးတယ်"ဟု ဆက်လက်ပြောကြားသည်။ ယခုနှစ် ထိခိုက်ဒဏ်ရာရရှိမှုမှာ ရာသီဥတုအခြေအနေကြောင့် မိုးရွာသွန်းမှုများဖြစ်ပွားခဲ့ရာက ယခင်နှစ်ထက် ပိုမိုဖြစ်ပွားခဲ့ကြောင်းနှင့် အပျော်လွန်၍ နောက်ဆက်တွဲဖြစ်ပွားနိုင်သည့် ထိခိုက်မှုများမရှိရန် ဆင်ခြင်သင့်ကြောင့် အကြံပြုပြောဆိုခဲ့သည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

နေပြည်တော် နိုဝင်ဘာ ၁၅ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားများထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၅

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ချိုအား US-ASEAN Business Council မှ President & CEO ဖြစ်သူ Mr. Alexander Feldman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ ယနေ့နံနက် ၉ နာရီတွင်လည်းကောင်း၊ Japan-Myanmar Association မှ Chairman ဖြစ်သူ Mr. Hideo Watanabe ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့မှ နံနက် ၁၁နာရီတွင်လည်းကောင်း ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံခဲ့သည်။

US-ASEAN Business Council ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာတွင် နိုင်ငံပိုင်စက်ရုံများကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ လယ်ယာသုံး စက်ပစ္စည်းကိရိယာများ ထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားများထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်ရေးစသည့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများအပြင် စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် စက်မှုသက်မွေးပညာသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒရေးရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

Japan-Myanmar Association ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်နှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံးစက်ပစ္စည်းကိရိယာများနှင့် Component Parts များ ထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ Japan-Myanmar နှစ်နိုင်ငံပူးပေါင်း၍ စက်မှုသက်မွေးပညာသင်တန်းကျောင်းသစ်တစ်ခု ဖွင့်လှစ်ထူထောင်နိုင်ရေး၊ သက်မွေးပညာ သင်တန်းကျောင်းများ (TVET)များတွင် On The Job Training များပေးနိုင်ရေးအတွက် Internship Program များဆောင်ရွက်သွားနိုင်ရေး၊ မော်တော်ယာဉ်စစ်ဆေးသည့် ခေတ်မီနည်းပညာများ ပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များနှင့် ဂျပန်နိုင်ငံ၏ SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုအတွေ့အကြုံများနှင့် မူဝါဒဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို US-ASEAN Business Council မှ President & CEO ဖြစ်သူ Mr. Alexander Feldman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံစဉ် (သတင်းစဉ်)

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ စစ်တွေမြို့သို့ရောက်ရှိ

စစ်တွေ နိုဝင်ဘာ ၁၅

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့မှ အဖွဲ့ဝင် ခုနစ်ဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ထွက်ခွာရာ စစ်တွေမြို့သို့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

ကော်မရှင်အဖွဲ့ဝင်များမှာ ဦးဝင်းမြ၊ ဒေါက်တာသာလှရွှေ၊ မစ္စလက်တီတီရာ ဗန်ဒန်အာဆမ်၊ ဦးအေးလွင်၊ ဒေါက်တာမြသီတာ၊ ဦးခင်မောင်လေး၊ ဒေါ်ခင်စောတင့်တို့ဖြစ်ပြီး မွန်းလွဲ ၁ နာရီ ၅၀ မိနစ်တွင် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့နှင့် လည်းကောင်း၊ ညနေ ၃ နာရီ ၄၅ မိနစ်တွင် စစ်တွေဟိုတယ်ခန်းမ၌ စစ်တွေမြို့ မြို့မိမြို့ဖ ဦးမောင်သာစိန် ဦးဆောင်သော အဖွဲ့ဝင်ကိုးဦးနှင့်လည်းကောင်း၊ စစ်တွေမြို့နယ် ဘင်္ဂါလီရပ်မိရပ်ဖ ဦးကျော်လှအောင် ဦးဆောင်သော အဖွဲ့ဝင်ငါးဦးနှင့် လည်းကောင်း တွေ့ဆုံခဲ့သည်။

အဆိုပါကော်မရှင်အဖွဲ့သည် နိုဝင်ဘာ ၁၆ ရက်တွင် စစ်တွေမြို့ရှိ ကျေးရွာများနှင့် ကယ်ဆယ်ရေးစခန်းများသို့သွားရောက်၍ လူမှုအသိုက်အဝန်းနှစ်ခုမှ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ ဒေသခံများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း (ခရိုင် ပြန်/ဆက်)**

ကောက်စောစပါးများ အခြေခံဈေးနှုန်း သတ်မှတ်ဝယ်ယူနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၅

ယခုနှစ် ရိတ်သိမ်းခြွေလှေ့လျက်ရှိသည့် ကောက်စောစပါးများ ဈေးနှုန်းနိမ့်ကျနေမှုကြောင့် တောင်သူလယ်သမားများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်ထက် နိမ့်သည့်ဝင်ငွေသာ ပြန်လည်ရရှိမှုမျိုး မဖြစ်ပေါ်စေရန်အတွက် စပါးဈေးနှုန်း သတ်မှတ်ဝယ်ယူပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တောင်သူလယ်သမားများအတွက် လိုအပ်သည့်မျိုး၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များအပေါ် ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးမှုကိုလည်း ယနေ့ မွန်းလွဲ ၁ နာရီက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ ၁/၂၀၁၆ ကြိမ်မြောက် အစည်းအဝေးတွင် ပြုလုပ်ခဲ့ကြသည်။

အစည်းအဝေးတွင် ၂၀၁၆ ခုနှစ် စိုက်ပျိုးထုတ်လုပ်သည့် မိုးစပါးများအား အစိုမာတ် ၁၄ ရှိ ၄၆ ပေါင်ကိုက်စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၃ ဒသမ ၈ သိန်းနှုန်းဖြင့် အခြေခံဈေးနှုန်း သတ်မှတ်ရန်ညှိနှိုင်းရရှိခဲ့ရာ ယင်းဈေးနှုန်းသည် ပြင်ပတွင် စပါးအရောင်းအဝယ် လက်ရှိပြုလုပ်နေသည့် ပေါင် ၅၀ ကိုက်တင်းနှင့် ဆိုပါက စပါးတင်း ၁၀၀လျှင် ၄၁၃၀၀၀နှုန်းနှင့်ညီမျှသဖြင့် ယင်းဈေးနှုန်းအတိုင်း သတ်မှတ်ပေးနိုင်ပါက တောင်သူလယ်သမားများအတွက် စိတ်တိုင်းကျပြီး တွက်ခြေကိုက်နိုင်သည့် ဈေးနှုန်းဖြစ်သည်ဟု ဆန်းစပါးဆိုင်ရာ ကျွမ်းကျင်သူများထံမှ သိရသည်။

လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ၊ တောင်သူလယ်သမားများ နည်းပညာအပြည့်အဝရရှိစေရေး၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများ လွယ်ကူအဆင်ပြေစွာ ပံ့ပိုးနိုင်ရေးနှင့် လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသော ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အစည်းအဝေးသို့ အဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းကဏ္ဍအလိုက် ကုန်သည်အသင်းအဖွဲ့များမှပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ ***ကျောဖုံးမှ***

အမေရိကန်ဒေါ်လာသန်းပေါင်း ၄၅၆ သန်းအပါအဝင် ကျပ်ငွေ ၆၆၉ ဘီလီယံကျော်ရှိကြောင်း သိရသည်။

ယခုနိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂၁/၂၀၁၆) အစည်းအဝေးတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အရေအတွက် ငါးခု ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၈ ဒသမ ၀၈၄ သန်းရှိကာ အလုပ်အကိုင် ၁၂၈၉ ခု ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ခွင့်ပြုလုပ်ငန်းငါးခုတွင် စက်မှုလုပ်ငန်း သုံးခု၊ အခြား ဝန်ဆောင်မှုလုပ်ငန်း တစ်ခုနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကဏ္ဍလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုခွင့်ပြုပေးခဲ့ပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်း တစ်ခုနှင့် အခြားဝန်ဆောင်မှုလုပ်ငန်း တစ်ခုဖြစ်ကြောင်း၊ အလုပ်အကိုင် အားဖြင့် အလုပ်အကိုင်နေရာပေါင်း ၁၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုပေးရာတွင် လုပ်ငန်း၏စီးပွားရေးတွက်ခြေကိုက်မှု၊ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မှု အမျိုးသားဝင်ငွေနှင့် အခွန်တိုးတက်ရရှိမှု၊ ပြည်တွင်းပြည်ပစျေးကွက်အခြေအနေ၊ ပြည်တွင်းစားသုံးရန် လိုအပ်ချက်၊ နည်းပညာဆီလျော်မှု၊ တီထွင်ဆန်းသစ်မှု၊ နည်းပညာလွှဲပြောင်းရရှိမှု၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ထိန်းသိမ်းကာကွယ်ရေး ဆောင်ရွက်မှု အစီအမံများ၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဖြစ်ခြင်းနှင့် တည်ဆဲဥပဒေများကို လိုက်နာခြင်းစသည့် အချက်များအား အခြေခံ၍ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၁၂၀၀၀ ကျော်နှင့် ပြည်တွင်း အလုပ်နေရာ ၁၈၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်နေပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် အွန်လိုင်းမှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ **၂၀၁၆ ခုနှစ် အောက်တိုဘာလ**အတွင်း အောက်ဖော်ပြပါအတိုင်း အလုပ်အကိုင်များ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၆ခုနှစ်၊အောက်တိုဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ပြည်တွင်းအလုပ်အကိုင်ရရှိမှုအခြေအနေ

စဉ်	ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်	အလုပ်ရ			မှတ်ချက်
		အစိုးရ	ပုဂ္ဂလိက	စုစုပေါင်း	
၁။	ပြည်ထောင်စုနယ်မြေ	၁၁၂	၁	၁၁၃	
၂။	ရန်ကုန်တိုင်းဒေသကြီး	၄၃၅	၁၃၈၇၃	၁၄၃၀၈	
၃။	ဧရာဝတီတိုင်းဒေသကြီး	၉၉	၂၇၁	၃၇၀	
၄။	ပဲခူးတိုင်းဒေသကြီး	၈၂	၇၇၁	၈၅၃	
၅။	မန္တလေးတိုင်းဒေသကြီး	၇၉	၉၉၇	၁၀၇၆	
၆။	စစ်ကိုင်းတိုင်းဒေသကြီး	၁၀၀	၄၇၃	၅၇၃	
၇။	မကွေးတိုင်းဒေသကြီး	၁၇၇	၄၂၄	၆၀၁	
၈။	တနင်္သာရီတိုင်းဒေသကြီး	၁၅၄	၁၀၇	၂၆၁	
၉။	ကချင်ပြည်နယ်	၄၃	၂၄	၆၇	
၁၀။	ကယားပြည်နယ်	၇	၉၃	၁၀၀	
၁၁။	ကရင်ပြည်နယ်	၁၀	၆၇	၇၇	
၁၂။	ချင်းပြည်နယ်	၂၀	၂	၂၂	
၁၃။	မွန်ပြည်နယ်	၆၅	၁၀၄	၁၆၉	
၁၄။	ရခိုင်ပြည်နယ်	၃၄	၉၀	၁၂၄	
၁၅။	ရှမ်းပြည်နယ်	၉၉	၁၃၂	၂၃၁	
စုစုပေါင်း		**၁၅၁၆**	**၁၇၄၂၉**	**၁၈၉၄၅**	

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင် အလုပ်ရရှိမှု အခြေအနေများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။

၂၀၁၆ခုနှစ်၊ အောက်တိုဘာလအတွင်း နိုင်ငံအလိုက်ပြည်ပအလုပ်အကိုင်ရရှိမှုအခြေအနေ

စဉ်	နိုင်ငံ	စေလွှတ်ဦးရေ	မှတ်ချက်
၁။	မလေးရှားနိုင်ငံ	၂၇၉၀ ဦး	
၂။	စင်ကာပူနိုင်ငံ	၃၆ ဦး	
၃။	ကိုရီးယားနိုင်ငံ	၃၅၇ ဦး	
၄။	ထိုင်းနိုင်ငံ	၉၄၄၃ ဦး	
၅။	ဂျပန်နိုင်ငံ	၂၉၇ ဦး	
၆။	ယူအေအီး	၃၄ ဦး	
၇။	ကာတာနိုင်ငံ	၁၃ ဦး	
စုစုပေါင်း		**၁၂၉၇၀ ဦး**	

(သတင်းစဉ်)

သိစေချင်လို့ ရှင်းပြချင်တာလေးတွေ

ရဲတင့်

ဟိုတလောက ရန်ကုန်မှာ ကျင်းပတဲ့ 5th Media Conference ကို တက်ရောက်လေ့လာခဲ့ပါတယ်။ အငြိမ်းစားယူပြီးပြီဆိုတော့ တိုက်ရိုက်မသက်ဆိုင်တော့ပေမယ့် ဆက်စပ်မှုလေးတွေရှိနေတော့ လိုအပ်ရင်လည်း ဝေဖန်၊ ရှင်းပြသင့်ရင် ရှင်းပြချင်တာပါပဲ။ အဲဒီမှာလည်း ဆွေးနွေးကြပါတယ်။ သတင်းမီဒီယာသမားတွေ တရားစွဲဆိုခံနေရတဲ့ကိစ္စ ရှင်းပြချင်လို့ လက်ထောင်ခဲ့ပေမယ့် အချိန်မရလို့ ကိုယ့်အလှည့်မရောက်ခဲ့ပါ။

သတင်းမီဒီယာကောင်စီ ရှိနေပါလျက်နဲ့၊ သတင်းမီဒီယာဥပဒေ ပြဋ္ဌာန်းထားပါလျက်နဲ့ ထစ်ခနဲဆို တရားစွဲနေကြတယ်ဆိုတဲ့ကိစ္စပေါ့။ သတင်းမီဒီယာဥပဒေပုဒ်မ ၂၁ မှာ သတင်းမီဒီယာသမားတစ်ဦးသည် ဥပဒေပါ တာဝန်နှင့် ကျင့်ဝတ်သိက္ခာ တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းယူဆလျှင် ရှေးဦးစွာ ကောင်စီသို့ တိုင်ကြားနိုင်သည်လို့ ပြဋ္ဌာန်းထားပါလျက်နဲ့ တရားရုံးမှာ တရားစွဲ စွဲနေကြတယ်လို့ တရားစွဲတဲ့သူတွေကို အပြစ်မြင်သဘောနဲ့ ဆွေးနွေးကြတယ်။

ဒါနဲ့ဆက်စပ်မှုရှိမယ်ထင်တယ်။ မနေ့တစ်နေ့က သတင်းစာတစ်စောင်မှာ သတင်းမီဒီယာဥပဒေကို အစိုးရအဖွဲ့အစည်းများ လိုက်နာမှုမရှိကြောင်း၊ သတင်းမီဒီယာလောကရဲ့ ဆရာသမားကြီးတစ်ယောက်က သုံးသပ်ပြောဆိုတဲ့ သတင်းကို ဖတ်လိုက်ရတယ်။ ကွန်ဖရင့်တုန်းက အချိန်မရလို့၊ အလှည့်မပေးလို့ ပြန်လှန်မဆွေးနွေးခဲ့ပေမယ့် ခုလိုသတင်းစာမှာ တိတိလင်းလင်းကြီးပါလာတော့ ရှင်းပြသင့်တယ်လို့ ရေးမိပါတယ်။ အဲဒီလိုရှင်းမပြမိခဲ့ရင် ဒီအတွေးအခေါ်ကြီးက မှန်နေသလားလို့ ထင်သွားကြလိမ့်မယ်ဆိုတဲ့ အတွေးလည်း ပါပါတယ်။

ကျွန်တော် ဥပဒေသမားမဟုတ်ပါ။ ဥပဒေကို ကျွမ်းကျွမ်းကျင်ကျင် နားမလည်ပါ။ သို့သော် ကျွန်တော်ဌာနအကြီးအကဲအဖြစ် တာဝန်ယူစဉ်က ကိုယ်တိုင်ပါဝင်ရေးဆွဲခဲ့တဲ့ ဒီသတင်းမီဒီယာဥပဒေအပေါ်မှာ ခုလိုအယူအဆကွဲလွဲတာတွေ့ရတော့ ရှင်းပြချင်မိပါတယ်။

အဲဒီကွန်ဖရင့်မှာပဲ တစ်ယောက်က ထဆွေးနွေးပါတယ်။ သတင်းမီဒီယာဥပဒေ လွှတ်တော်မှာ ဆွေးနွေးစဉ်က သူတို့လည်း လွှတ်တော်မှာ ပြောဆိုဆွေးနွေးတာပဲ။ ဒါပေမယ့် သူတို့ ပြောသလိုမဖြစ်ဘဲ ဝန်ကြီးဌာနက လိုချင်တဲ့အတိုင်းဖြစ်အောင် လုပ်သွားတယ်။ ဝန်ကြီးဌာနက လွှတ်တော်ကို အနိုင်ကျင့်သွားတယ်တဲ့။ ဒီအတိုင်းပြောသွားတယ်။ "ဒုက္ခပါပဲ" တကယ်သာ ဟုတ်ခဲ့ရင် တော်တော်အန္တရာယ်ကြီးမှာပဲလို့ လူတွေက တွေးမိကြမှာပါ။ တော်သေးတာပေါ့။ တကယ်တမ်းက သူပြောတာ ဟုတ်မှ မဟုတ်ဘဲ။

သတင်းမီဒီယာဥပဒေကို ရေးဆွဲဖို့ ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ စာနယ်ဇင်းကောင်စီ (ယာယီ)တို့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ ကြပါတယ်။ စာနယ်ဇင်းကောင်စီ (ယာယီ) ပြုစုတဲ့မူကြမ်းကို ၂၃-၈-၂၀၁၃ ရက်က အမျိုးသားလွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က တင်သွင်းခဲ့တာပါ။

သတင်းမီဒီယာဥပဒေကြမ်းအဖြစ်နဲ့ လွှတ်တော်အသီးသီးရဲ့ ဥပဒေကြမ်းကော်မတီများရဲ့ ရှေ့မှောက်မှာ တာဝန်ရှိတဲ့ ဝန်ကြီးဌာနကရော ရှေ့နေချုပ်ရုံးကရော အဲဒီတုန်းက စာနယ်ဇင်းကောင်စီ(ယာယီ)ရော တစ်ဖက်နဲ့တစ်ဖက် လိုချင်တာ၊ ပါချင်တာ၊ မပါချင်တာ၊ ဖြည့်စွက်ချင်တာ၊ ပယ်ဖျက်ချင်တာ၊ ဖြုတ်ချင်တာ၊ တိုးချင်တာ၊ မသင့်တော်တာ၊ သင့်တော်တာတွေ အမျိုးမျိုး အပြန်အလှန် အကြိမ်ပေါင်းများစွာ ဆွေးနွေးကြ၊ ငြင်းကြ၊ ခုံကြ၊ ပြင်ကြ၊ ဆင်ကြနဲ့ အများက လက်ခံသဘောတူလို့လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်တဲ့ဥပဒေပါ။ ဥပဒေကို ထိန်းသိမ်းဆောင်ရွက်ရမယ့် တာဝန်ရှိတဲ့ဌာနနဲ့ ဥပဒေကို လိုက်နာရမယ့် မီဒီယာသမားများအကြား အပေးအယူ၊ အလျှော့အတင်း၊ ညှိနှိုင်းဆွေးနွေးမှုတွေနဲ့ ဖြစ်သင့်တဲ့ အတိုင်းအတာကို အတည်ပြုခဲ့တဲ့ဥပဒေဆိုတာ ပထမဆုံး ရှင်းပြချင်ပါတယ်။

သို့သော် ယခုပြဋ္ဌာန်းနိုင်ပြီဖြစ်တဲ့ သတင်းမီဒီယာဥပဒေ အပါအဝင် မည်သည့်ဥပဒေမှ ပြီးပြည့်စုံသည့် ဥပဒေဟုမဆိုနိုင်ပါ။ အားနည်းချက်ကတော့ ရှိနိုင်ပါတယ်။

ဒီနေရာမှာ ဥပဒေမှာပါတဲ့ အချက်တစ်ချက်နဲ့ ပတ်သက်လို့ ပြင်ခဲ့ရတာကို ရှင်းပြချင်ပါတယ်။ အဲဒါကတော့ ပုဒ်မ ၂၁ ကို စာနယ်ဇင်းကောင်စီ(ယာယီ)ဘက်က မူလအဆိုပြုခဲ့တာက **"ရှေးဦးစွာ ကောင်စီသို့ တိုင်ကြားရမည်"**ပါ။ ဒါကို လွှတ်တော် ဥပဒေကြမ်းကော်မတီရှေ့မှောက်မှာ အချိန်အတော်ကြာကြာ ငြင်းခုံဆွေးနွေးခဲ့ကြရပါတယ်။ ဥပဒေကြမ်းကော်မတီမှာပါတဲ့ လွှတ်တော်ကိုယ်စားလှယ်အများစုက "ရမည်"ဆိုတာ မဖြစ်သင့်ကြောင်း၊ နစ်နာသူကာယကံရှင်ရဲ့ အခွင့်အရေးအတိုင်းသာ ဖြစ်သင့်ကြောင်း၊ သူတစ်ပါးအခွင့်အရေးကို မပိတ်ပင်သင့်ကြောင်း၊ ဟိုလိုလုပ်ရမယ်၊ ဒီလိုလုပ်ရမယ်လို့ ဥပဒေမှာ တရားသေ မပြဋ္ဌာန်းသင့်ကြောင်း၊ နစ်နာသူရဲ့သဘောဆန္ဒအတိုင်း တည်ဆဲ ဥပဒေများနှင့်အညီသာ ပြုလုပ်ခွင့်ပေးသင့်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ကြလို့ လွှတ်တော်ကလည်း ဒီအချက်ကပိုပြီး သင့်တော်မှန်ကန်မယ်လို့ ထင်လို့ "နိုင်သည်"ဆိုပြီး ဖြစ်ခဲ့ကြတာပါ။ ပြောချင်တာက ဝန်ကြီးဌာနက လွှတ်တော်ကို အနိုင်ကျင့်ခဲ့တာမဟုတ်ဘဲ ဒီမိုကရေစီနည်းကျကျ အများရဲ့သဘောတူညီချက်နဲ့ ဆောင်ရွက်ခဲ့တယ်ဆိုတာကိုပါ။

ဒါကြောင့် သတင်းမီဒီယာဖော်ပြချက် တစ်ခုခုကြောင့် "နစ်နာသော ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်"ဆိုရာမှာ တစ်ဦးချင်းတစ်ယောက်ချင်းမှအစ အဖွဲ့အစည်းတွေအထိပါ အကျုံးဝင်သလို အဲဒီအထဲမှာ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများလည်း ပါဝင်ပါတယ်။ ဒီနေရာမှာ နစ်နာသူဘက်က ထည့်စဉ်းစားရမှာပါ။ မီဒီယာတစ်ခုတည်းဘက်ကပဲ စဉ်းစားဖို့ဆိုတာ ဖြစ်သင့်၊ မဖြစ်သင့် စဉ်းစားကြည့်ရင် သိနိုင်မှာပါ။ တကယ်တမ်း တစ်ဖက်သတ်ပဲ စဉ်းစားတယ်ဆိုရင်တော့ တရားမျှတမှုရှိမှာ မဟုတ်ပါ။

နစ်နာသူက သူဘယ်လောက်အထိ နစ်နာသွားသလဲ၊ ဘယ်လောက်အထိ ထိခိုက်သွားသလဲဆိုတဲ့ပေါ်မှာ မူတည်ပြီး သူ့ဘာသာ ဆုံးဖြတ်လုပ်ဆောင်ခွင့်ရှိပါတယ်။ ဘာမှမလုပ်ဘဲ သည်းခံပြီးနေချင်လည်းနေမယ်၊ သွားပြီး ရန်ဖြစ်ချင်ရင်လည်း ဖြစ်မယ်၊ ကော်ဆဲချင်လည်း ဆဲမယ်၊ ကောင်စီကို တိုင်ချင်လည်း တိုင်မယ်၊ ဖွဲ့စည်းထားတဲ့ ကော်မတီတွေကို တိုင်ချင်လည်း တိုင်မယ်၊ တရားစွဲချင်လည်း စွဲမှာပဲ၊ ဒါကို သတင်းမီဒီယာကောင်စီ မတိုင်ဘဲနဲ့ ပုဂ္ဂလိကတွေရော အစိုးရရော သူတို့ဘာသာထတိုင်တာပေါ့ဆိုပြီး အစိုးရအဖွဲ့အစည်းများက သတင်းမီဒီယာဥပဒေကို လိုက်နာမှုမရှိဘူးလို့ စွပ်စွဲတာတော့ နည်းနည်း လွန်သွားမယ်ထင်တယ်။ ကောင်စီကို တိုင်ချင်တိုင်မယ်၊ မတိုင်ချင် မတိုင်ဘူး၊ တရားစွဲချင်စွဲမယ်၊ မစွဲချင်မစွဲဘူး။ ဒါကသတင်းမီဒီယာဥပဒေပုဒ်မ ၂၁ မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း လုံးဝလိုက်နာတာပါပဲ ဆိုတာ ရှင်းလင်းပါတယ်။

ဒီနေရာမှာ နစ်နာသူက သတင်းမီဒီယာဥပဒေနဲ့ စွဲချင်မှ စွဲမယ်။ သူနစ်နာတဲ့အလျောက် သက်ဆိုင်တဲ့၊ ဆက်စပ်ပတ်သက်တဲ့၊ ပိုပြီးထိရောက်မယ်ထင်တဲ့ ဥပဒေနဲ့အညီ တရားစွဲချင်စွဲမယ်။ ဒါနစ်နာသူရဲ့လုပ်ပိုင်ခွင့်ပါ။ ဦးဖုန်းမြင့်အောင်တင်တဲ့ ဥပဒေကြမ်းမှာတုန်းက ပုဒ်မ ၂၅ မှာ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွင်း တည်ထောင်ထားသော သတင်းမီဒီယာလုပ်ငန်းအားလုံးရှိ သတင်းမီဒီယာသမားတို့၏ တာဝန်၊ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုနှင့် တားမြစ်ချက်များ ချိုးဖောက်သည့် အမှုများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရသာ အရေးယူရပါမည်"လို့ ပါပါတယ်။ စဉ်းစားကြည့်ပါ။ နိုင်ငံသား တစ်ဦးချင်းရဲ့ ကိုယ်ပိုင် အခွင့်အရေးကို ဒီလိုချုပ်ချယ်သင့်ပါသလား။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်တွေက စဉ်းစားပြီး အဲဒီဥပဒေကြမ်းကို စတင်ပြီးတင်ခဲ့တဲ့ အဲဒီအမျိုးသားလွှတ်တော်ကပဲ အဲဒီမူကြမ်း ပုဒ်မကိုပယ်ဖျက်ခဲ့တာပါ။ ဥပဒေပြဋ္ဌာန်းတော့ အဲဒီပြဋ္ဌာန်းချက် မပါတော့ပါဘူး။ ဒါကနေရာတကာမှာ ထစ်ခနဲဆို အစိုးရအဖွဲ့ အစည်းကိုပဲ အပြစ်ဖို့ချင်နေကြသူများ သိစေဖို့ သာဓကတစ်ခုပါ။

ဒါကြောင့် နစ်နာသူက သူနစ်နာသလောက် သူကျေနပ်တဲ့အထိ တည်ဆဲဥပဒေတစ်ရပ်ရပ်နဲ့ အရေးယူတာ၊ တရားစွဲတာ ဥပဒေနဲ့ညီပါတယ်။ ဥပဒေပြဋ္ဌာန်းချက် အတိုင်းပါပဲ။ အစိုးရနဲ့ နစ်နာသူ ပုဂ္ဂလိကတွေကပဲ တရားစွဲတဲ့အလေ့အကျင့် လုပ်နေသလား၊ မီဒီယာသမားတွေအချင်းချင်းကရော တရားစွဲတာမရှိကြတော့ဘူးလား။ နောက်တစ်ခုက အစိုးရကရော မီဒီယာတွေရဲ့ ချို့ယွင်းအားနည်းချက်တွေကို ပြုပြင်ထိန်းသိမ်းပေးဖို့ ကောင်စီကို ညှိနှိုင်းတာမျိုးတစ်ခါမှ မရှိခဲ့ဘူးလား။ ကိုယ်တိုင်လုပ်ဆောင်ခဲ့ရလို့ စာနယ်ဇင်းကောင်စီ(ယာယီ)ကို အကြိမ်ကြိမ် ညှိနှိုင်းခဲ့ဖူးတဲ့ သာဓကတွေ အများကြီးရှိပါတယ်။

ဒီနေရာမှာ ကြုံကြိုက်လို့ အခုလိုပြဿနာတွေ ဖြစ်ရတဲ့ အကြောင်းရင်းတွေနဲ့ ဆက်စပ်ပြီး တစ်ချက်ရှင်းပြချင်ပါတယ်။ သတင်းမီဒီယာဥပဒေပုဒ်မ ၄၊ ၅၊ ၆၊ ၇၊ ၈ တွေမှာ သတင်းမီဒီယာသမားတွေရဲ့အခွင့်အရေးများ ပြဋ္ဌာန်းထားသလို သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်ကိုလည်း ပုဒ်မ ၉ အဖြစ် အချက်(၉)ချက်နဲ့ ပြဋ္ဌာန်းထားပါတယ်။ မမှန်တဲ့သတင်း မဖြစ်ဖို့ အရေးကြီးပါတယ်။ တိကျမှန်ကန်ဖို့ တတ်နိုင်သမျှ စိစစ်ပြီးမှ ရေးရပါမယ်။ ဒါတွေကို အတိအလင်းဖော်ပြထားပြီး သားပါ။

နောက်တစ်ခုက ဝေဖန်ထောက်ပြ၊ အကြံပြုတာနဲ့ ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုရဲ့ ဂုဏ်သိက္ခာကို တမင်ထိခိုက်စေသော အရေးအသား၊ လူ့အခွင့်အရေးကို ထိခိုက်စေသော အရေးအသားမျိုးဆိုတာ လုံးဝမတူပါဘူး။ ဒါကို ရောကျိတ်ပြီး၊ ကိုယ်လိုချင်တာတွေးပြီး တခြားလူ လုပ်ပိုင်ခွင့်ရှိတဲ့ အခွင့်အရေးကို လုပ်တာကို လွန်တယ်လို့ မထင်ကြစေချင်ပါဘူး။

နစ်နာရင် နစ်နာသူက နစ်နာသလောက် လုပ်ပါလိမ့်မယ်။ လွတ်လပ်တာနဲ့ စော်ကားတာ၊ လွတ်လပ်တာနဲ့ ပုတ်ခတ်တာ၊ လွတ်လပ်တာနဲ့ သိက္ခာချတာ လုံးဝမတူပါဘူး။ မီဒီယာသမားကို ထိခိုက်နေလို့ ဟိုဥပဒေဖျက်သင့်တယ်၊ ဒီဥပဒေပြင်သင့်တယ် ဆိုတာမျိုးကလည်း ကြုံတိုင်းကြုံတိုင်း ပြောသင့်တဲ့စကားတွေတော့ မဟုတ်ပါဘူး။ ဘယ်ကိစ္စမဆို အရာရာကို ရှုထောင့်အမျိုးမျိုးက၊ ဘက်ပေါင်းစုံကနေ စဉ်းစားဆင်ခြင်ပြီး ဆောင်ရွက်သင့်ပါတယ်။ တကယ်တော့ ဥပဒေဆိုတာ အထိန်းအကွပ်ပါ။ လိုက်နာရင် ဘာမှမဖြစ်ပါ။ ဒီနေ့ အရေးယူမခံရတဲ့ မီဒီယာသမားတွေ၊ မီဒီယာဌာနတွေ၊ ဂျာနယ်တွေ၊ သတင်းစာတွေ အများကြီးပါ။ သူတို့ ဘာလို့ အမှုအခင်းတွေ မဖြစ်ကြလဲ၊ ရှင်းပါတယ်။ သူတို့ရဲ့တာဝန်နဲ့ ကျင့်ဝတ်တွေအတိုင်း လုပ်နေကြလို့ပါ။ ဒါကို ကျော်လွန်ပြီး မလိုက်နာရင်တော့ ဥပဒေအတိုင်းပဲ ရင်ဆိုင်ကြရမှာပဲ။

တကယ်တော့ ကျွန်တော် ဒီဆောင်းပါးကို မည်သူ့ကိုမျှ ပုဂ္ဂိုလ်ရေးအရ ထိခိုက်စော်ကားစေချင်တဲ့ဆန္ဒနဲ့ ရေးသားရခြင်း မဟုတ်ပါဘူး။ သတင်းမီဒီယာဥပဒေ ဖြစ်ပေါ်လာပုံ၊ နောက်ဥပဒေပါ အကြောင်းအချက်များအပေါ် အချို့လူတွေက နားလည်မှု လွဲနေတာလေးတွေရှိရင် အမှန်ကို မြင်စေချင်တဲ့ဆန္ဒ တစ်ခုတည်းပါ။ ဘယ်သူ့ တိုက်တွန်းချက်နဲ့မှ ရေးတာမဟုတ်လို့ ကိုယ့်လိပ်ပြာ ကိုယ်လုံပါတယ်။ ကျွန်တော်က အခုအငြိမ်းစားပါ။ ဒါပေမယ့် ဒီကိစ္စရပ်တွေမှာ ကိုယ်တိုင် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်ခဲ့ဖူးသူတစ်ယောက်အနေနဲ့ တာဝန်ရှိတယ်ထင်လို့ ရှင်းပြခြင်းသာဖြစ်ပါတယ်။

တကယ်တော့ ဥပဒေအထက်မှာ ဘယ်သူမှ မရှိပါဘူး။ ဒီအထဲမှာလည်း သတင်းမီဒီယာသမားများလည်း ပါဝင်ကြောင်းပါ။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

ဝေဖန်ထောက်ပြ၊ အကြံပြုတာနဲ့ ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုရဲ့ ဂုဏ်သိက္ခာကို တမင်ထိခိုက်စေသော အရေးအသား၊ လူ့အခွင့်အရေးကို ထိခိုက်စေသော အရေးအသားမျိုးဆိုတာ လုံးဝမတူပါဘူး။ ဒါကိုရော ကျိတ်ပြီး၊ ကိုယ်လိုချင်တာတွေးပြီး တခြားလူ လုပ်ပိုင်ခွင့်ရှိတဲ့ အခွင့်အရေးကို လုပ်တာကို လွန်တယ်လို့ မထင်ကြစေချင်

လူငယ်စာပေ အသိဉာဏ်မြှင့်တင်ရေး စာပေဟောပြော

ဒလ နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် နှောင်ကြိုးမဲ့ ပရဟိတသူငယ်ချင်းများ ဒလမြို့နယ်၏ နှစ်နှစ်ပြည့်အထိမ်းအမှတ်ဖြင့် လူငယ်စာပေအသိဉာဏ်မြှင့်တင်ရေး စာပေဟောပြောပွဲအား နိုဝင်ဘာ ၁၃ ရက် ည ၈ နာရီက ကားကြီးဝင်းအတွင်း၌ ပြုလုပ်ခဲ့သည်။

စာပေဟောပြောပွဲမစမီ နှောင်ကြိုးမဲ့ ပရဟိတသူငယ်ချင်းများ ဒလမြို့နယ်၏ ဥက္ကဋ္ဌဦးသားကြီးက ပရဟိတအသင်းစတင်ဖွဲ့စည်းတည်ထောင်ဖြစ်ပုံ၊ ပရဟိတအသင်းမှ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက စာပေဖတ်ရှုခြင်း၊ စာပေဟောပြောသူတို့၏ စာပေစကားများအား နားထောင်ခြင်းဖြင့်လည်းကောင်း အသိပညာရရှိနိုင်မှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာကြီး ချစ်ဦးညိုက ဒလမှချစ်ဦးညိုသို့ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာဦးဘုန်း(ဓာတု)မှ ဖယောင်းတိုင်လေးများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီဗေလုဝက မြန်မာပြည်နိဒါန်း ခေါင်းစဉ်ဖြင့်လည်းကောင်း ဗဟုသုတဖြစ်ဖွယ်များကို ဟောပြောခဲ့သည်။ နှောင်ကြိုးမဲ့ ပရဟိတ သူငယ်ချင်းများ (ဒလမြို့နယ်)သည် သောက်သုံးရေရှားပါးသည့် ဒေသများတွင် သောက်သုံးရေများ လှူဒါန်းခြင်း၊ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ခြင်းနှင့် အခြားသော ပရဟိတလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိပြီး အကူအညီများလိုအပ်ပါက ဆက်သွယ်နိုင်ကြောင်းသိရသည်။

မောင်ယဉ်ဦး(ဒလ)

မောင်တောမြို့နယ် အနှံ့အပြား၌ စပါးရိတ်သိမ်းခြွေလှေ့မှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိ

သတင်း- ကိုသက်နှင့်အဖွဲ့
ဓာတ်ပုံ- မင်းထက်၊ ဖိုးထောင်

မောင်တော နိုဝင်ဘာ ၁၅

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အနှံ့အပြားတွင် စပါးများ ရင့်မှည့်နေပြီဖြစ်၍ ရိတ်သိမ်းခြွေလှေ့မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ မိသားစုက လယ်ယာလုပ်ငန်း တစ်ခုတည်းနဲ့ပဲ အသက်မွေးဝမ်းကျောင်း ပြုနေရတာပါ။ ကျွန်တော်တို့ မိသားစုပိုင်တာ လယ်ဧက ၂၀ ရှိပါတယ်။ တစ်ဧက အထွက်နှုန်းကတော့ စပါးတင်း ၅၀၊၆၀ ဝန်းကျင်လောက် ထွက်ပါတယ်။ တစ်နှစ်ဆိုရင် စပါးတင်း စုစုပေါင်း တစ်ထောင်ကျော် ဝန်းကျင်လောက်တော့ ရတာပေါ့။ အခုနောက်ပိုင်း မိုးစပါးအထွက်နှုန်းက လျော့သွားတယ်။ အရင်ကဆို အထွက်နှုန်း ဒီထက်ပိုများပါတယ်"ဟု မောင်တောမြို့နယ် မြို့သူကြီးကျေးရွာမှ လယ်သမားတစ်ဦးက ပြောသည်။

မောင်တောခရိုင်တွင် လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြကြောင်းနှင့် မိုးစပါးများ ရိတ်သိမ်းပြီးပါက ဆောင်းသီးနှံများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြောင်း၊ ဆောင်းသီးနှံအနေဖြင့် ပဲအမျိုးမျိုး၊ ငရုတ်၊ ခရမ်းသီး၊ ခရမ်းချဉ်သီး စသည်တို့ကို စိုက်ပျိုးကြကြောင်း သိရသည်။

"ဒီနှစ်မိုးစပါးစိုက်တာ စုစုပေါင်း ၁၄ ဧက ရှိပါတယ်။ ကျွန်တော်က ကိုယ်ပိုင် လယ်မြေမရှိပါဘူး။ သူများဆီက အငှားယူ စိုက်ပျိုးရတာ ဖြစ်ပါတယ်။ တစ်ဧကကို ငှားရမ်းခ ၂၅ တင်း ပေးရပါတယ်။ ဒီနှစ်ကတော့ အရင်ထက် အထွက်နှုန်း နည်းနည်းပိုမယ်လို့ ထင်ပါတယ်။ မနှစ်ကဆို ကိုယ့်အတွက် သိပ်မကျန်လိုက်ဘူး။ ဒီနှစ်တော့ အနည်းဆုံး စပါးတင်းပေါင်း ၂၀၀ လောက်တော့ ကိုယ့်အတွက် ကျန်မယ်လို့ထင်ပါတယ်"ဟု မြို့သူကြီး ကျေးရွာမှ ဦးအေးသာကျော်က ပြောသည်။

မောင်တောမြို့နယ် မောရဝတီကျေးရွာ၌ စပါးရိတ်သိမ်းနေသည်ကို တွေ့ရစဉ်

မောင်တောခရိုင်အတွင်း အဓိက အားထားစိုက်ပျိုးသော စပါးမျိုးမှာ မနှောသုခ-၂၊ ဆင်းသွယ်လတ်၊ ရတနာအောင်၊ သီးထပ်ရင်နှင့် ဗီယက်နမ်ဟူသည့် သက်ငယ်၊ သက်လတ်စပါးမျိုးများ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးစပါးကို သုံးဧကလောက်ပဲ စိုက်ပျိုးခဲ့တာပါ။ မိသားစုကလည်း နည်းတော့ အရင်ကလောက် စပါးကို မစိုက်ပျိုးဖြစ်တော့ဘူး။ ဒီဒေသမှာက မိုးစပါးကတော့ ပိုထွက်ပါတယ်။ နွေစပါးကတော့ အထွက်နှုန်း နည်းနည်းလျော့တာပေါ့။ ဒါပေမယ့် ခုနောက်ပိုင်း အထွက်နှုန်းကတော့ လျော့တာချည်းပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က မြေဆီသြဇာ မကျွေးနိုင်တာ။ မြေဆီသြဇာကလည်း အရင်ကလို မဟုတ်ဘူးလေ။ ဈေးကအလွန်ကြီးတော့ လယ်သမားတွေအနေနဲ့ မတတ်နိုင်ဘူး။ ဒါကြောင့်လဲ စပါးအထွက်နှုန်းတွေ လျော့လာတာ။ အရင်ကတော့ ဓာတ်မြေသြဇာ မကျွေးနိုင်တောင် သဘာဝနွားချေးတို့၊ ဆိတ်ချေးတို့ ကျွေးတာ ရှိသေးတယ်။ ခုနောက်ပိုင်း မြေဆီသြဇာ ဆိုလို့ ဘာမှကို မကျွေးကြတော့တာ"ဟု မောင်တောမြို့နယ် အင်းဒင်ကျေးရွာမှ ဦးရွှေလှိုင်မောင်က ပြောသည်။

မိမိတို့အဖွဲ့ မောရဝတီကျေးရွာ ဘက်သို့ရောက်ခဲ့စဉ်က စပါးရိတ်စက်များကို အသုံးပြု၍ စပါးများရိတ်သိမ်းနေသည်ကို တွေ့ရှိခဲ့ရပြီး စပါးရိတ်စက် ၄၀ ကို ဌာနမှ ငှားရမ်းပေးကာ ဌာန ဝန်ထမ်းများအကူအညီနှင့် သင်တန်းတက်ရောက်ခဲ့သူများဖြင့် စပါးများ ရိတ်သိမ်းနေကြကြောင်း သိခဲ့ရသည်။

ဘူးသီးတောင်-မောင်တော ကားလမ်း၊ မောင်တော-ကြိမ်ချောင်းလမ်း၊ ထိုမှ တောင်ပြိုလက်ဝဲမြို့ သွားရာလမ်းနှင့် မောင်တောမှ အလယ်သံကျော် ကျေးရွာတို့သို့ သွားရာလမ်းဘေး တစ်လျှောက် သတင်းသွားယူစဉ် ရင့်မှည့်အောင်မြင်နေသော စပါးခင်းများ တွေ့ခဲ့ရပြီး လူအင်အားဖြင့် လည်းကောင်း၊ စက်ကိရိယာများဖြင့် လည်းကောင်း ရိတ်သိမ်းခြွေလှေ့နေသည်ကို တွေ့မြင်ခဲ့ရသည်။

လယ်သမားအများစု၏ စကားသံများအရ စပါးခင်းကို စိုက်ပျိုးပြီး နောက်ပိုင်းတွင် မြေသြဇာကျွေးခြင်း၊ ပိုးသတ်ဆေးများ အသုံးပြုနိုင်ခြင်း မရှိသဖြင့် တစ်ဧကအထွက်နှုန်းမှာ နည်းပါးနေရာ သွင်းအားစုများ ထည့်သွင်းနိုင်အောင် ကူညီပံ့ပိုးပေးနိုင်ပါက ပြည်နယ်နှင့် ဒေသအတွက် အကျိုးများမည်ကို မြင်တွေ့ခဲ့ရပါကြောင်း။

မောင်တောမြို့နယ် မြို့သူကြီးကျေးရွာရှိ ရင့်မှည့်စပါးခင်းကို တွေ့ရစဉ်

မောင်တောဒေသတည်ငြိမ်အေးချမ်းမှ ကျေးရွာများအထိ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်

တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်နှင့် အဖွဲ့
ဓာတ်ပုံ - ဖိုးထောင်နှင့် မင်းထက်

ကျွန်တော်တို့သတင်းအဖွဲ့ မောင်တောမြို့သို့ ရောက်ရှိစဉ် မောင်တောမြို့နယ်ဆေးရုံသို့ သွားရောက်သတင်းရယူရာ ဆေးရုံရှိခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာစိုးအောင်သန်းက သိရှိလိုသည်များကို ပြောပြသည်။

၎င်းက မောင်တောဆေးရုံ၌ လက်ရှိကျန်းမာရေးစောင့်ရှောက်ပေးနေမှုများ၊ အဖြစ်များသောရောဂါများ၊ ကျေးလက်ဒေသများတွင် ကျန်းမာရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍ ပြောကြားခဲ့သည်များကို တင်ပြလိုက်ပါသည်-

"ကျွန်တော်တို့ မောင်တောမြို့နယ်ဆေးရုံမှာ မြို့နယ်ဆရာဝန်ကြီးရယ်၊ ခွဲစိတ်အထူးကုဆရာဝန်အနေနဲ့ ကျွန်တော်ရှိပါတယ်။ သမားတော်ရှိပါတယ်။ မေ့ဆေးအထူးကု ရှိပါတယ်။ လက်ထောက်ဆရာဝန် လေးယောက်ရှိပါတယ်။ သူနာပြု ဆရာမကတော့ ၁၈ ယောက် ရှိပါတယ်။

ကျန်းမာရေးဝန်ဆောင်မှု

"ကျန်းမာရေးဝန်ဆောင်မှုအနေနဲ့ ၂၄ နာရီလုံး ဆေးရုံမှာ ဆရာဝန်ရော၊ ဆရာမတွေပါ တာဝန်ချထားပေးပါတယ်။ လက်ထောက် ဆရာဝန်လေးယောက်ကတော့ တစ်ရက်ခြားစီ တာဝန်ယူပါတယ်။ ကျွန်တော်တို့ကတော့ သူတို့ခေါ်တာနဲ့ အမြဲတမ်းလာကြည့်ပါတယ်။ သမားတော်ကလည်း နေ့စဉ်လာပါတယ်။ ညဘက်လိုရင်လည်း လာပါတယ်။ နောက်ဆေးဝါးကလည်း ကျွန်တော်တို့ဝန်ကြီးဌာနကချပေးတဲ့ ဆေးဝါးတွေ ရှိပါတယ်။ အဲ့ဒီထက်ပိုပြီး လိုအပ်ရင် ကျွန်တော်တို့ဆီမှာ မရှိရင်တော့ အပြင်က ဝယ်ခိုင်းတာမျိုး ရှိပါတယ်။ ဒါကလည်း မဖြစ်မနေ သုံးဖို့လိုအပ်မှပါ။ ဘယ်လိုလူနာမဆို လက်ခံကုသပေးနေပါတယ်။ အကြမ်းဖက်မှုဖြစ်စဉ်တွေ ရှိပေမယ့် တစ်လျှောက်လုံးမှာလည်း ၂၄ နာရီအချိန်ပြည့် ဖွင့်ထားပါတယ်။ အမြဲတမ်းဝန်ဆောင်မှု ပေးနေပါတယ်။ ဆေးရုံကို မပိတ်ပါဘူး။ ရောဂါဖြစ်ပြီဆိုတာနဲ့ လာကြပါတယ်။ ကျွန်တော်တို့အားလုံး ကျန်းမာရေးဝန်ဆောင်မှုအတွက် အဆင်သင့်ရှိနေပါတယ်။

အဖြစ်များတဲ့ရောဂါ

"အဖြစ်များတာကတီဘီနဲ့ ဖျားနာမှုပါပဲ။ နောက် သွေးတိုးပေါ့။ ကလေးတွေဆို အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတွေ ဖြစ်ပါတယ်။ အခုက အရေးပေါ်အခြေအနေနဲ့ ထိခိုက်ဒဏ်ရာရတာတွေ ကုသပေးနေပါတယ်။ သေနတ် ဒဏ်ရာတို့၊ နောက်ဓားခုတ်ခံရတဲ့ ဒဏ်ရာတွေ ကုသပေးရပါတယ်။

စစ်တွေနှင့် ရန်ကုန်သို့ လွှဲပြောင်းပေးပို့

"လူနာတွေကို တတ်နိုင်သလောက်တော့ ဒီမှာ ကုသပေးပါတယ်။ လိုအပ်ရင်တော့ စစ်တွေနဲ့ ရန်ကုန်ဆေးရုံကို လွှဲပို့ပေးပါတယ်။

အကြမ်းဖက်မှုဖြစ်စဉ်နောက်ပိုင်းလူနာကုသရမှုအခြေအနေ

"လာတဲ့လူနာအရေအတွက် နည်းနည်းတော့ နည်းသွားတယ်။ ဒါပေမယ့် ထိခိုက်ဒဏ်ရာကတော့ ပိုတိုးလာပါတယ်။ ဓားဒဏ်ရာတို့၊ သေနတ်ဒဏ်ရာတို့ပေါ့။ ကျေးရွာတွေကနေ မဖြစ်မနေလာကို လာမှရမယ့် လူနာဆိုမှပဲ ရောက်လာကြတယ်။ ဖျားနာတာတို့ ဘာတို့တော့ လျော့သွားပါတယ်။ နယ်ကလူတွေက မလာနိုင်တော့ဘူးလေ။

ကျေးရွာတွေအတွက် ကုသပေးမှုအပိုင်း

"ပေါင်းစုထားတဲ့ နေရာတွေမှာ ကျေးလက်ကျန်းမာရေးဌာန REC ဆိုတာရှိပါတယ်။ အဲ့ဒီစုရပ်မှာကျန်းမာရေးမှူး ရှိမယ်၊ ဆရာမတွေရှိမယ်၊ သားဖွားဆရာမတွေရှိမယ်၊ အဲ့ဒီစုရပ်ကနေ ကနေပဲ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးပါတယ်။ လိုအပ်ရင်တော့ သူတို့ သွားရောက်ကြည့်ရှုပါတယ်။ ပြီးရင် စုရပ်ကို ခေါ်လာတာမျိုး လုပ်ကြပါတယ်။ စုရပ်တွေက ဒီဘက်မှာ အလယ်သံကျော်၊ ငါးခူရ၊ သရက်အုပ်၊ တမန်းသားနဲ့ တောင်ပြိုလက်ဝဲ စသဖြင့် ရှိပါတယ်။ အဲ့ဒီနေရာတွေမှာအခြေခံထားပြီး လုပ်ပါတယ်။

လုံခြုံရေး

"ဆရာဝန်၊ ဆရာမတွေကို လုံခြုံရေးစိတ်ချရပြီဆိုတော့မှ လွှတ်ပါတယ်။ လုံခြုံရေးမရှိရင် သူတို့မသွားနိုင်ပါဘူး။ လုံခြုံရေး စိတ်ချရတယ်လို့ အာမခံချက်ပေးမှပဲ စေလွှတ်ပါတယ်။ လုံခြုံရေးမရှိလို့ ပြန်လာခဲ့ရတာတွေလည်း ရှိပါတယ်။

ထိခိုက်ဒဏ်ရာရရှိထားသည့် ရာဇဝတ်မှုကျူးလွန်သူများ

"ထိခိုက်ဒဏ်ရာရရှိထားတဲ့ ရာဇဝတ်မှုကျူးလွန်သူတွေကို လည်းကုသပေးပါတယ်။ ရာဇဝတ်မှုနဲ့ ပတ်သက်ရင်တော့ ရဲအစောင့်တွေ ပါလာပါတယ်။ ကုသမှုအပိုင်းကတော့ ဒီပုံစံအတိုင်းပါပဲ။ ဘယ်သူလာလာ ဒီပုံစံအတိုင်းပါပဲ။ ဘယ်သူ ဘယ်ဝါမခွဲခြားပါဘူး"ဟု ပြောသည်။

မောင်တောခရိုင်တွင် မောင်တောမြို့နယ်ဆေးရုံ၊ တောင်ပြိုလက်ဝဲမြို့နယ်ခွဲဆေးရုံ၊ မိခင်နှင့် ကလေး ကျန်းမာရေးဌာနတစ်ခု၊ တိုက်နယ်ဆေးရုံလေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ငါးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ လေးခုတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသတည်ငြိမ်အေးချမ်းမှသာ ကျေးရွာများအထိ ကွင်းဆင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

မောင်တောမြို့နယ် ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်

ဒေါက်တာစိုးအောင်သန်း

တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော ဝင်္ကပါပွဲ ရေနီမြို့၌ ကျင်းပ

ပဲခူး နိုဝင်ဘာ ၁၅

တန်ဆောင်တိုင်ပွဲတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ယနေ့ခေတ်တွင် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော ဝင်္ကပါပွဲကို မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက် ကျင်းပသူများရှိနေသေးရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ ရေနီစက္ကူစက် ဝန်ထမ်းအိမ်ရာ ချိတ်ကပ်တောင် အောင်သစ္စာစေတီပရိဝုဏ်၌ ကျင်းပခဲ့သည်။

အဆိုပါဒေသသို့ရောက်ရှိလာသည့် အဘိုးတစ်ဦးက လေးကျွန်းစကြာ ဝင်္ကပါတည်ဆောက်ပုံကို သင်ကြားပြသပေးခဲ့ကြောင်း၊ ယင်းနည်းသည် ကျွန်းလေးကျွန်းကို စုံအောင်ပတ်၍ ပြီးမှ မြတ်စွာဘုရားကိုဖူးမြင်ရသောနည်းဖြစ်ပြီး အဝင်လမ်း၊ အထွက်လမ်းတစ်လမ်းသာဖြစ်သည့်အတွက် ခေတ်လူငယ်များ စိတ်ဝင်စားမှုနည်းပါးခြင်း၊ အားမရခြင်းများရှိသည့်အတွက် လေးကျွန်းစကြာကို အခြေခံကာ အပိတ်၊ အဖွင့် လမ်းလွှဲများထည့်သွင်းတည်ဆောက်သောအခါ လူငယ်များပျော်ရွှင်သဘောကျပြီး စည်ကားစွာ လာရောက်ဆင်နွဲကြကြောင်း၊ ဝင်္ကပါတည်ဆောက်ရန် ရေနီစက္ကူစက် ဝန်ထမ်းအိမ်ရာလူငယ်အဖွဲ့၏လုပ်အားဖြင့် ရန်ပုံငွေရှာဖွေပြီး ဝင်္ကပါကိုတည်ဆောက်၍ ပွဲတော်ကျင်းပခြင်းဖြစ်ကြောင်း ဝင်္ကပါတည်ဆောက်သူ ကိုဘိုဝင်းက ပြောသည်။

ယင်းဝင်္ကပါပွဲကို ကျင်းပခဲ့သည်မှာ ၂၂ နှစ်တိုင် ရှိခဲ့ပြီဖြစ်ပြီး အခြားသော ရိုးရာဝင်္ကပါတည်ဆောက်နည်းများရှိပါကလည်း နည်းလမ်းများရယူလိုကြောင်း စက္ကူစက်လူငယ်များက ပြောသည်။

သတင်း-ကိုကိုနေ၊ ဓာတ်ပုံ-ခွန်ဆက်နေ

သက်တမ်းလွန်ဆေးဝါးနှင့် တားမြစ်စားသောက်ကုန်များ တားမြစ်ဓာတုပစ္စည်းပါ အလှကုန်များအား မီးရှို့ဖျက်ဆီး

မော်လမြိုင် နိုဝင်ဘာ ၁၅

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ၂၀၁၆ ခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် သက်တမ်းလွန်ဆေးဝါးနှင့် တားမြစ်စားသောက်ကုန်များ၊ တားမြစ်ဓာတုပစ္စည်းပါ အလှကုန်များ မီးရှို့ဖျက်ဆီးခြင်းကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မိန္ဒဲကုန်းသုသာန်၌ ကျင်းပသည်။

မီးရှို့ဖျက်ဆီးခြင်းတွင် ဆေးကုမ္ပဏီမှ လာရောက်အပ်နှံသော သက်တမ်းလွန်နှင့် ပျက်စီးဆေးဝါးများ၊ ဆေးဝါးဖြန့်ဖြူး ရောင်းချသူ လုပ်ငန်းရှင်များအသင်းမှ အပ်နှံထားသော MPF နှင့် BPI ဆေးဝါးများ၊ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးခဲ့ရာမှ သိမ်းဆည်းခဲ့သော တားမြစ်ဓာတုပစ္စည်းပါ အလှကုန်များ၊ သက်တမ်းလွန်ဆေးဝါးများနှင့် တားမြစ်ကန့်သတ်ထားသည့် စားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၈၄၅၇၇၃၉ အား စနစ်တကျ ဖျက်ဆီးမီးရှို့ခြင်း ပြုလုပ်ခဲ့သည်။

အဆိုပါမီးရှို့ဖျက်ဆီးပွဲသို့ ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြပြီး ဆေးကုမ္ပဏီနှင့် ဆေးဆိုင်များမှ ပုဂ္ဂိုလ်များက ကိုယ်တိုင်ကိုယ်ကျ စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆ ၊ ၀၀-	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇ ၊၃၅-	မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာ စကားပိုင်း
၈၊၃၅-	စိုက်ပျိုးရေးရာအဖြေရှာ
၉၊၃၅-	ပြည်သူနှီတိ "ရှင့်မှေးရှံ့မလူး"
၉၊၅၀-	" AFF Suzuki Cup သမိုင်းမှတ်တမ်း"
၁၀၊၃၅-	အထွေထွေသုတနှင့် ကျန်းမာရေး နနွင်းအကြောင်း
၁၁ ၊၁၅	ဝင်ငွေတိုးပွား မင်္ဂလာစီးပွား
၁၁၊၃၅	မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
၁၄၊၁၀	ကြယ်ပွင့်များရဲ့ရင်ခုန်သံ (မြင့်မြတ်)
၁၄ ၊၃၅	Sunday Talk

ညပိုင်း

၁၆ ၊၃၅	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ ရန်တိုင်းကျော် (အဖြူရောင်သွေးသစ်)နှင့် စောမင်းအောင် (ဒို့ရိုးရာ)
၁၇၊၃၅	NHK Programme လှိုင်းများကို နားလည်ကြည့်ခြင်း (ရေဒီယိုလှိုင်းများ)
၁၈၊၃၅	ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ ကျောင်းတော်က ဇာတ်လမ်း ညောင်ညောင်၊ ပိုင်ဇေ၊ ရတနာ၊ ဘုတ်ကလုံ၊ မဖြူ ဒါရိုက်တာ- သိမ်းစိုး (သီဟရတနာ)
၁၉၊၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ တုံ့မယူလို (အပိုင်း - ၄၃)
၂၀၊၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀ ၊၃၅	"ရက် ၁၀၀ မှသည် ခြောက်လစီမံချက်ဆီသို့" (ဒုတိယပိုင်း)
၂၁၊၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ ဘုရင်မရဲ့ပန်းရွှေကြာ (အပိုင်း- ၄၂) ဂီတသမား၊ ဂီတစကား မဟာဂီတနှင့် ခေတ်ဟောင်း

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက မောင်တောမြို့နယ်အတွင်းရှိ ရေခပ်ချောင်းဂွဆုံကျေးရွာရှိ လူနေအိမ်များကို မီးရှို့ဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၁၅

မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ မီးရှို့ဖျက်ဆီးသွားသည့်ကျေးရွာများအား တပ်မတော်မှ ရဟတ်ယာဉ်ဖြင့် ယမန်နေ့ ညနေပိုင်းက လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ရေခပ်ချောင်းဂွဆုံကျေးရွာတွင် ညနေ ၃ နာရီခန့်က အဆောက်အအုံအချို့မီးလောင်နေကြောင်းတွေ့ရှိရသဖြင့် ပတ်ဝန်းကျင်ရှိ တပ်မတော်စစ်ကြောင်းများသို့ အကြောင်းကြား၍ ပိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရသည်။

အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ယင်းကျေးရွာရှိ လူနေအိမ် ၁၇ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

မောင်တောနယ်မြေအတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများနှင့် ဖျက်ဆီးမှုများလုပ်ဆောင်လျက်ရှိသော အကြမ်းဖက်သမားများအနေဖြင့် နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့များအပေါ် အထင်အမြင်လွဲမှားစေရန် ကျေးရွာများအား မီးရှို့ဖျက်ဆီးလျက်ရှိပြီး ထိုသို့လုပ်ဆောင်မှုကို သတင်းမီဒီယာများနှင့်ချိတ်ဆက်ကာ လိမ်လည်သတင်းဖြန့်ချိခြင်းနှင့် နိုင်ငံတကာမှ အထောက်အပံ့များရရှိအောင် လုပ်ကြံဖန်တီးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများကြောင့် မီးလောင်သည့် ရေခပ်ချောင်းဂွဆုံကျေးရွာတွင် တပ်မတော်သားများက မီးငြိမ်းသတ်စဉ်

မောင်တောမြို့နယ်အတွင်း မသင်္ကာဖွယ်ရှိသူ ၃၅ ဦး ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၅

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက် ညနေ ၃ နာရီ ၂၁ မိနစ်ခန့်က ဝက်ပြင်ကျေးရွာတွင်ရှင်းလင်းစဉ် နူရ်ဘော်ဘီ(ဘ)နူရ်ဟူဆောင်း အပါအဝင် မသင်္ကာဖွယ်ရှိသူ လေးဦးကို လည်းကောင်း၊ အောင်မင်္ဂလာကျေးရွာတွင် ည ၁၁ နာရီခွဲခန့်က ဝင်ရောက်လာသော သဲချောင်းကျေးရွာနေ မသင်္ကာဖွယ်ရှိသူ မာမွတ်ကာစီ(ဘ) အာမွတ်ဒူဆောင်း အားလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

မာမွတ်ကာစီ

အလားတူ ယနေ့ ညနေ ၃ နာရီတွင် ရေတွင်းကျွန်းကျေးရွာ၌ ရှင်းလင်းစဉ် တိုက်ပွဲဖြစ်ပွားပြီးနောက် တိမ်းရှောင်ထွက်ပြေးလာသည့် အခြားကျေးရွာများမှ ခွေလာ(ဘ) ရှလာဟာ ဒူလာ အပါအဝင် ၃၀ အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ စစ်ဆေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

တိမ်းရှောင်ထွက်ပြေးလာသည့် အခြားကျေးရွာများမှ ဖမ်းဆီးရမိသူတချို့

မဒေါက်တန်ဆောင်တိုင် မီးမျှော်ပူဇော်ပွဲနှင့် ရေပွဲသဘင်အခမ်းအနားကျင်းပ

မဒေါက် နိုဝင်ဘာ ၁၅

မဒေါက်မြို့ တန်ဆောင်တိုင် မီးမျှော်ပူဇော်ပွဲနှင့် ရေပွဲသဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက စည်ကားစွာ ကျင်းပခဲ့သည်။

ရေပွဲသဘင်ဖွင့်ပွဲကို မွန်းလွဲ ၁ နာရီတွင် မဒေါက်မြို့ စစ်တောင်းမြစ်ကမ်းနံဘေးရှိ ဗဟိုမဏ္ဍပ်တွင်ကျင်းပပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်ဆေးနှင့် ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်တို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ စစ်တောင်းမြစ်အတွင်း ရေပွဲသဘင်တွင် ပါဝင်ယှဉ်ပြိုင်သည့် တက်ပျံယိမ်း၊ တက်ခုတ်ယိမ်း၊ ယိမ်းအက အစွဲ့၊ ကရင်တိုင်းရင်းသားရိုးရာဒုံးယိမ်း စုစုပေါင်းယိမ်းအဖွဲ့ ၁၁ ဖွဲ့တို့၏ ယှဉ်ပြိုင်မှုမှာလည်း ကိုယ်ရောစိတ်ပါနှစ်၍ ပြိုင်ပွဲဝင်နေကြသကဲ့သို့ ကြိုးစားယှဉ်ပြိုင်သူများကိုလည်း မြန်မာ့ဩဇာစိုက်ပျိုးရေးကုမ္ပဏီ ဦးရာမာဆွာမိ မိသားစုနှင့် ပွဲတော်ကျင်းပရေးကော်မတီတို့က ဆုကြေးငွေများထိုက်တန်စွာ ချီးမြှင့်ပေးသည်။ မဒေါက်မြို့တန်ဆောင်တိုင် မီးမျှောပွဲမှာ လွတ်လပ်မှုများ၊ တက်ကြွမှုများဖြင့် တစ်နှစ်ထက်တစ်နှစ် ပို၍ စည်ကားလာသည်။

ညနေ ၆ နာရီတွင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ဒေသခံပြည်သူများ၊ ပွဲတော်လာပရိသတ်များက ရောင်စုံမီးကြာခွက်များဖြင့် မီးမျှောပူဇော်ကြသည်။

ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တန်ဆောင်တိုင်ကာလ မီးမျှောပူဇော်ပွဲသည် မြန်မာနိုင်ငံရှိ ပွဲတော်များအနက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ စုဝေးလာရောက်ကြသော လူသိများထင်ရှားသည့် ဒေသတွင်းပွဲတော်တစ်ခု ဖြစ်သည်။

သတင်း-ကိုကိုနေ
ဓာတ်ပုံ-ခွန်ဆက်နေ

ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေ စာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲ ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်ထိ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၅

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် "ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲ" ကို ဒီဇင်ဘာ ၁ ရက် (ကြာသပတေး)နေ့မှ ၄ ရက်(တနင်္ဂနွေ) နေ့ထိ လေးရက်တိုင်တိုင် ရန်ကုန်မြို့ ပိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနခွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့သည့် စာတမ်းဖတ်ပွဲ၊ စာအုပ်ဈေးရောင်းပွဲတော်များအနက် ယခုအစိုးရသစ်လက်ထက် ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်ထိ ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနခွဲ ကျင်းပပြီးစီးခဲ့သည့် နိုင်ငံရေးစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲ၊ နိုဝင်ဘာ ၅ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန - ၂ ၌ ကျင်းပပြီးစီးခဲ့သည့် ကလေး စာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတို့သည်ကား နိုင်ငံရေးစာပေ၊ ကလေးစာပေချစ်မြတ်နိုးသူများကြား၊ လူတန်းစားအလွှာစုံကြား၊ ကျောင်းသား ကျောင်းသူ ဆရာ မိဘများကြား၊ ပြည်သူများကြား ရေပန်းစားထင်ရှားအောင်မြင်ခဲ့သည့် ပွဲများဖြစ်ခဲ့ကြောင်း ပြပွဲပြီးရလဒ်များက သက်သေပြခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲနှင့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတို့တွင် ခင်းကျင်းပြသရောင်းချခဲ့သည့် စာအုပ်ဆိုင်များအားလုံးတို့တွင် စာပေအမျိုးအစားအလိုက် အားပေးကြည့်ရှု ဝယ်ယူအားပေးမှု အထူးများပြားခဲ့ကြောင်း၊ ဖွင့်လှစ်ရောင်းချသည့် စာအုပ်ဆိုင်အများစုက ဘာသာရပ်အလိုက် စာအုပ်မျိုးစုံရောင်းအားကောင်း၊ ရောင်းအားသွက်ခဲ့ကြောင်း၊ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

ယင်းသို့အောင်မြင်မှုရရှိခဲ့ခြင်းမှာ အချက်အလက်များပြည့်ပြည့်စုံစုံဖြင့် စာတမ်းပြုစု ဖတ်ကြားတင်သွင်းခဲ့ကြသည့် စာတမ်းရှင်များ၊ ကဏ္ဍအသီးသီးတွင် အားဖြည့်ပံ့ပိုးပေးခဲ့ကြသည့် အဖွဲ့အစည်းအားလုံး၊ လူပုဂ္ဂိုလ်အားလုံးတို့၏ တူညီသော နိုင်ငံချစ်စိတ်၊ မှန်ကန်သောအသိစိတ်ဖြင့် ပူးပေါင်းပါဝင်ကူညီခဲ့ကြခြင်းကြောင့် ဖြစ်သည်။

မကြာမီကျင်းပမည့် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲအောင်မြင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းစီစဉ်ပြီးဖြစ်သလို ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲ အောင်မြင်ရေးအတွက် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကလည်း အချိန်နှင့်တစ်ပြေးညီ တစ်တပ်တစ်အား လူပံရှား ဆောင်ရွက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက အဆိုပါ စာအုပ်ဈေးရောင်းပွဲတွင် စာအုပ်ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများသည် နိုဝင်ဘာ ၂၁ ရက်နောက်ဆုံးထားစာရင်းပေးသွင်းရန်နှင့် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဈေးပွဲတော်ဆိုင်ခန်းနေရာများ မဲနှိုက်ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း၊ စာအုပ်ဆိုင်ဖွင့်လှစ်ရောင်းချလိုသူများအနေဖြင့် စာအုပ်ဈေးပွဲတော် လေးရက်အတွက် ဆိုင်ခန်းအရွယ် (၈ ပေ × ၆ ပေ) ရှိ ဆိုင်ခန်းဖွင့်လှစ်ခ ငွေကျပ် ၆၀၀၀၀ နှုန်း ပေးသွင်းရမည်ဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ်၌ကျင်းပမည့် စာအုပ်ဈေးပွဲတော်နှင့် နိုင်ဘယ်လ်မြန်မာစာအုပ်ဈေးပွဲတော်အတွက်ပါ အဆိုပါဆိုင်ခန်းနေရာ မဲနှိုက်မည့်နေ့တွင် အစီအစဉ်များ တင်ပြဆွေးနွေးကြမည်ဖြစ်ရာ စာအုပ်တိုက်ပိုင်ရှင်များ ကိုယ်တိုင်တက်ရောက်ကြပါရန်နှင့် အသေးစိတ်ကို မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ဖုန်း ၀၉-၃၀၀၀ ၂၃၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးနှိုးဆော်ထားသည်။

သမိုင်းအထောက်အထားဟူသည် ယင်းကာလ၏ မြို့ပြပြည်ရွာ တည်ထောင်တည်ဆောက်ပုံ အထောက်အထား၊ ပြည်သူများ၏ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ နေထိုင်မှုပုံစံ၊လူနေမှု အဆင့်အတန်း တို့ကိုလှစ်ဟပြနေသည်။ သမိုင်းကို ဖျောက်ဖျက်၍မရ၊ ပြုပြင်၍မရ၊ လုပ်ကြံတီထွင်၍မရ၊ မျိုးဆက်သစ်လူငယ်များ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေ၊ ယဉ်ကျေးမှုများကို မပျောက်မပျက် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးဆိုသည့် အသိစိတ်ဓာတ်ရှိရန်လိုသည်။ ဤသည်ကို ရည်ရွယ်ကျင်းပသည့် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီ စာအုပ်ဈေးရောင်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်သူအားလုံး၊ ပြည်သူအားလုံး စွမ်းရာနိုင်ရာ ကဏ္ဍာကပါဝင်နိုင်ရေး အသိပေးနှိုးဆော်လိုက်ရပါသည်။ **ကိုချစ်**

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော နိုဝင်ဘာ ၈ ရက်နေ့မှ ၁၄ နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

စဉ်	စာရေးသူ	စာအုပ်	ဈေးနှုန်း	ထုတ်ဝေသည့်တိုက်
၁	ပြေလွင်မြင့်	ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စာချုပ်တော်အမိန့်များ(၂၀၁၁-၂၀၁၅)	၁၀၀၀၀/-	ဝန်ချတောင်စာပေ
၂	ကလောင်စုံ	ရသကြယ်ဖြူဝတ္ထုတိုများ	၂၅၀၀/-	Aquarius စာပေ
၃	ပြည်ကျော်ကျော်	My First Book of ANIMALS	၁၂၀၀/-	KKHPublishingHouse
၄	ပြည်ကျော်ကျော်	My First Book of VEGETABELS	၁၂၀၀/-	KKHPublishingHouse
၅	ကလောင်စုံ	သူတို့ ဒီနေရာကိုဘယ်လိုရောက်လာကြသလဲ အပိုင်း-၂	၄၅၀၀/-	The Book House
၆	ကလောင်စုံ	ဂျင်ဂစ်ခန်	၁၅၀၀/-	The Key Collection
၇	မောင်ခင်မင်(ခနဖြူ)	အတ္တဗေဒနိဒါန်း	၁၅၀၀/-	The Key Collection
၈	မောင်တိုင်ပင်	အရင်းအနှီးဈေးကွက်နှင့် စီးပွားရေးပဲ့တင်သံ	၂၀၀၀/-	Wisdom house
၉	ကြည်လွှန်း	အလေ့အကျင့်၏ ပါဝါစွမ်းအား	၂၀၀၀/-	Wisdom house
၁၀	မိချမ်းဝေ	ငန်းရိုင်းတို့ ပျံသန်းခြင်းခြေရာ	၃၀၀၀/-	ကမာရင်ကွဲ
၁၁	နွေဇော်ဦး(မန္တလေး)	ကော်ဇီဆိုင်	၃၀၀၀/-	ချမ်းတွင်းအိမ်စာပေ
၁၂	ဆရာချမ်းဇော်ထက်	အတွေးထက်ထက်အရေးသွက်သွက်+CD	၅၀၀၀/-	ချမ်းဇော်ထက်စာပေ
၁၃	စည်သူထွန်း(ဘာသာပြန်)	ထင်ရှားကျော်ကြား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများ	၂၀၀၀/-	ဂျာနယ်လစ်စာပေ
၁၄	ကျော်သောင်း	မင်းသမီးလေးရှာပုံတော်	၁၈၀၀/-	ဂျာနယ်လစ်စာပေ
၁၅	ဦးကျော်ဇေယျ	လက်ဝယ်ရှိခြင်း၊ လက်သင့်ခံခြင်း၊ လက်ရှိထားခွင့်နှင့် လက်ဝယ်တွေ့ခြင်း	၄၀၀၀/-	စကားပြောနေသူများစာပေ
၁၆	ဆရာစံထား (B.A)	ခွန်းတုံ့ပြန်အင်္ဂလိပ်စကားပြော	၂၀၀၀/-	စာပေဟင်းလေးအိုးကြီး(၂)
၁၇	ကိုဝ(မြန်မာပြန်)	ဟီလာရီကလင်တန်၏ သုံးဖက်မြင်ရုပ်ပုံလွှာ	၃၅၀၀/-	စာပေလောက
၁၈	ဂျာနယ်ကျော်မမလေး	ဆေးပညာဆောင်းပါးပေါင်းချုပ်	၅၅၀၀/-	စိတ်ကူးချိုချိုစာပေ
၁၉	ဗန်းမော်တင်အောင်	ဝတ္ထုတိုပေါင်းချုပ်	၄၀၀၀/-	စိတ်ကူးချိုချိုစာပေ
၂၀	မောင်ခေတ်ထွန်း(မြန်မာပြန်)	ကမ္ဘာကျော်ဂျပန်ပုံပြင်များ	၁၀၀၀/-	စိတ်ကူးချိုချိုစာပေ
၂၁	စစ်ကိုင်းဦးဘိုးသင်း	လူမျက်ရွှဲကြမ်း	၃၀၀၀/-	စိတ်ကူးချိုချိုစာပေ
၂၂	ဇင်မျိုး-မြန်မာပြန်	ဂုဏ်သိက္ခာအရှိဆုံး နိဘယ်ဆုကိုဖန်တီးသူ အဲလ်ဖရက်နိုဘယ်	၈၀၀/-	စိတ်ကူးချိုချိုစာပေ
၂၃	ဦးလှမြင့်(ဂန္ဓာမာ)	လူအများသိသင့်သည့်ခေတ်ပေါ်ကျန်းမာရေးအခြေအနေ	၂၂၀၀/-	စိတ်ကူးချိုချိုစာပေ
၂၄	မြတ်လွမ်းနောင်(ပုတီးကုန်း)	အလယ်တန်းအဆင့်စာမေးပွဲဝင်စာစီစာကုံးများ	၁၃၀၀/-	စိတ်ကူးချိုချိုစာပေ
၂၅	ဇာတ်ညွှန်း-ဝေသာ သရုပ်ဖော်ပန်းချီ-လှပ	အမျိုးသားပညာဝန်ဆရာကြီး ဦးဖိုးကျား၏ ကလေးလူငယ်များဖတ်ရှုလေ့လာဖွယ်ဖြစ်သောကိုယ်တွေ့ဝတ္ထုများ-၄	၂၇၀၀/-	စိတ်ကူးချိုချိုစာပေ
၂၆	မောင်ညိုမိုင်း(သန်လျင်)	ဖောင်လားကြိုး	၃၀၀၀/-	စိတ်ကူးသစ်စာပေ
၂၇	OckSco Park	နှလုံးသားကုန်တိုက်ကြီး	၄၅၀၀/-	စိတ်ကူးသစ်စာပေ
၂၈	ထွဋ်ဝင်းထွဋ်	တယ်လီဖုန်းတီထွင်ခဲ့သောအလင်္ကန်းဒါးဂရေဟမ်ဘဲလ်	၁၀၀၀/-	စိန်မိုးယံစာပေ
၂၉	ထွဋ်ဝင်းထွဋ်	မဟာကရုဏာရှင်မာသာထရီဆာ	၁၀၀၀/-	စိန်မိုးယံစာပေ
၃၀	ထွဋ်ဝင်းထွဋ်	အရုဏ်ဦးမှ မြင်းစီးသူရဲကောင်း	၁၀၀၀/-	စိန်မိုးယံစာပေ
၃၁	ထွဋ်ဝင်းထွဋ်	နံနက်ခင်းကာလမှ မံမီရုပ်အလောင်းများ	၁၀၀၀/-	စိန်မိုးယံစာပေ
၃၂	ထွဋ်ဝင်းထွဋ်	သိပ္ပံပညာရှင် အိုင်ဆာ့စ်နယူတန်	၁၀၀၀/-	စိန်မိုးယံစာပေ
၃၃	ရီရီဌေး	ခေါင်းတစ်ခြမ်းကိုက်ခြင်းဝေဒနာ(သို့)မိုင်ဂရိန်းရောဂါ	၂၅၀၀/-	စိန်မိုးယံစာပေ
၃၄	ကျော်စိန်မင်း	လူနှင့်အခြားသိပ္ပံဝတ္ထုတိုများ	၃၀၀၀/-	ဆန်းစသော်တာစာပေ
၃၅	မြသန်းတင့်(မြန်မာပြန်)	မင်းပုန်းတောင်သိုင်းသမား	၁၀၀၀၀/-	တိုးမြစ်စာပေ
၃၆	တက္ကသိုလ်နေဝင်း	အင်းဝရွှေနန်းရောက် ငြိတိသျှသံအဖွဲမှတ်တမ်း(၁၈၅၅)	၃၅၀၀/-	တကောင်းစာပေ
၃၇	ခင်မောင်တိုး(မိုးမိတ်)	စူးစမ်းလေ့လာသူဒုနယ်နှင့် အိပ်ရာဝင်ပုံပြင်များ	၁၅၀၀/-	ခူပံစာပေ
၃၈	ဆုမြတ်မွန်	ရေသူမလေးအေရီယယ်	၁၂၀၀/-	ခူပံစာပေ
၃၉	ဒေါက်တာမတင်ဝင်း	အတွေးမှန်ကူကွက်များ	၂၄၀၀/-	နန်ချစ်ကြည်စာပေ
၄၀	ဖိုးမောင်	မျောက်တစ်အုပ်နဲ့ ဦးထုပ်သည်	၂၀၀၀/-	ပင်ဝါးရုံစာပေ
၄၁	အေးစန်	ကျွန်တော့်မှတ်တမ်း ကျွန်တော့်မှာတမ်း-၂	၆၀၀၀/-	ပန်းမျိုးတစ်ရာစာပေ
၄၂	ချစ်စံဝင်း	မြန်မာမိသားစု	၂၀၀၀/-	ပန်းမျိုးတစ်ရာစာပေ
၄၃	ဖြိုးသုတ	စိတ်အာဟာရအတွေးလက်ဆောင်စာစုများ-၃	၂၅၀၀/-	ပန်နိုရာမား
၄၄	ပျိုမဒီစက်ချုပ်သင်တန်း	စက်ချုပ်ပညာသင်ကြမယ်	၈၀၀၀/-	ပျိုမဒီစာပေ
၄၅	မင်းသိခ်	ပုဂံသားမောင်ဘမော်	၃၅၀၀/-	ဘုမ္မာဝတီစာပေ

ထရန့်အနိုင်ရရှိမှုက ပါရီသဘောတူစာချုပ်ကို ပျက်ပြယ်သွားစေမည်မဟုတ်

ဝါရှင်တန် နိုဝင်ဘာ ၁၅

ပါရီရာသီဥတုဆိုင်ရာသဘောတူစာချုပ်သည် ဒေါ်နယ်ထရန့်၏ အနိုင်ရရှိမှုကို ကျော်လွှားနိုင်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အထူးသံတမန် ဒေါက်တာ ဂျိုနသန်ပါးရှင်းကပြောကြားခဲ့သည်။

ဂျိုနသန်သည် အင်္ဂါနေ့က မရာကတ်ချဉ်ဝန်ကြီးများနှင့် နိုင်ငံတော်အကြီးအကဲများရောက်ရှိမလာမီတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးများအဖွဲ့သည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန် အတွက် နောက်ထပ်လုပ်ဆောင်ရမည့် အဆင့်များစွာကို ဆောင်ရွက်ရန်ကြိုးစားလျက်ရှိကြောင်း ပြောကြားခဲ့သည်။

သို့သော် သမ္မတအဖြစ် ရွေးချယ်ခံထားရသူထရန့်က သဘောတူစာချုပ်တွင် အမေရိကန်ပါဝင်မှုကို ရုပ်သိမ်းသွားနိုင်သည်ဟူသော ဖြစ်နိုင်ခြေကြောင့် အစည်းအဝေးတွင် မငြိမ်မသက်ဖြစ်ခဲ့သည်။ အမေရိကန်မှ ဧစ္စပ်ညှိနှိုင်းရေးခေါင်းဆောင် ဒေါက်တာပါးရှင်းက နိုင်ငံတော်အကြီးအကဲများအနေဖြင့် သဘောထား ပြောင်းလဲသွားနိုင်သည်မှန်သော်လည်း ၎င်းအနေဖြင့် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မှုအပြည့်ရှိကြောင်း ပြောကြားခဲ့သည်။

(ဘီဘီစီ)

နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် ပူတင်နှင့်ထရန့်သဘောတူ

မော်စကို နိုဝင်ဘာ ၁၅

ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတအဖြစ်ရွေးချယ်ခံထားရသည့် ဒေါ်နယ်ထရန့်တို့သည် အမေရိကန်-ရုရှားဆက်ဆံရေးကို တိုးမြှင့်ရန် သဘောတူခဲ့သည်။ သမ္မတပူတင်သည် ရွေးကောက်ပွဲ၌ ထရန့်အနိုင်ရရှိခဲ့ခြင်းအတွက် ဂုဏ်ယူကြောင်း ပထမဦးဆုံးအကြိမ်အဖြစ် ဖုန်းဖြင့်ပြောခဲ့သည်ဟု ရုရှားသမ္မတရုံးကပြောသည်။

သာတူညီမျှသည့် စည်းမျဉ်းများ၊ အပြန်အလှန်လေးစားမှုနှင့် တစ်နိုင်ငံ၏ပြည်တွင်းရေးကိစ္စကို တခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှုမပြုခြင်း အစရှိသည်တို့အပေါ် အခြေခံ၍ အမေရိကန်သမ္မတသစ်၏ အစိုးရအဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် အသင့်ရှိကြောင်း ရုရှားသမ္မတပူတင်ကပြောသည်။

ခိုင်မာသည့်ပူးပေါင်းဆောင်ရွက်မှုနှင့်ပုံမှန်ဆက်ဆံရေးတည်ဆောက်ရန် စိတ်ဝင်စားသည်ဟု နှစ်ဖက်စလုံးမှ ထုတ်ဖော်ပြောကြားခဲ့ကြောင်း သမ္မတရုံးကပြောသည်။ ပူတင်နှင့်ထရန့်တို့ကလည်း မျက်နှာချင်းဆိုင် ဆွေးနွေးရန်သဘောတူထားကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာမှအကြမ်းဖက်မှုနှင့် အစွန်းရောက်ဝါဒီများကိုအတူတကွတိုက်ဖျက်သွားမည်ဟု သဘောတူထားခဲ့ပြီး အကြမ်းဖက်သမားများကို ၎င်းတို့၏ဘုံရန်သူအဖြစ်သတ်မှတ်ထားသည်ဟု အတည်ပြုပြောကြားခဲ့သည်။

ဆီးရီးယားပဋိပက္ခကိုလည်း ဖြေရှင်းရန်ဆွေးနွေးခဲ့ကြသည်။ ဒေါ်နယ်ထရန့်သည် ရုရှားနိုင်ငံနှင့် ရေရှည် တည်တံ့ခိုင်မြဲသော ဆက်ဆံရေး တည်ဆောက်ရန် သမ္မတပူတင်နှင့် ဆွေးနွေးခဲ့သည် ဟု ထရန့်၏အဖွဲ့ကထုတ်ပြန်ကြေညာထားသည်။

ရုရှားနှင့်အမေရိကန်နှစ်နိုင်ငံစလုံးမှ ဆီးရီးယားအရေးနှင့် ယူကရိန်းပဋိပက္ခတို့တွင် ဖြေလျော့မှုများဖြစ်လာနိုင်မည်လားဟု အများကစိတ်ဝင်စားလျက်ရှိသည်။ ဆီးရီးယားအရေးနှင့် ယူကရိန်းပဋိပက္ခတို့ကြောင့် နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့ရခြင်းဖြစ်သည်။ **(အင်နှအိတ်ချ်ကေ)**

ရုရှားစီးပွားရေးဝန်ကြီးကို လာဘ်စားမှုဖြင့် ထိန်းသိမ်းထား

မော်စကို နိုဝင်ဘာ ၁၅

ရုရှားစီးပွားရေးဝန်ကြီး အလက်စီအာယူကာရက်ဗ်အား လာဘ်ပေးလာဘ်ယူပြုလုပ်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ပင်မအဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် စုံစမ်းစစ်ဆေးရေးကော်မတီက မစ္စတာအလက်စီအာယူကာရက်ဗ်သည် အမေရိကန်ဒေါ်လာ နှစ်သန်းကို လာဘ်စားခဲ့သည်ဟု ပြောကြားခဲ့သည်။

၁၉၉၁ခုနှစ်က ဖြစ်ပွားခဲ့သည့် အာဏာသိမ်းကြိုးပမ်းမှုအပြီးတွင် အလက်စီသည် ရုရှားတွင် ထိန်းသိမ်းခံရသူများအနက် သြဇာအာဏာအရှိဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ၎င်း၏ဌာနသည် ရေနံကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ရော့စ်နက်ဖ်က အခြားရေနံကုမ္ပဏီဖြစ်သည့် ဘက်စနက်ဖ်မှ အမြတ်ငွေ ၅၀ ရာခိုင်နှုန်းကို ရယူနိုင်ရန် အခွန်စည်းကြပ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ရော့စနက်ဖ် ကိုယ်စားလှယ်များထံမှ ခြိမ်းခြောက်ကာငွေကြေးမတရားရယူခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးကော်မတီမှပြောရေးဆိုခွင့်ရှိသူ ဆဗက်လန်နာ ပက်ထရန်ကိုကအာအိုင်အေ နိုဗိုစတီ သတင်းအေဂျင်စီသို့ပြောကြားခဲ့သည်။ အလက်စီ၏ လာဘ်စားမှုကို လက်ပူးလက်ကြပ်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ဝန်ကြီးအား တရားစွဲဆိုကာ အရေးယူဆောင်ရွက်မှုများဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး ရောဆက်ဖ်သည် ရုရှားအစိုးရ၏ ထိန်းချုပ်မှုအောက်၌ရှိသည့် ရေနံကုမ္ပဏီဖြစ်သည်။

(ရိုက်တာ)

အာဖဂန်နစ္စတန်အနောက်ပိုင်း၌ စစ်ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွား

ကဘူးလ် နိုဝင်ဘာ ၁၅

အာဖဂန်နစ္စတန်အနောက်ပိုင်း ကဘူးလ်မြို့မှ ၃၆၀ ကီလိုမီတာအကွာ ဖာရော့စ်ကို့တွင် အာဖဂန်တပ်မတော်ရဟတ်ယာဉ်တစ်စင်း တနင်္ဂနွေနေ့က ပျက်ကျသွားခဲ့ကြောင်း ပြည်နယ်ရဲအရာရှိချုပ် မတ်စတတ်ဖာ မိုစီနီက အင်္ဂါနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

အာဏာပိုင်များ၏ပြောဆိုမှုအရ ရဟတ်ယာဉ်သည် ဖာရော့စ်ကို့လေယာဉ်ကွင်းပေါ်ပျံသန်းနေစဉ် စက်ချွတ်ယွင်းသွားရာမှ ပျက်ကျသွားခဲ့ကြောင်း၊ သို့သော် ကံကောင်းထောက်မစွာဖြင့် လေယာဉ်ပိုင်းလေ့အပါအဝင် မည်သူတစ်ဦး တစ်ယောက်မျှ အသက်အန္တရာယ် ထိခိုက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ရဟတ်ယာဉ်သည် တနင်္ဂနွေနေ့ညနေခင်းက ဖာရော့စ်ကို့ပြည်နယ် မြို့တော်အပြင်ဘက်တွင် တာလီဘန်များအား ခေျမှုန်းသည့်စစ်ဆင်ရေးပြုလုပ်နေစဉ် စက်ချွတ်ယွင်းမှု ဖြစ်သွားရာမှ လေတပ်အခြေစိုက်စခန်း၌ပင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ တပ်မတော်အရာရှိတစ်ဦးကပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကိုစုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်းသိရသည်။

(ဆင်ဟွာ)

တောင်ဆူဒန် မစ်ရှင်အသစ်နှင့်ပတ်သက်၍ ဂျပန် ကာကွယ်ရေးဝန်ကြီး မှတ်ချက်ပြုပြောကြား

တိုကျို နိုဝင်ဘာ ၁၅

တောင်ဆူဒန်သို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ကို ဒီဇင်ဘာ ၁၂ ရက်မှစတင်၍ လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်နိုင်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။ တိုမိမီအီနာဒါက အင်္ဂါနေ့တွင် ပြုလုပ်သောကဘိနက်အစည်းအဝေးအပြီးတွင် သတင်းထောက်များကို ပြောခဲ့ခြင်းဖြစ်သည်။

တောင်အာဖရိကတိုင်းပြည်အတွင်းရှိ ကာကွယ်ရေးတပ် တစ်ခုထွက်ခွာသွားပြီးနောက် ချက်ချင်းအစားထိုးဝင်ရောက်ရန် စီစဉ်ထားခြင်းဖြစ်ပြီး သောကြာနေ့တွင် အမိန့်ထုတ်ပြန်ရန် အဆင်သင့်ဖြစ်နေပြီဟု ၎င်းကပြောသည်။ ဂျပန်ကာကွယ်ရေးဝန်ကြီးက ယင်း၏တပ်ဖွဲ့ဝင်များကို တောင်အာဖရိက၏လုံခြုံရေးနှင့် ငြိမ်းချမ်းရေးအတွက်အကောင်းဆုံး ဆောင်ရွက်သွားရန် မျှော်လင့်ထားကြောင်း၊ အပြည်ပြည်ဆိုင်ရာတပ်ဖွဲ့ဝင်များကြားတွင် ဂုဏ်သိက္ခာထိန်းသိမ်းနိုင်ရန် မျှော်လင့်ကြောင်း ပြောခဲ့သည်။

အဆိုပါ တပ်ဖွဲ့ဝင်များမှာ မြို့တော်ဂျူဘားအနီးတစ်ဝိုက်တွင် တက်ကြွစွာတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်နေကြသော တပ်ဖွဲ့ဝင်များအပေါ် စည်းမျဉ်းအသစ်များလည်းကန့်သတ်ထားကြောင်း ထပ်လောင်းပြောကြားသည်။ တောင်ဆူဒန်၏ လက်ရှိအခြေအနေကိုလည်း အနီးကပ်ဆက်လက်စောင့်ကြည့်သွားမည်ဟု ၎င်းကဆက်ပြောသည်။

ဂျပန်နိုင်ငံသားများ၏ အမျိုးသားလုံခြုံရေးကိုရှေးရှု၍ တာဝန်အသစ်များ ဆက်လက်ပေးသွားမည်ဟုလည်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။ တောင်ဆူဒန်၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လုံခြုံရေး အခြေအနေတည်ငြိမ်ရန် လိုအပ်နေသေးသော်လည်း မြို့တော်ဂျူဘား၌မူ အခြေအနေများတည်ငြိမ်နေသည်ဟု ဆိုသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အခြေအနေကိုကြည့်၍ သတိပေးမှုများထုတ်ပြန်သွားမည်ဟု ပြောသည်။ **(အင်နှအိတ်ချ်ကေ)**

ဆက်လက်ရှင်သန်နိုင်ဖွယ်မြင်တော့တဲ့ ပစိဖိတ်ကုန်သွယ်မှုစာချုပ်

အမေရိကန်ရဲ့ သမ္မတရွေးကောက်ပွဲမှာ အမေရိကန်လုပ်ငန်းရှင် သူဌေးကြီး ဒေါ်နယ်ထရန့် အံ့အားသင့်ဖွယ် အနိုင်ရရှိခဲ့ပြီး ရက်အနည်းငယ်အကြာမှာ သမ္မတအိုဘားမား ဦးဆောင်တဲ့ အုပ်ချုပ်ရေးအဖွဲ့ဟာ အငြင်းပွားဖွယ်ရာ ပစိဖိတ်ဖြတ်ကျော် ကုန်သွယ်ရေးပူးပေါင်း ဆောင်ရွက်မှုစာချုပ်ကို အတည်ပြုနိုင်ဖို့ မျှော်လင့်ချက်မှန်သမျှ စွန့်လွှတ်လိုက်ဟန်ရှိကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့ပါတယ်။

ကလျာမိုးမြင့် . . . .

ရီပတ်ဘလစ်ကန် လွှတ်တော်ခေါင်းဆောင်တွေက နိုင်ငံပေါင်း ၁၂ နိုင်ငံပါဝင်တဲ့ သမ္မတအိုဘားမားရဲ့ ပစိဖိတ် ကုန်သွယ်ရေးစာချုပ် ဆက်လက်တည်ရှိနေဖို့ ထည့်သွင်းစဉ်းစားသွားမှာ မဟုတ်ကြောင်း အတိအလင်း ပြောဆိုခဲ့တယ်လို့ ဝေါစထရိဂျာနယ်က ဖော်ပြခဲ့ပါတယ်။ ထရန့်ဟာ ဒီစာချုပ်ကို သဘောတူညီမှုမရှိဘူးလို့ အမေရိကန်အာဏာပိုင်တွေရဲ့ ပြောဆိုမှုကို ကိုးကားဖော်ပြခဲ့ပါတယ်။

ထရန့်ဟာ ရီပတ်ဘလစ်ကန်အဖွဲ့ဝင်တွေ အရိုးစွဲလောက်အောင် လက်ခံကျင့်သုံးလာခဲ့တဲ့ လွတ်လပ်စွာကုန်သွယ်မှုအပေါ် ဦးစားပေးတဲ့ အစဉ်အလာကို ချိုးဖျက်လိုက်ပြီး ၎င်းသမ္မတဖြစ်ရေး ယှဉ်ပြိုင်တဲ့ လမ်းကြောင်းတစ်လျှောက်မှာ ကိုယ်ကျိုးစီးပွားကို ကာကွယ်တဲ့ ကုန်သွယ်ရေးစနစ်ကိုသာ လက်ခံကျင့်သုံးလာတာဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေးအင်အားကြီးထွားလာချိန်မှာ ကုန်ထုတ်လုပ်ငန်းတွေဆုံးရှုံးတာကို တွေ့မြင်ခဲ့ရလို့ ဒေါ်လာထွက်ပြီး ကြိုးပမ်းသမျှ အရာမထင်ခဲ့တဲ့အတွက် အခဲမကျေ ဖြစ်နေကြတဲ့ အလုပ်သမားလူတန်းစား မဲပေးသူတွေကိုဆွဲဆောင်ဖို့ ကြိုးပမ်းခဲ့ပါတယ်။

အမေရိကန်ရဲ့ ကုန်ထုတ်လုပ်ငန်းတွေကို ဖျက်ဆီးမယ့် TPP လို ကုန်သွယ်ရေး သဘောတူစာချုပ်ကို ဘယ်တော့မှ လက်မှတ်ရေးထိုးမှာမဟုတ်ဘူးလို့ ထရန့်က ကတိပေးခဲ့ပြီး အမေရိကန်ရဲ့ လုပ်ငန်းတွေကို ပြန်လည်စုစည်းဖို့ ကြိုးစားတဲ့အနေနဲ့ မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်မှုစာချုပ် (NAFTA)နဲ့အခြားသော အဓိကကျတဲ့ ကုန်သွယ်ရေးစာချုပ်တွေကိုသာ ပြန်လည် ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်သွားဖို့ ထရန့်က အာရုံစိုက်နေပါတယ်။

အိုဘားမားဦးဆောင်တဲ့ အုပ်ချုပ်ရေးအဖွဲ့ဟာ အကယ်၍များ ရွေးကောက်ပွဲမှာ ဟီလာရီကလင်တန်သာ အနိုင်ရရှိခဲ့မယ်ဆိုရင် ရွေးကောက်ပွဲအပြီးမှာ TPP ကို အတည်ပြုနိုင်ဖို့အတွက် လများစွာကြာအောင် ခက်ခက်ခဲခဲ ကြိုးစားခဲ့တာဖြစ်ပါတယ်။ TPP စာချုပ်မှာ ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ချီလီ၊ ဂျပန်၊မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်ကာပူ၊ အမေရိကန်နဲ့ ဗီယက်နမ် နိုင်ငံတွေ ပါဝင်ပါတယ်။ ငါးနှစ်ကျော်ကြာတဲ့အထိ ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ပြီးတဲ့နောက် ၁၂ နိုင်ငံက ဝန်ကြီးတွေဟာ ဖေဖော်ဝါရီလမှာ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြတာပါ။

ခုတော့ ဆယ်စုနှစ်တစ်ခုကျော်အတွင်း အကြီးဆုံး ကုန်သွယ်မှုစာချုပ်ဖြစ်တဲ့ TPP စာချုပ်အောင်မြင်ပြီးမြောက်ခြင်းမရှိမှုက သမ္မတအိုဘားမားအတွက် ခါးသီးတဲ့ ရှုံးနိမ့်မှုတစ်ခုဖြစ်ခဲ့ပြီး အာရှပစိဖိတ်ဒေသအတွင်းမှာ အမေရိကန်ရဲ့ နာမည် ဂုဏ်သတင်းကိုပါ ထိခိုက်စေလိမ့်မယ်လို့ ဝေါစထရိဂျာနယ်မှာ ဖော်ပြထားပါတယ်။ TPPစာချုပ်ဟာ အိုဘားမားရဲ့ အုပ်ချုပ်ရေးအဖွဲ့အတွက် အာရှရဲ့ မဏ္ဍိုင်လို့ တင်စားခြင်းခံရလောက်အောင်အချက်အချာကျတဲ့ စာချုပ်ဖြစ်ပါတယ်။ အာရှပစိဖိတ် ဒေသအတွင်းမှာ နေကြတဲ့ မဟာမိတ်နိုင်ငံတွေရဲ့ စီးပွားရေး၊ လုံခြုံရေးကိုခိုင်မာစေမယ့် နည်းဗျူဟာလည်းဖြစ်ပါတယ်။ ဒီစာချုပ်ဟာ အခွန်စည်းကြပ်မှုများစွာကို ဖယ်ရှားပေးမှာဖြစ်ပြီး မူပိုင်ခွင့်ဆိုင်ရာ ကာကွယ်မှုအပိုင်းမှာ အလျော့အတင်းမရှိတဲ့ ပုံသေစံနှုန်းတစ်ခုကို သတ်မှတ်ပေးမှာဖြစ်သလို ဉာဏပိုင်းဆိုင်ရာ ပိုင်ဆိုင်မှုရပိုင်ခွင့်တွေအတွက်ပါ အကူအညီပေးနိုင်မယ်လို့ ယုံကြည်အားထားခဲ့ကြပါတယ်။

လွတ်လပ်စွာ ကုန်သွယ်မှုစာချုပ်ဟာ ဖွံ့ဖြိုးတိုးတက်မှု အဆင့်မြင့်လာတဲ့ တရုတ်နိုင်ငံအတွက်လည်း ဟန်ချက်ညီမျှတဲ့ အလေးချိန်တစ်ခုအဖြစ် ထင်မြင်လာစေပါတယ်။ ကျွမ်းကျင်သူအချို့က TPP စာချုပ်ရပ်စဲသွားခြင်းဟာ အလားတူစာချုပ်မျိုးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ဒေသတွင်း အလုံးစုံသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်ရေးစာချုပ်အတွက် လမ်းကြောင်းတွေရှင်းသွားအောင် ဖွင့်ပေးလိုက်သလိုပဲလို့ ဝေဖန်သုံးသပ်ခဲ့ကြပါတယ်။

လွန်ခဲ့တဲ့တစ်နှစ်အကြာလောက်က TPP စာချုပ်ဟာ ရီပတ်ဘလစ်ကန်အဖွဲ့ဝင်တွေကြားမှာ ချန်ဒီယဲတစ်ခုလို ရေပန်းစားခဲ့ပါသေးတယ်။ သမ္မတရွေးကောက်ပွဲအတွက် ယှဉ်ပြိုင်မှုကာလအတွင်းရောက်ရှိလာချိန်မှာတော့ ကမ္ဘာနဲ့အဝန်းက ကန့်ကွက်ဆန့်ကျင်တာကို ခံလိုက်ရပြီး လူထု စုဝေးမှု အော်သံတစ်ခုအဖြစ်သို့ရောက်ရှိသွားခဲ့ပါတယ်။ ထရန့်ကတော့ TPP စာချုပ်ကို အန္တရာယ်ကောင်ကြီးလို့ ပြောင်ပြောင်တင်းတင်းပဲ အမည်တပ်လိုက်ပါတယ်။ ဒီမိုကရက်တစ်ကိုယ်စားလှယ် ဟီလာရီကလင်တန်သည်ပင်လျှင် နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့စဉ်က ဒီစာချုပ်ကို အပြည့်အဝထောက်ခံခဲ့ပေမယ့် နောက်ပိုင်းမှာထောက်ခံမှုကို ရုပ်သိမ်းသွားခဲ့ပါတယ်။

အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်များရုံးအဖွဲ့က ၎င်းတို့ဟာ လုပ်ဆောင်ရန်ကျန်ရှိနေသေးတဲ့ အချက်အလက်တွေကို ဖြေရှင်းဖို့အတွက် ကွန်ဂရက် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ အနီးကပ်လုပ်ဆောင်ခဲ့ပြီဖြစ်ပြီး ရှေ့ဆက်သွားဖို့အတွက်လည်း အဆင်သင့်ဖြစ်နေပြီလို့ ဆိုပါတယ်။ ဒါပေမယ့် ဒါဟာ ဥပဒေပြဖို့လိုအပ်တဲ့ ကိစ္စတစ်ရပ်ဖြစ်ပြီး ရှေ့ဆက် ဆောင်ရွက်သွားနိုင်ဖို့က ကွန်ဂရက်လွှတ်တော်ခေါင်းဆောင်တွေအပေါ် မူတည်နေပါတယ်လို့ ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်မှာ ဖော်ပြခဲ့ပါတယ်။

အခုဆိုရင် နိုင်ငံပေါင်း ၁၂ နိုင်ငံပါဝင်တဲ့ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတွေကို ပေါင်းစပ်ကာ အကျိုးအမြတ်ရရှိရေးလုပ်ဆောင်မယ့် ပစိဖိတ်ဖြတ်ကျော် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုစာချုပ် TPP ကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ နောက်ဆုံးအဆင့် အတည်ပြု လက်မှတ်ရေးထိုးမှုကို အသည်းအသန် လိုအပ်နေချိန်ဖြစ်ပါတယ်။အကယ်၍သာ TPP ရဲ့ စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်တဲ့ အမေရိကန်ကသာစာချုပ်ကို အတည်ပြုနိုင်ခြင်းမရှိခဲ့ဘူးဆိုရင် TPP ဟာ ပစိဖိတ်ဒေသအတွင်းမှာဘယ်နည်းနဲ့မှ သြဇာသက်ရောက်လာတော့မှာ မဟုတ်တာသေချာသွားပါပြီ။

ကိုးကား- ဆင်ဟွာ၊ ဂူဂဲလ်
(၁၂.၁၁.၂၀၁၆)

ထရန့်ကတော့ TPP စာချုပ်ကို အန္တရာယ်ကောင်ကြီးလို့ ပြောင်ပြောင်တင်းတင်းပဲ အမည်တပ်လိုက်ပါတယ်။ ဒီမိုကရက်တစ်ကိုယ်စားလှယ် ဟီလာရီကလင်တန်သည်ပင်လျှင် နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့စဉ်က ဒီစာချုပ်ကို အပြည့်အဝထောက်ခံခဲ့ပေမယ့် နောက်ပိုင်းမှာထောက်ခံမှုကို ရုပ်သိမ်းသွားခဲ့

ရုရှားတိုက်လေယာဉ်တစ်စင်း မြေထဲပင်လယ်ထဲသို့ပျက်ကျ

မော်စကို နိုဝင်ဘာ ၁၅

ရုရှား MiG-29 တိုက်လေယာဉ်သည် လေယာဉ်တင်သင်္ဘော အက်ဒ်မရယ် ကုဇနက်ဆော့ဗ်ပေါ်သို့ ဆင်းသက်ရန် ကြိုးပမ်းစဉ် မြေထဲပင်လယ်ထဲသို့ပျက်ကျသွားခဲ့သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ လေယာဉ်မှူးမှာမူလေယာဉ်အတွင်းမှ အသက်ရှင်လျက်ထွက်ခွာလာနိုင်ခဲ့သည်ဟု ဝန်ကြီးဌာနက ပြောသည်။

ယင်းလေယာဉ်တင်သင်္ဘောမှာ မကြာသေးမီကမှဆီးရီးယားကမ်းရိုးတန်းအနီး တပ်ဖြန့်ချထားသော ရုရှားစစ်ရေယာဉ်များထဲမှ တစ်စင်းဖြစ်သည်။ ဆီးရီးယားနိုင်ငံအလက်ပိုမြို့ရှိ အရပ်သားများကိုတိုက်ခိုက်ရာ၌ ယင်းသင်္ဘောပေါ်မှ တိုက်လေယာဉ်များကိုအသုံးပြု၍ တိုက်ခိုက်ခြင်းဖြစ်သည်ဟု နေတိုးအဖွဲ့က ပြောသည်။

လေ့ကျင့်ပျံသန်းစဉ် နည်းပညာပိုင်းဆိုင်ရာ စက်ချွတ်ယွင်းမှုကြောင့် တိုက်လေယာဉ်ပျက်ကျခဲ့ရခြင်းဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ ယင်းတိုက်လေယာဉ်မှာ လေယာဉ်တင်သင်္ဘောနှင့် ကီလိုမီတာအနည်းငယ်အကွာ၌ ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်မှူးကို ကယ်ဆယ်ရေးအဖွဲ့က ကယ်တင်နိုင်ခဲ့သည်။

လေယာဉ်မှူးမှာ အသက်အန္တရာယ်စိုးရိမ်ရခြင်းမရှိကြောင်း၊ နောက်ထပ်ပျံသန်းမှုတစ်ခုအတွက်အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောသည်။ တိုက်လေယာဉ်များဖြင့် လေ့ကျင့်မှုကို ရပ်ဆိုင်းသွားမည်မဟုတ်ကြောင်း သိရသည်။

ရုရှားလေယာဉ်တင်သင်္ဘောဖြစ်သည့် အက်ဒ်မရယ် ကုဇနက်ဆော့ဗ်သည် တိုက်လေယာဉ်တင်သင်္ဘောသီးသန့်ဖြစ်ပြီး ရဟတ်ယာဉ်နှင့် ပုံးကြဲလေယာဉ်ဒါဇင်ပေါင်းများစွာကို တင်ဆောင်ခဲ့သည်။

(ဘီဘီစီ)

မရမ်းကုန်းမြို့နယ် ပြည်လမ်းပေါ်၌ သုံးထပ်အဆောက်အအုံ မီးလောင်

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက် ၇ မိုင် AD လမ်း မီးပွိုင့်အနီး ပြည်လမ်းပေါ်တွင် ယနေ့ မွန်းတည့် ၁၂ နာရီခန့်က သုံးထပ်အဆောက်အအုံ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါမီးလောင်မှုဖြစ်ပွားရာတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးမိုးစုကြည်၊ တိုင်းမီးသတ်ဦးစီးညွှန်ကြားရေးမှူး ဦးသော်တာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ သန္ဓေမီးသတ် ၂၀၁ ဦး၊ အရန်မီးသတ် ၂၁ ဦး၊ ကြက်ခြေနီနှင့် လူမှုကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ရောက်ရှိပြီး မီးငြှိမ်းသတ်ယာဉ် ၄၈ စီး၊ အထောက်အကူပြုယာဉ် ခုနစ်စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ နာရေးကူညီမှု ကယ်ဆယ်ရေးယာဉ်များဖြင့် မီးငြှိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ၇ ရပ်ကွက် ၇ မိုင်ပြည်လမ်း အမှတ် ၃၅ ရှိ ပေ ၈၀×၆၀ ဖန်လုံ တိုက်ခံ အဆောက်အအုံ အိမ်အလှဆင်ကုန်ပစ္စည်း (Living Square) ကုန်တိုက်အပေါ်ထပ် Braker မှ ပိုင်ယာရှော့ခ်ဖြစ်ပြီး မီးပွားလွင့်စဉ်ကာ အောက်ထပ်ရှိ မွေ့ရာပေါ်သို့ ကျရောက်ပြီး နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် မီးစတင်လောင်ကျွမ်းခဲ့သည်။ အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ အိမ်အလှဆင်အရောင်းပစ္စည်းများနှင့် အဆောက်အအုံ စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၇၅ သိန်း ဆုံးရှုံးကြောင်းနှင့် တိုင်းမီးသတ်ဦးစီးညွှန်ကြားရေးမှူး ဦးသော်တာမှာ ယာဘက်လက်ဖဝါး မှန်စထိမှန် ကွဲရှဒဏ်ရာရရှိ(မစိုးရိမ်ရ)ရရှိသဖြင့် ဆေးကုသမှုခံယူရကြောင်း၊ ပိုင်ရှင် ဦးသန်းထွန်းအောင်အား မရမ်းကုန်းမြို့မရဲစခန်းက မီးပေါ့ဆမှုဖြင့် စိစစ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်း - မျိုးမင်းသိန်း (မရမ်းကုန်း)၊ ဓာတ်ပုံ - မောင်ဖုန်း

မန်ကျည်းပင်အောက်ခြေ၌ ပိုက်ကာရံရာမှ စကားများရန်ဖြစ်၍ လူသတ်မှုဖြစ်ပွား

ငွေဆောင် နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ အမှတ်(၄)ရပ်ကွက် ဘူးကွဲကြီးကျေးရွာ၌ နိုဝင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီက လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ငွေဆောင်မြို့ အမှတ် (၄)ရပ်ကွက် ဘူးကွဲကြီးကျေးရွာရှိ ဦးဟာရှင် အုတ်ဖိုအနီး ဒေါ်ညိုညိုစန်း လယ်မြေတွင် နေထိုင်သော ဦးဇင်မင်းဦး (၃၈ နှစ်) သည် ၎င်း၏ ဇနီး၊ သမီးဖြစ်သူ တို့နှင့်အတူ နေအိမ်တွင်ရှိနေစဉ် တစ်ရွာတည်းနေ ဦးပြုံးချို (၄၃ နှစ်)က ရောက်ရှိလာပြီး ဦးဇင်မင်းဦး အိမ်ရှေ့ရှိ မန်ကျည်းပင်အောက်ခြေအား ပိုက်စုတ်များနှင့် ကာရံသဖြင့် ဦးဇင်မင်းဦးက ယင်းမန်ကျည်းပင်အား ပိုက်ဖြင့်မကာရန် ၎င်းတွင် ကြက်များမွေးထားသဖြင့် ကာရံပါက ပိုက်တွင်ငြိမည်ဖြစ်ကြောင်းနှင့် မန်ကျည်းသီးများကိုလည်း အခြားသူများ ခူးမစားရအောင် ကြည့်ထားပေးမည်ဖြစ်ကြောင်း ပြောရာ ဦးပြုံးချိုက ပိုင်ရှင် ဒေါ်ညိုညိုစန်းကို ပြော၍ ကာရံခြင်းဖြစ်ကြောင်း၊ မကျေနပ်လျှင် တစ်အိမ်သားလုံး ထွက်သွားဟုပြောပြီး အိမ်ရှေ့ရှိ ခြေနင်း ခုံတွင်ဝင်ရောက်ထိုင်လျက် တစ်ယောက် တစ်ခွန်းစကားများကြရာမှ ဦးဇင်မင်းဦးက ၎င်းဘေးမှ အရိုး တစ်ပေ ကိုးလက်မ အသွား တစ်လက်မခန့်ရှိသော ဓားဖြင့် ဦးပြုံးချို၏ နောက်ဘက်မှနေ၍ လည်ပင်းအား တစ်ချက်ခုတ်ခဲ့ရာ ဦးပြုံးချိုမှာ ယင်းနေရာတွင် လည်ပင်းပြတ်လုနီးပါးဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ဦးဇင်မင်းဦးက ငွေဆောင်ရဲစခန်းတွင် လာရောက်အဖမ်းခံခဲ့သဖြင့် ငွေဆောင်ရဲစခန်းမှ စခန်းမှူး ဦးထွန်းထွန်းစိုးက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မူမူ(ပြန်/ဆက်)

မိုင်းရှူးမြို့ မြို့နယ်သစ်တောရုံး၌ မီးလောင်မှုဖြစ်ပွား

လွိုင်လင် နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ်၌ နိုဝင်ဘာ ၁၅ ရက် နံနက် ၀၀ နာရီ ၁၅ မိနစ်ခန့်က မိုင်းရှူးမြို့ အမှတ်(၄) ရပ်ကွက်ရှိ မြို့နယ်သစ်တောရုံးတွင် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မိုင်းရှူးမြို့နယ်သစ်တောရုံးတွင် နေထိုင်သည့် သစ်တောဝန်ထမ်း(တောအုပ်)ဦးသံဘောလူသည် ၎င်းနေထိုင်သည့် အလျား ၂၇ ပေ × အနံ ၂၇ ပေရှိ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ မြေစိုက်(တစ်ထပ်အိမ်)မီးဖိုချောင်တွင် ဖယောင်းတိုင်မီးထွန်းခဲ့ရာ လဲကျ၍ အနီးရှိ မီးသွေးအိတ်များကို ကူးစက်ရာမှ မီးစတင်လောင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် မြေစိုက်တစ်ထပ်အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

မီးလောင်မှုကို မိုင်းရှူးမြို့နယ် မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် နှစ်စီး၊ သန္ဓေမီးသတ် ၁၀ ဦး၊ အရန်မီးသတ် ၂၅ ဦး၊ ရဲ ၁၀ ဦးနှင့် ရပ်ကွက်နေပြည်သူတို့က ပိုင်းဝန်းငြှိမ်းသတ်ရာ နံနက် ၀၀ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးပေါ့ဆသူ သစ်တောဝန်ထမ်း(တောအုပ်)ဦးသံဘောလူအား မိုင်းရှူးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နိုဝင်ဘာ ၁၅ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက် (အဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

စဉ်	အမျိုးအစား	ထွက်ရှိရာဒေသ	ယူနစ်	ဈေးကွက်	ဈေးနှုန်း(ကျပ်)ပျမ်းမျှ
၁။	ပေါ်ဆန်း(ဆန်)	နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို)	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၃၁၀၀၀ မှ ၄၅၅၀၀
၂။	ဧည့်မထ(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၆၅၀၀ မှ ၁၈၅၀၀
၃။	ငစိန်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၇၀၀၀ မှ ၁၉၀၀၀
၄။	မြီးတုံး(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၀၀၀၀ မှ ၂၂၀၀၀
၅။	မိုးသုခ(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၃၀၀၀ မှ ၂၄၀၀၀
၆။	နွေသီးထပ်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၇၀၀၀ မှ ၁၇၅၀၀
၇။	မတ်ပဲ FAQ/RC		တစ်တန်	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၂၇၃၀၀၀
၈။	ပဲတီစိမ်း(ပဲ)	နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ပဲခူး၊ ဝါးခယ်မ)	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၂၅၀ မှ ၁၈၃၅
၉။	ကြက်သွန်နီ	ဆိပ်ဖြူ၊ မြင်းခြံ၊ မိတ္တီလာ	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၇၅ မှ ၁၁၂၅
၁၀။	ကြက်သွန်ဖြူ	ကြူကုတ်	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	-
၁၁။	ကြက်သွန်ဖြူ	တောင်ကြီး၊ အောင်ပန်း	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၃၂၅၀ မှ ၄၃၀၀
၁၂။	ငရုတ်ရှည်	အိန္ဒိယ	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၄၀၇၅ မှ ၄၁၇၅
၁၃။	ငရုတ်(မိုးထောင်)	ပျော်ဘွယ်၊ ကျောက်ဆည်၊ သဲတော	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၉၅၀ မှ ၃၄၀၀
၁၄။	အာလူး	အောင်ပန်း	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၃၅၀ မှ ၈၀၀
၁၅။	အစေ့ထုတ်ပြောင်း	ကျောက်မဲ၊ နောင်ချို၊ လားရှိုး၊ သီပေါ	တစ်ပိဿာ	လားရှိုးကုန်စည်ဒိုင်	၃၂၅ မှ ၃၅၀
၁၆။	ဖရဲသီး	၈၅၅	တစ်လုံး	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၁၇၀၀ မှ ၂၅၀၀

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

နိုင်ငံတကာသတင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံက တရုတ်နိုင်ငံမှ ရေငုပ်သင်္ဘောနှစ်စင်းကို ဝယ်ယူ

ဒါကာ နိုဝင်ဘာ ၁၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တနလင်္ဂနေ့က ၄င်းတို့၏ ပထမဦးဆုံးသော ရေငုပ်သင်္ဘောကို တရုတ်နိုင်ငံမှ ဝယ်ယူခဲ့ပြီးနောက် သယ်ဆောင်ခဲ့ရာ ဘင်္ဂလားပင်လယ်အော်အတွင်း ၄င်း၏ ရေတပ်အင်အားကို ချဲ့ထွင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ စုစုပေါင်းဒေါ်လာသန်း ၂၀၀ ဖြင့် ယင်းရေငုပ်သင်္ဘောနှစ်စင်းကို ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဝယ်ယူမှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား ကာကွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြင့်လာသည်ကို ထင်ဟပ်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မကြာသေးမီနှစ်များမှစ၍ ၄င်း၏ စစ်ရေးအင်အားကို တိုးချဲ့လာခဲ့ပြီး အိမ်နီးချင်း မြန်မာနိုင်ငံနယ်စပ်အနီးတွင် လေတပ်အခြေစိုက်စခန်းများ ဆောက်လုပ်ခြင်း၊ နိုင်ငံတစ်ဝန်း စစ်အခြေစိုက်စခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် စစ်သင်္ဘောသစ်များ ထပ်မံဖြည့်တင်းမှုများ ပြုလုပ်လာခဲ့သည်။

၂၀၁၃ ခုနှစ်၌ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ရုရှားတို့ထံမှ အမောင်းသင်တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ တင့်ကားဖျက်ဒုံးကျည်များ ဝယ်ယူရန် ဒေါ်လာသန်းတစ်ထောင်တန် စာချုပ်ချုပ်ဆိုခဲ့သည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မြန်မာ၊ အိန္ဒိယတို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ဖြစ်ပွားခဲ့သော ရေပိုင်နက်အငြင်းပွားမှုတွင် ကုလသမဂ္ဂက ကြားဝင်ဖြေရှင်းပေးခဲ့ရပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့်လည်း ၄င်းတို့၏ ရေပိုင်နက်တွင် ရေနံထုတ်ယူရန် နိုင်ငံတကာကုမ္ပဏီများကို ဖိတ်ခေါ်နိုင်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် လွန်ခဲ့သောလက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့ရာ နှစ် ၃၀ အတွင်း ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်သည့် ပထမဦးဆုံး တရုတ်သမ္မတဖြစ်သည်။

အေအက်ဖ်ပီ



ဂီယာဝင်နေသောယာဉ်ကို စက်နှိုးရာမှ စက်ရုံဆင်းအမျိုးသမီးကို တိုက်မိ၍ သေဆုံး

ရန်ကုန် နိုဝင်ဘာ ၁၅

လှိုင်သာယာမြို့နယ်၌ နိုဝင်ဘာ ၁၅ ရက် နံနက် ၇ နာရီက ဗိုလ်အောင်ကျော် အိမ်ရာ တိုက်(၄)မြေညီထပ် လူသွား လမ်းမပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားရာ စက်ရုံဆင်းအမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယင်းနေ့ နံနက်ပိုင်းက ဗိုလ်အောင်ကျော်အိမ်ရာ တိုက်(၄) မြေညီထပ် အခန်း(၀၀၂)မှ ယာဉ်မောင်း ဦးစောဝင်း (၅၅ နှစ်)သည် Light Truck YGN-8B/---- ကို မောင်းထွက်စဉ် နောက်ပြန် ဂီယာဝင်နေသည်ကို ဂီယာဖြုတ်ထားသည်ထင်၍ စက်နှိုးရာ နောက်သို့ ထွက်သွားပြီး အရှေ့သို့ လျှောက်လာသော မဝင်းသူဇာ (၃၁ နှစ်) စက်ရုံဆင်းနေသူကို တိုက်မိ၍ လဲကျသွားစဉ် ကြိတ်မိသည့်အတွက် သေဆုံးသွားပြီး တိုက်(၄) အခန်း(၀၀၂)၏ ရှေ့အုတ်နံရံကို ထပ်မံတိုက်မိကာ ယာဉ်မှာ ရပ်တန့်သွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဦးစောဝင်းကို လှိုင်သာယာမြို့မရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

(၁၆၄)

ယာဉ်တိုက်မှု ဖြစ်ပွားသည့် မော်တော်ယာဉ်ကို တွေ့ရစဉ် ဓာတ်ပုံ- သန်းစိုး

ခရီးသည်တင်ယာဉ် ဘရိတ်ပေါက်၍ ပေ ၄၀၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်၊ လူသေဆုံး

နေပြည်တော် နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် စခန်းကြီးကျေးရွာ မန္တလေး-မိုးကုတ် ကားလမ်း မိုင်တိုင်အမှတ်(၁၀၇/၃-၄) ကြားတွင် နိုဝင်ဘာ ၁၄ ရက်က ခရီးသည်တင်ယာဉ်တစ်စီး ချောက်ထဲသို့ ထိုးကျတိမ်းမှောက်သွားကြောင်း သတင်းအရ ကျပ်ပြင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မိုးကုတ်မှ မန္တလေးသို့ မတ္တရာမြို့နယ် ရွှေဘုံသာကျေးရွာနေ ဦးတင်စိုး(၅၂ နှစ်) မောင်းနှင်သော ၇က/---- Rosa ခရီးသည်တင် ယာဉ်သည် ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ခြမ်း၌ရှိသော အနက် ပေ ၄၀၀ ခန့်ရှိ ချောက်ထဲသို့ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ၃၄ ဦးအနက် ဒေါ်နော်နော်ပါသုံးဦးသည် ဒဏ်ရာများရရှိကာ အဆင်းဖြစ်နေရာ၌ သေဆုံးသွားပြီး ဒေါ်သန်းသန်း (၅၈ နှစ်) ပါ ၃၁ ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် မိုးကုတ်ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်းကို ကျပ်ပြင်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ

ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်နှစ်စီးတိုက်၊ တစ်ဦးသေဆုံး

နေပြည်တော် နိုဝင်ဘာ ၁၅

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဘောနက်ကြီးအမြန်လမ်းရဲတပ်ဖွဲ့ပိုင် မိုင်တိုင်အမှတ် ၄၀/၀ နှင့် ၄၀/၁ ကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းအောင်ကျော်စိုး မောင်းနှင်လာသော ဟွန်ဒိုင်းမော်တော်ယာဉ်သည် ယနေ့ နံနက် ၅ နာရီခွဲက ယာဉ်မောင်းအိပ်ငိုက်ပြီး ရှေ့မှ ESE ခရီးသည်တင်ယာဉ် ဝဘက်နောက်ပိုင်းကို ဝင်တိုက်မိပြီး ရပ်တန့်သွားခဲ့သည်။

ဖြစ်စဉ်ကြောင့် ခရီးသည်တင် Express ကားပေါ်ပါသူ ၄၆ ဦးမှာ ထိခိုက်ဒဏ်ရာ ရရှိမှု မရှိသော်လည်း ဟွန်ဒိုင်းယာဉ်ပေါ်ပါ ၁၆ ဦးအနက် အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသား တစ်ဦး၊ အမျိုးသမီး ရှစ်ဦး ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သည်။

ယာဉ်တိမ်းမှောက်

ထို့အပြင် ယနေ့နံနက် ၆ နာရီ ၁၅ မိနစ်က ဗောဓိကုန်း အမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင်အမှတ်(၁၃၈/၁)နှင့် (၁၃၈/၂)ကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း တင်ဇော်လတ် မောင်းနှင်လာသော ပရိုဘောက်ယာဉ်မှာ ရှေ့ဘီးပေါက်ပြီး လမ်းလယ်ကပ်တုံးကို တိုက်မိ၍ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ သုံးဦးအနက် အမျိုးသားနှစ်ဦး ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သည်။ အဆိုပါ ဖြစ်စဉ်များကြောင့် ယာဉ်ကို မဆင်မခြင်ပေါ့ဆစွာ မောင်းနှင်သော ယာဉ်မောင်းများအား သက်ဆိုင်ရာအမြန်လမ်းရဲတပ်ဖွဲ့စခန်းများက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

မူးယစ်အန္တရာယ် လူ့ရန်စွယ်၊ ကာကွယ်တိုက်ဖျက် လက်ချင်းဆက်

အင်းတော်မြို့အဝင်၌ တရားမဝင်ကျွဲ ၈၂ သိန်းဖိုး ဖမ်းမိ

အင်းတော် နိုဝင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နားခါကျေးရွာအနီး၌ နိုဝင်ဘာ ၁၃ ရက်က တရားမဝင်ကျွဲကောင်ရေ ၂၀ ဖမ်းမိခဲ့ကြောင်း သိရသည်။

အင်းတော်ခရဲစခန်းမှ ခဲအုပ်သောင်းစိန်ထွန်းနှင့် အဖွဲ့သည် ကျွဲ၊ နွားမှောင်ခို သတင်းအရ အင်းတော်မြို့နယ် နားခါကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားကားလမ်း၌ စောင့်ဆိုင်းနေစဉ် ယာဉ်မောင်းစောမိုး(ခ)ချစ်ကို မောင်းနှင်၍ ယာဉ်နောက်လိုက်အောင်အောင် လိုက်ပါလာသော ၁၀ ဘီးယာဉ်ကို မသင်္ကာ၍ စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်၌ ကာလတန်ဖိုးငွေကျပ် ၈၂ သိန်းရှိ တရားမဝင်ကျွဲ အကောင် ၂၀ ကို စစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင် ကျွဲသယ်ဆောင်သူ စောမိုး(ခ)ချစ်ကို အောင်ဇေယျရပ် အင်းတော်မြို့နေသူနှင့် အောင်အောင်(ခ)အောင်မြင့်သူ နန်မွန်းကျေးရွာ မိုးညှင်းမြို့နယ်နေသူတို့ကို အင်းတော်ခရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လူအောင်(ကသာ)

မင်္ဂလာဆောင်၌ အရက်မူးပြီးစကားများရာမှ လူသတ်မှုဖြစ်ပွား

အုတ်တွင်း နိုဝင်ဘာ ၁၅

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကြက်တက်ညောင်ပင်ကျေးရွာအုပ်စု သာယာကုန်းချင်းရွာ၌ နိုဝင်ဘာ ၁၃ ရက်က မင်္ဂလာဆောင်နေအိမ်၌ အရက်မူး စကားများကာ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

သာယာကုန်းချင်းရွာနေ မောင်လှိုင်ဦး၏ မင်္ဂလာဆောင်၌ ဦးမြင့်လွင်(၅၄ နှစ်)သည် ထမင်းချက်နေစဉ် တစ်ရွာတည်းနေ ဇော်မင်းဌေး၊ မြင့်သိန်း၊ ကိုနိုင် (၄၃ နှစ်)တို့ ရောက်ရှိလာပြီး ဝိုင်းဖွဲ့အရက်သောက်စားခဲ့ကြကြောင်း၊ ထိုသို့ အရက်သောက်စားရင်း ဦးမြင့်လွင်နှင့် ကိုနိုင်တို့ တစ်ယောက်တစ်ခွန်းစကားများကာ ဦးမြင့်လွင်က ကိုနိုင်အား လေးခွဖြင့်ပစ်ခဲ့သည်။

ထိုသို့ လေးခွဖြင့်ပစ်သည်ကို မကျေနပ်၍ ကိုနိုင်၏ ဇနီး ဖြစ်သူ မချို(၄၃ နှစ်)က ဦးမြင့်လွင်ကို ချုပ်ကိုင်ပေးထားပြီး မျက်နှာအား လက်နှိပ်ဓာတ်မီးဖြင့် ထိုးထားစဉ် ကိုနိုင်က အသင့်ယူဆောင်လာသော အိုး/အသွား ၁၁ လက်မရှိ ဓားမြောင်ဖြင့်ထိုးခဲ့ရာ ဦးမြင့်လွင်မှာ ထိုးသွင်းဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့၍ အုတ်တွင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

တောင်ကြီးနှင့် လှိုင်လင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၅

မူးယစ်တပ်ဖွဲ့စု(၂၇) လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၄ ရက်က လှိုင်လင်မြို့နယ် ပန်ခေါက်ပိုးကျေးရွာ ဘုန်းတော်ကြီးကျောင်းရှေ့လှိုင်လင်-နမ့်စန်သွား ကားလမ်းမပေါ်၌ ထူးဆန်း ခရီးသည်တင် ပရိုဘောက်မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် မဆားရ၏ ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၃ ရက်က တောင်ကြီးမြို့နယ် လွယ်တော်ကျေးရွာအုပ်စု ကောင်းမှုစဉ်ကျေးရွာအနီး မိုင်းပျဉ်း-တောင်ကြီးသွား ကားလမ်းမပေါ်၌ အောင်ထူးမောင်းနှင်ပြီး ဇော်နိုင်ဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ပအိုဝ်းပြည်သူ့စစ်အဖွဲ့က မသင်္ကာသဖြင့် ထိန်းသိမ်းပြီး တောင်ကြီးနယ်မြေရဲစခန်းသို့ လာရောက်အပ်နှံ၍ လက်ခံရှာဖွေရာ အောင်ထူးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅၀ သိမ်းဆည်းရမိသဖြင့် ၄င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့
ရေကြောင်းအမြန်ယာဉ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၏ သွားလာမှုအဆင်ပြေချောမွေ့စေရန်နှင့် ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့နိုင်ရေးအတွက် အမြန်ယာဉ်ဖြင့် ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လှိုင်မြစ်နှင့် ငပိုးရိပ်ချောင်းများတွင် စတင်ပြေးဆွဲရန် စီစဉ်လျက်ရှိရာ လုပ်ကိုင်လိုသော ပြည်တွင်းကုမ္ပဏီလုပ်ငန်းရှင်များနှင့် ပြည်တွင်း/ပြည်ပပေါင်းစပ်လုပ်ကိုင်လိုသည့် ကုမ္ပဏီများကို ဖိတ်ခေါ်အပ်ပါသည်။

၂။ ခရီးသည်တင် အမြန်ရေယာဉ်များကို အောက်ပါအတိုင်း ပြေးဆွဲရန် ရည်ရွယ်ပါသည်။

(က) လှိုင်မြစ်ကြောင်းတစ်လျှောက်တွင် တစ်စီးလျှင်ခရီးသည် (၅၀မှ ၁၀၀) (Design)အကြား တင်ဆောင်နိုင်သည့် ရေယာဉ်များ ပြေးဆွဲခြင်း။

(ခ) ငပိုးရိပ်ချောင်းတစ်လျှောက်တွင် တစ်စီးလျှင်ခရီးသည် (၃၅မှ၆၀) (Design) အကြားတင်ဆောင်နိုင်သည့် ရေယာဉ်များပြေးဆွဲခြင်း။

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အခန်းအမှတ်(၂၁၆)တွင် ၂၁-၁၁-၂၀၁၆ရက်မှ ၂၀-၁၂-၂၀၁၆ရက်အထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ တင်ဒါလျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်ပြီး ၂၆-၁၂-၂၀၁၆ရက်ညနေ ၄း၃၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပြီး သတ်မှတ် ထားသည့် တင်ဒါစည်းကမ်းချက်များနှင့် ကိုက်ညီသော အဆိုပြုလွှာတင်သွင်းမှုများကို အမြန်စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၉-၇၇၇၃၆၄၁၅နှင့် ၀၉-၉၇၇၉၅၆၄၀၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့

ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့၊ အငြိမ်းစားအရာရှိများသို့ ဖိတ်ကြားခြင်း

ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့၊ အငြိမ်းစားအရာရှိများ၏ ဒုတိယအကြိမ်မြောက် သက်ကြီးဂါရဝပြုပွဲနှင့် မိသားစုမိတ်ဆုံညစာစားပွဲအား အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အငြိမ်းစားအရာရှိများနှင့် ဧနီးများကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ ၁၉-၁၁-၂၀၁၆ရက် (စနေနေ့)
အချိန် ။ ။ ညနေ ၆ နာရီမှ ည ၇ နာရီထိ
နေရာ ။ ။ ဂန္ဓမာကုန်တိုက် ၊ Grand Ballroom
ဂန္ဓမာလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ မရမ်းကုန်း

အခမ်းအနားကျင်းပရေးကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

ဗန်းမော်မြို့၊ အထက(၂)မှ အထက်တန်းပြ ဆရာမ ဒေါ်ကြည်ကြည်အေး ၁/ဗမန(နိုင်) ၀၃၆၂၇၏ဖခင် ဦးစုဘူဒီး ပါဒနာ(ခ)ဦးဆူဘူဒီး (ခ) ဦးစူပတီးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဆူဘူဒီး

တစ်ဦးတည်းဖြစ်ပါကြောင်း

ဗန်းမော်မြို့၊ အထက(၂)မှ အထက်တန်းပြ ဆရာမ ဒေါ်အမ်နေမ်ရာ(ခ)ဒေါ်ခင်ခင်အေး ၉/မရမ(နိုင်)၀၁၃၆၂၈၏ဖခင် ဦးဖော်ဒိန်း(ခ)ဦးမရန်ဖော်ဒိန်း(ခ)ဦးအမ်ဖော်ဒိန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအမ်ဖော်ဒိန်း

တစ်ဦးတည်းဖြစ်ပါကြောင်း

ဗန်းမော်မြို့၊ အထက(၂)မှ အထက်တန်းပြဆရာမ ဒေါ်အမ်နေမ်ရာ(ခ)ဒေါ်ခင်ခင်အေး ၉/မရမ(နိုင်) ၀၁၃၆၂၈သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဒေါ်အမ်နေမ်ရာ(ခ)ဒေါ်ခင်ခင်အေး

23 မဆလာ (စက်ခြေထည်ချုပ်လုပ်ငန်း)

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနှံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

အမှတ်(၀၃၀) ငါးထပ်ကြီးဘုရားလမ်း ဗဟန်းမြို့နယ်၊ မန်တုန်မြို့။
ဖုန်း - ၀၁ - ၅၄၄၃၂၂ ၀၉၇၃၀၀၅၆၆၈။ ဝမ်စ်ဝဲဂ်ဂ်ဂ္ဂ ဝ၉၂၅၀၄၉၉၇၂

VIETCHIN DEVELOPMENT INSTITUTE
East Gyogone, Insein

Central Luzon State University မှ ချီးမြှင့်မည့် Master and Ph.D Programs in Education, Rural Development, Environmental Management (Classes Starting in Jan 2017), နှင့် Vietnam နိုင်ငံ Ton Duc Thang University မှ Full Scholarship ဖြင့် ပညာသင်ကြားနိုင်ရန် VDI မှ တဆင့် လျှောက်ထားနိုင်ပါသည် (Last Date for Application Nov 30, 2016)။

ဆက်သွယ်ရန် - VDI, 81-B,5th St.(North) East Gyogone, Insein
Phone: - 09-455727261
E-Mail - vdiedu@gmail.com
director@vdiedu.org

Pee Mak မင်းသား မာရီယို မြန်မာဖက်ရှင်ရှိးတွင် ပါဝင်ဆင်နွဲမည်

ရန်ကုန် နိုဝင်ဘာ ၁၅

Penshoppe Myanmar သည် ၎င်း၏ Brand Ambassador တစ်ဦးဖြစ်သော Mario Maurer နှင့် အတူ ဆီဒိုးနားဟိုတယ်၌ ယနေ့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)** ဖိလစ်ပိုင်ဖက်ရှင် အဝတ်အထည်ကုန်ပစ္စည်းအမှတ်တံဆိပ်ဖြစ်သည့် Penshoppe သည် ကမ္ဘာ့အရှေ့ပိုင်းမှ အရှေ့အလယ်ပိုင်းဒေသထိ ထိုးဖောက်မှုရှိပြီး လွန်ခဲ့သော နှစ်လက မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။

Penshoppe ၏ နိုင်ငံတကာ Endorser အဖြစ် ငါးနှစ်ကျော် တာဝန်ယူခဲ့သော Mario က "ပေါ့ပါးသစ်လွင်ပြီး စတိုင်အပြည့်ရှိတဲ့အပြင် ဈေးနှုန်းချိုသာတဲ့ Penshoppe ကို ရရှိနိုင်တဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံ ပါဝင်လာတာကို သိရတော့ ဝမ်းသာမိပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံ၌ Pee Mak မင်းသားဟု လူသိများ ကျော်ကြားလာသော Mario Maurer သည် ယခုအခါ မြန်မာနိုင်ငံ၌ Facebook follower တစ်သန်းကျော်ရှိလာပြီ ဖြစ်သည်။ Penshoppe မှ 'Mario Maurer Special Fans of Myanmar' ဟု အမည်ပေးထားသည့် Facebook group နှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံမှ ကံထူးသူ ပရိသတ်များကို သတင်းစာရှင်းလင်းပွဲတွင် Mario နှင့် တွေ့ဆုံမိတ်ဆက်နိုင်ရန်လည်း စီစဉ်ပေးခဲ့သည်။ အင်းလျားလိတ်ဟိုတယ်၌ ပြုလုပ်မည့် Penshoppe ဖက်ရှင်ရှိးပွဲတွင် မြန်မာနိုင်ငံမှ မော်ဒယ်များက သစ်လွင်ခေတ်မီသော ဖက်ရှင်ဒီဇိုင်းများကို ပြသသွားမည်ဖြစ်သည်။ Mario Maurer နှင့် ပရိသတ်များ အတူတူကစားနိုင်မည့် ပျော်ရွှင်ဖွယ်ရာကစားနည်းများ၊ ဓာတ်ပုံရိုက်ရန် အခွင့်အလမ်းများ၊ လက်ဆောင်ပေးသည့်အစီအစဉ်များကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။ **သွန်းဝဿန်**

မန္တလေး - စစ်ကိုင်း လက်ရွေးစင်ဘောလုံးသမားဟောင်းများ ချစ်ကြည်ရေးယှဉ်ပြိုင်

မန္တလေး နိုဝင်ဘာ ၁၅

စစ်ကိုင်းမြို့ ဘောလုံးသမားဟောင်းများ လူမှုကူညီစောင့်ရှောက်ရေးအသင်း၏ တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး လက်ရွေးစင် ဘောလုံးသမားဟောင်းများအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးလက်ရွေးစင် ဘောလုံးသမားဟောင်းများအသင်းတို့၏ ချစ်ကြည်ရေးဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲက စစ်ကိုင်းခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲမစတင်မီ နှစ်ဖက်အသင်းမှ အားကစားသမားများနှင့် ဒိုင်လူကြီးတို့ကို စစ်ကိုင်းမြို့ ဘောလုံးသမားဟောင်းများ လူမှုကူညီစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဦးကိုကြီးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း လိုက်လံနှုတ်ဆက်အားပေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ ဘောလုံးပွဲယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်းအသင်းက စစ်ကိုင်းတိုင်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆုဖလားချီးမြှင့်ပေးခဲ့သည်။

ထို့နောက် အားကစားခန်းမ၌ တစ်နှစ်ပြည့်တွေ့ဆုံပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

မန္တလေးတိုင်းဒေသကြီး လက်ရွေးစင် ဟောင်း အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး လက်ရွေးစင် ဟောင်းအသင်းတို့ ချစ်ကြည်ရေး ဖိတ်ခေါ် ဘောလုံး ပြိုင်ပွဲ ယှဉ်ပြိုင် ကစားစဉ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး အများအားဖြင့် သာယာမည်ဖြစ်သည်။ (မိုး/ဇလ)

(၂၇)ကြိမ်မြောက် ကမ္ဘာ့ကလေးများနေ့အကြို အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၅

နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်မည့် (၂၇)ကြိမ်မြောက် ကမ္ဘာ့ကလေးများနေ့အကြို အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို နိုဝင်ဘာ ၁၅ ရက်က ကျောက်ပန်းတောင်းမြို့နယ် ရွာလပ်ကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် Upper KM အဖွဲ့မှ ပရိဂရမ်မန်နေဂျာ ဦးစိုးမိုးက အမှာစကားပြောကြားပြီး အသက်(၅)နှစ်အောက် ကလေးများ မုန့်စားပြိုင်ပွဲ၊ အသက်(၁၂)နှစ်အောက် ကလေးများ မီတာ ၅၀ အပြေးပြိုင်ပွဲ၊ အိတ်စွပ်အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ပျော်ရွှင်စွာဆင်နွဲကြသည်။ **(ဝဲပုံ)** ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ Upper KM အဖွဲ့မှ ပရိဂရမ်မန်နေဂျာနှင့် တာဝန်ရှိသူများ၊ ရွာလပ်ကျေးရွာမှ ရပ်မိရပ်ဖများက ဆုရကလေးငယ်များအား ဆုများချီးမြှင့်သည်။ **နေအောင်(ပြန်/ဆက်)**

✻ ကျောဖုံးမှ

"ဒီသတ္တုထည်ပစ္စည်းကြီးက အလေးချိန် ငါးတန်လောက်ရှိတဲ့အတွက် ကားပေါ်တင်ဖို့ တော်တော်လေး ခက်ခက်ခဲခဲနဲ့ နံနက် ၁၀ နာရီခွဲလောက်မှာ တင်ခဲ့တယ်။ ပြီးတဲ့အခါမှာ ကျွန်တော်တို့ ကျောက်စိမ်းတောင်ကုမ္ပဏီက နယ်မြေခံတပ်မတော်ရဲ့ လုံခြုံရေးအကူအညီယူပြီး နယ်မြေခံတပ်သို့ သယ်ဆောင်ဖို့ လူ၊ စက်ယန္တရားအားနဲ့ အသုံးပြုပြီး ကူညီဆောင်ရွက်ပေးခဲ့တယ်" ဟု ယင်းသတ္တုထည်ပစ္စည်းကြီး သယ်ယူပို့ဆောင်ရာတွင် လိုက်ပါတာဝန်ယူခဲ့သူ ကိုမိုးမင်းစံက ပြောသည်။

ဒုံး (သို့) ဂြိုဟ်တုအစိတ်အပိုင်းတစ်ခုဟု ယူဆရသည့် အဆိုပါ သတ္တုထည်ပစ္စည်းကြီးသည် နိုဝင်ဘာ ၁၀ ရက် နံနက် ၆ နာရီခွဲဝန်းကျင်က လုံးခင်းကျေးရွာအုပ်စုမှော်စီစာကျေးရွာအနောက်ဘက် တစ်မိုင်ခန့်အကွာ ခိုင်လုံနှင့် ပြည်တန်ရတနာ ကျောက်မျက်ကုမ္ပဏီလုပ်ကွက်ကြား၌ ကျယ်လောင်သော အသံကြီးနှင့် ကောင်းကင်မှ ကျလာခဲ့ခြင်းဖြစ်သည်။ အဆိုပါ သတ္တုအပိုင်းအစကြီးသည် အလျား ၁၂ ပေ၊ အချင်းခြောက်ပေ၊ လုံးပတ် ပေ ၃၀ ခန့်၊ ခန့်မှန်းအလေးချိန် ငါးတန်ခန့်ရှိပြီး တစ်ဖက်ပိတ်၊ တစ်ဖက်ပွင့်အနေအထားဖြစ်ကြောင်း သိရသည်။

BLUE DIAMOND CEMENT
BLUE DIAMOND CEMENT
ဘလူးဒိုင်းမွန်းဘိလပ်မြေ
STRENGTH FOREVER
ဘလူးဒိုင်းမွန်း ဘိလပ်မြေကို ကိုရီးယားမှ အဆင့်မြင့်နည်းပညာနှင့် ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့် မြန်မာပြည်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လုပ်ပါသည်။
OFFICE TEL : 01-507115, 09-777777688
BLUE DIAMOND CEMENT
PORTLAND CEMENT
50 Kg

Since 1996
Home
think of House, think of Home
ပါကေး အစားထိုး ကြမ်းခင်း
100,000 ကျပ် ဝန်းကျင် မှစတင်၍
Floor ၆ ကျင်းဝယ်လျှင်
နံရံကပ် ကြွေပြား (ပစ္စည်းသီးသန့်)
၁ ကျင်း လက်ဆောင်
* Terms & Condition Applied
အမှတ် (E-11A) လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သင်္ကန်းကျွန်း၊ ရန်ကုန်မြို့။ ☎ 09-79 700 70 73, 09-79 700 70 83

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ကွင်းအမှတ် (၂၅၇-ခ)၊ ကွင်းအမည်- ထန်းတပင် ကွင်း၊ ဦးပိုင်အမှတ် (၆/က)၊ ဧရိယာအကျယ်အဝန်း (၃.၇၁)ဧက အနက်မှ မျက်နှာဝအလျား (၄၅၀ပေ × အနံ၂၂၀ပေ) (၂) ဧကခန့်ရှိ ဦးလှကြည် အမည်ပေါက် လယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်များ အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးလှကြည် (၁၂/ထတပ (နိုင်)၀၀၃၂၃၆) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး LL.B, D.B.L, D.I.L, Dip.CA, WIPO
ဦးထိန်လင်းသန်း LL.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
Hein Htet San Law Firm ဖုန်း-၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅
အမှတ် (၄၉)၊ မြေညီထပ်၊ (၁၀) လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။

ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့နယ်၊ မြေကွက်အမှတ် (၂၃/ရှမ်းတရုတ်ဈေးတန်း) ဦးပိုင်အမှတ် (၈/ခ)၊ ရပ်ကွက်(၁၂)၊ လေယာဉ်ကွင်းလမ်း အမည်ပေါက် ဦးစန်းလှိုင် ၁၃/လရန (နိုင်)၀၃၆၃၆၂ - ဒေါ်သန်းဌေး ၁၃/လရန(နိုင်)၀၃၈၂၃၁ အမည်ပေါက်ခဲ့ပြီး ဒေါ်သန်းဌေး၏ခင်ပွန်းဖြစ်သူ ဦးစန်းလှိုင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းဌေးသည် အမည်ပြောင်းလျှောက်ထားရန် သေစာရင်း၊ ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန လားရှိုးမြို့တော်စည်ပင်သာယာရေးကော်မတီ**

လက်မတင်ကလေး

ဖေထွဏ်းဇော်(ရေစကြို)

မကြာသေးမီကာလကဖြစ်သည်။ ပခုက္ကူမြို့ အမှတ် ( ) အထကမှ ဒသမတန်းကျောင်းသူငါးဦးတို့သည် လပတ်စာမေးပွဲကျသဖြင့် မိဘများက ပြောဆိုဆုံးမသည်ကို တလွဲထင်စိတ်ခုကာ အိမ်သို့မပြန်ကြဘဲ မန္တလေးသွားကားနှင့် ဦးတည်ချက်မပါ လိုက်ပါခဲ့ကြသည်။

မန္တလေးကားကွင်းအတွင်း ရောက်သည့်အခါ ကားပေါ်မှအဆင်း ဆိုင်ကယ်ကယ်ရီသမားများက ဘယ်သွားကြမှာလဲ၊ သူလိုက်ပို့မည်၊ ငါလိုက်ပို့မည် ခေါ်ငင်ဆူညံသံများနှင့်အတူ မိန်းကလေးများ၏ ယောင်လည်လည်အမူအရာများကြောင့် အနီးတွင်ထိုင်နေသော လူကြီးတစ်ဦးက ကျောင်းသူလေးများအား ဘယ်ကလာကြတာလဲ၊ ဘယ်ကို သွားကြမှာလဲဟု မေးသည့်အခါ ပခုက္ကူမြို့မှဖြစ်ကြောင်း၊ မိဘများ ဆိုဆုံးမသည်ကိုစိတ်ညစ်၍ အိမ်ကထွက်လာကြကြောင်း၊ မန္တလေးတွင် ရရာအလုပ်လုပ်ရန် ဆုံးဖြတ်ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း ပခုက္ကူမြို့ အမှတ် ( ) အထကတွင် ပညာသင်ကြားနေကြောင်း၊ ပခုက္ကူမြို့ အမှတ် ( ) ရပ်ကွက်တွင်နေထိုင်ကြကြောင်း၊ မိဘများမှာ ဦး----၊ ဒေါ်---- ဖြစ်ကြောင်း ပြောပြသည့်အခါ အဆိုပါလူကြီးက ငါလည်းပခုက္ကူမြို့က ဖြစ်ကြောင်း၊ ထို့အပြင် ကျောင်းသူလေးငါးဦးထဲမှ ၎င်းနှင့်သိသောသူ၏သမီးတစ်ယောက်ပါဝင်နေသဖြင့် ကျောင်းသူလေးများကို ဖျောင်းဖျနားချကာ ၎င်းနှင့်သိသော မိဘထံသို့လည်း ဖုန်းဆက်အကြောင်းကြားပြီး ကျောင်းသူငါးဦးစလုံးကို ၎င်းနှင့်အတူ ကားဖြင့် ပခုက္ကူမြို့သို့ ပြန်ခဲ့ကြသည်။

ပခုက္ကူမြို့သို့ ပြန်လည်ရောက်ရှိသည့်အခါ အမှတ်( ) အထကမှ ကျောင်းအုပ်ကြီး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းမှတာဝန်ရှိသူများက ကြိုဆိုကြပြီး ကျောင်းသူလေးများအား သဘောပေါက်နားလည်အောင် ရှင်းလင်းပြောကြားကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ကြသည်။

အဆိုပါဖြစ်စဉ်တွင် ကျောင်းသူလေးများသည် မိဘအုပ်ထိန်းသူများ၏ ပြောဆိုဆုံးမမှုအပေါ် အထင်အမြင်လွဲမှား၊ ဦးတည်ချက်မရှိ၊ ရည်မှန်းချက်မရှိ၊ မိဘများကိုစိတ်ခပြီး အိမ်မှထွက်ခွာ၊ မိမိမရင်နှီးသော၊ မိမိ မကျွမ်းကျင်သော မန္တလေးမြို့တွင် ရရာအလုပ်လုပ်ကြမည်ဟုသာ စိတ်ကူးသော်လည်း အလုပ်က ဘာအလုပ်လဲ၊ ဘယ်မှာလုပ်မှာလဲဆိုတာမသိ၊ ဇဝေဇဝါ၊ မသေချာ၊ မရေရာ၊ လူကောင်းသူကောင်း အလုပ်ကောင်းနှင့်တွေ့လျှင် တော်ရဲ့၊ မဟုတ်မဟတ်လူနှင့် တွေ့လျှင် မခက်ပါလား အကယ်၍များ လူကုန်ကူးသူများ လက်ထဲရောက်သွားမည်ဆိုပါက ကျောင်းသူလေးများ၏ ဘဝကံကြမ္မာက မတွေးဝံ့စရာ။ သူတို့လေးတွေ၏ ဘဝနစ်နာဆုံးရှုံးရလိုမိဘများလည်း ယူကျုံးမရ ဖြစ်ကြရပေမည်။

ခုတော့ လက်မတင်ကလေးအချိန်မီလိုက်၍သာ သူတို့လေးတွေ၏ ဘဝကြမ္မာနစ်နာဆုံးရှုံးမှုမှ လွတ်မြောက်လာခဲ့ရပေသည်။ ယခုကဲ့သို့ ကျောင်းသူလေးငါးဦး၏ ဘဝကြမ္မာမဝင်းဝံ့စရာအရေး၊ လက်မတင်ကလေး ကယ်တင်လိုက်နိုင်မှုတွင် ပခုက္ကူမြို့သား လူကြီးတစ်ဦး၏ ပတ်ဝန်းကျင်ကို အမြဲသတိထားသည့် အလေ့အကျင့်၊ နားထောင်တတ်သော အလေ့အကျင့်ကောင်းနှင့် မိမိဇာတိသားများကို ကူညီတတ်သည့် အမျိုးစောင့်စိတ်ဓာတ်တို့ကြောင့် ဖြစ်သည်။

ယခုဖြစ်စဉ်ကို အကြောင်းပြု၍ မိဘအုပ်ထိန်းသူများသည် မိမိတို့၏ သားသမီးများကို ပြောဆိုဆုံးမရာတွင် သားသမီးများ လက်ခံနိုင်သော၊ သင့်မြတ်လျော်ကန်သော ပြောဆိုဆုံးမမှုမျိုးဖြင့် သွန်သင်ဆုံးမဖို့လိုသလို၊ သားသမီးများကလည်း မိဘအုပ်ထိန်းသူများ၏ ပြောဆိုဆုံးမသွန်သင်မှုကို တလွဲမတွေး၊ မာနမထား၊ စိတ်ထင်တိုင်းမပြုလုပ်သင့်ပေ။ အကြောင်းမှာ မိဘတိုင်းသည် သားသမီးများကို အသက်ပေး၍ ချစ်ကြသော ကျေးဇူးရှင်များဖြစ်ကြသည်။ ဤသို့ ချစ်ကြသည့်အတွက် ပြောဆိုဆုံးမနေကြခြင်းဖြစ်သည်။ မိဘတိုင်းသည် သားသမီးများကို တော်စေချင်သည်။ တတ်စေချင်သည်။ ဘယ်မိဘမှ သားသမီးများကို နစ်နာအောင်၊ ဒုက္ခရောက်အောင် မလုပ်ပေ။ ဒါကြောင့် မိဘများ၏ သားသမီးများအပေါ် သွန်သင်ဆုံးမကြခြင်းသည် ချစ်လို့ဆုံးမခြင်းဟု သားသမီးတိုင်းက ခံယူကြရပေမည်။

ဒါကြောင့် ယခုလို လက်မတင်ကလေး အဖြစ်မျိုးတွေ မဖြစ်ကြရအောင် မိဘနဲ့ သားသမီးကြား နားလည်မှု မလွဲမှားကြပါနဲ့ဟု ရေးသားတင်ပြလိုက်ပါသည်။

လက်မတင်ကလေး ကယ်တင်လိုက်နိုင်မှုတွင် ပခုက္ကူမြို့သား လူကြီးတစ်ဦး၏ ပတ်ဝန်းကျင်ကို အမြဲသတိထားသည့် အလေ့အကျင့်၊ နားထောင်တတ်သော အလေ့အကျင့်ကောင်းနှင့် မိမိ ဇာတိသားများကို ကူညီတတ်သည့် အမျိုးစောင့်စိတ်ဓာတ်တို့ကြောင့် ဖြစ်သည်

ညောင်ဦးခရိုင်၌ ၂၀၁၆-၂၀၁၇ ခုနှစ် မိုးသီးနှံစိုက်ကေ လျာထားချက်ပြည့်မီအောင် မစိုက်ပျိုးနိုင်

စိုက်ပျိုးရေးဝန်ထမ်းများမှ စပါးခင်းအတွင်း ကွင်းဆင်းလေ့လာနေစဉ်

ညောင်ဦး နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်တွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ဒေသခံတောင်သူများအနေ သီးနှံများဆုံးရှုံးပျက်စီးခဲ့ရသည်။ ညောင်ဦးမြို့နယ်၌ ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၄ အုပ်စု၊ ကျေးရွာပေါင်း ၂၂၀ ရှိပြီး ဒေသခံတောင်သူအများစုသည် လယ်လုပ်သူနည်းပါးကာ ယာလုပ်ကိုင်သူ ပိုများကြောင်း သိရသည်။

ညောင်ဦးမြို့၌ မိုးရေချိန်အနေဖြင့် ယခုနှစ် ၄၉ ရက် မိုးရွာသွန်းပြီး ၂၄ ဒသမ ၀၉ ရှိသကဲ့သို့ ကျောက်ပန်းတောင်းမြို့နယ်အနေဖြင့် ယခုမိုးရေချိန်မှာ ၅၃ ရက် မိုးရွာသွန်းပြီး ၃၈ ဒသမ ၄၀ ရွာသွန်းသည့်အတွက် ညောင်ဦးမြို့နယ်ရှိ ဒေသခံစိုက်ပျိုးတောင်သူများမှာ မြစ်ရေတင်ကိုအားထား၍ မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများကို စိုက်ပျိုးကြရသည်။

ညောင်ဦးခရိုင်အတွင်း မြစ်ရေတင်စနစ်ဖြင့် ရေပေးဝေလျက်ရှိသော လုပ်ငန်းကြီးငါးခုမှာ ငါးသရောက်မြစ်ရေတင်၊ လက်ပန်ခြေပေါ် မြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်နှင့် လောကနန္ဒာမြစ်ရေတင် လုပ်ငန်းများဖြစ်ပြီး တောင်သူများကို ရေဖြန်းဖြူးပေးကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ အသားတင် စိုက်ပျိုးနိုင်သည့် မြေဧက ၁၆၁၀၂၅ ဧကရှိပြီး လယ်မြေ ၂၅၆ ဧက၊ ယာမြေ ၁၅၃၂၂၃ ဧက၊ ကိုင်းကျွန်းမြေ ၇၀၄၁ ဧက၊ ဥယျာဉ်မြေ ၂၀၅ ဧကရှိကြောင်း၊ ညောင်ဦးမြို့နယ်ရှိ မြစ်ရေတင်လုပ်ငန်းအလိုက် မိုးသီးနှံဧက ၆၆၇၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ညောင်ဦးခရိုင်အနေဖြင့် မိုးသီးနှံဧက ၆၁၄၄၃၂ လျာထားခဲ့သော်လည်း ၅၉၆၈၄၇ ဧကကိုသာ စိုက်ပျိုးပေးနိုင်ခဲ့ကြောင်း ညောင်ဦးခရိုင် ညောင်ဦးမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးနိုင်က ပြောသည်။

"ကျွန်တော်တို့ဒေသက မိုးနည်းရပ်ဝန်းဒေသဖြစ်တာကြောင့် စိုက်ပျိုးသီးနှံတွေ စိုက်သလောက်မဖြစ်လို့ တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြပါတယ်။ ဒီဒေသကတောင်သူအများစုဟာ သောက်သုံးရေ၊ စိုက်ပျိုးရေအတွက်ပဲ စိတ်ပူနေရတာပါ။ ဒီဒေသက စိုက်ပျိုးတောင်သူတွေ မြစ်ရေတင်ရှိနေတာကြောင့် စိုက်ပျိုးဖို့နဲ့ သောက်သုံးဖို့ အဆင်ပြေနေတာပါ။ တကယ်တမ်း သောက်သုံးဖို့ရေအတွက်ကို လုပ်ကိုင်ပေးရမှာဆိုရင် ကျေးလက်ရေပေးဝေရေးစတဲ့ဌာနတွေက လုပ်ကိုင်ပေးရမှာပါ" ဟု အဆိုပါဒေသခံစိုက်ပျိုးတောင်သူများထံမှ သိရသည်။

သို့ဖြစ်၍ အဆိုပါဒေသများသည် ရေမရှိ၍ မဖြစ်သောဒေသများဖြစ်သကဲ့သို့ ၂၀၁၆-၂၀၁၇ ခုနှစ်တွင်လည်း မိုးသီးနှံစိုက်ဧက ၆၁၄၄၃၂ ဧက လျာထားခဲ့သော်လည်း စိုက်ပျိုးရေအခက်အခဲကြောင့် ၅၉၆၈၄၇ ဧကကိုသာ ညောင်ဦးခရိုင်၌ စိုက်ပျိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျော်ကျော် (မလှိုင်)

ဆည်မြောင်းဖြတ်ကူးသည့် တံတားများနည်းပါးသည့်အတွက် အခက်အခဲကြုံတွေ့နေရ

ရေတာရွှည် နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ရေတာရွှည်မြို့နယ်အတွင်းရှိ ဆွာချောင်းရေလှောင်တမံဆည်ရေသောက် ဇရိယာအတွင်းရှိ တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်သို့ ကူးလူးသွားလာနိုင်သော ရေမြောင်းဖြတ်တံတားများ နည်းပါးလွန်း၍ တောင်သူများ အခက်အခဲများစွာ ကြုံတွေ့နေကြရကြောင်း သိရသည်။ လက်ရှိတွင် ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာအနီး ရထားလမ်းအနောက်ဘက် စပါးစိုက်ကွင်းရှိ တောင်သူများ အခက်ကြုံတွေ့နေကြရကြောင်း၊ သိရသည်။

"အရှေ့ဘက်နှင့် ရထားလမ်းအနောက်ဘက်မှာ ရေမြောင်းဖြစ်နေတယ်။ ကျွန်တော်တို့ မိုးရာသီတုန်းကလည်း တံတားမရှိတော့ အခက်တွေ့တယ်။ ကျွဲ၊ လှည်းနွာ၊ ထွန်စက်အစရှိတာတွေ ဖြတ်ကူးစရာနေရာမရှိဘူး။ အရင် တည်ဆောက်ထားတဲ့ တံတားကလည်းပျက်စီးသွားပါပြီ။ ခုလာမယ့် နွေစပါးရာသီ ချိန်မှာလည်း ကုန်ထုတ်လမ်းမရှိတာ၊ တံတားမရှိတာတွေအတွက် သွားလာရေး အခက်အခဲဖြစ်ဦးမှာပါ"ဟု တံတားကြီးကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။ ထို့အတူ ရေလွှတ်မြောင်းတံခါးများ ပြုပြင်ရန်လိုအပ်ခြင်းအပြင် ရေမြောင်းဖြတ်ကူးသည့် တံတားများ တည်ဆောက်ပေးမှသာ တောင်သူများ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများအနေဖြင့်လည်း ကွင်းဆင်းစစ်ဆေးရန် လိုအပ်နေကြောင်း ပြောကြားမှုများလည်း ရှိနေသည်။

တောင်သူများ၏ ယာမြေများတစ်လျှောက်တွင် ကုန်ထုတ်လမ်းမရှိ။

ကိုလွင်(ဆွာ)

မူခင်းသတင်းအတိုအထွာ

သုံးဘီးဆိုင်ကယ်တိမ်းမှောက်၊ တစ်ဦးသေ

ပဲခူးတိုင်းဒေသကြီး မိုးညှိမြို့နယ်တွင် နိုဝင်ဘာ ၁၃ ရက်က မိုးညှို-မင်းလှသွားကားလမ်းမိုင်တိုင် (၁၆/၁)နှင့် (၁၆/၂)ကြား၌ သုံးဘီးဆိုင်ကယ်တစ်စီး လမ်းဘေးထိုးကျတိမ်းမှောက်ရာမှ လူတစ်ဦးသေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ မိုးညှို-မင်းလှသွားကားလမ်းတွင် ယာဉ်မောင်း မျိုးကျော်ကျော် (၁၆နှစ်) ဘုရားငူအုပ်စု မိုးသစ္စာရွာနေသူမောင်းနှင်သည့် သုံးဘီးဆိုင်ကယ်သည် ထင်းခွဲခြမ်းများ တင်ဆောင်မောင်းနှင်လာစဉ် ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ မိုင်တိုင်အမှတ် (၁၆/၁)နှင့် (၁၆/၂)ကြား ကားလမ်း၏ ယာဘက်ခြမ်းရှိ ရေမြောင်းထဲသို့ ထိုးကျတိမ်းမှောက်ပြီး ယာဉ်မောင်းသူမှာ သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့၏ စစ်ဆေးချက်အရ သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တရားမဝင်သစ်ကားတစ်စီးဖမ်းဆီးရမိ

ဂွမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၃ ရက်က ဂွ-ငါးသိုင်းချောင်း ကားလမ်းမိုင်တိုင်အမှတ် (၂၂/၃) နှင့် (၂၂/၄)အကြား ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး နယ်စပ်ဧရိယာမှ ငါးသိုင်းချောင်းမြို့ဘက်သို့ ယာဉ်မောင်း သန်းဝင်းအောင် ရေကြည်မြို့နယ်နေသူ မောင်းနှင်လာသောယာဉ်ကို ရပ်တန့်စစ်ဆေးရာ တရားမဝင်တင်ဆောင်လာသည့် အရှည် ၁၅ ပေရှိ တောင်သရက် သစ် ၂၇ လုံး ၁ ဒသမ ၄၀ တန်ခန့်ကို သစ်ပိုင်ရှင် အောင်မြတ်ကျော် သီတာကုန်းပြင်ကျေးရွာ ရေကြည်မြို့နယ်နေသူနှင့်အတူ ဖမ်းဆီးရမိသည်။

(မြို့နယ် ပြန်/ဆက်)

တရားမဝင်သစ်ခွဲသားဆိုဒ်စုံ ၂၁၇ တုံးဖမ်းဆီးရမိ

တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့နယ် ခမောက်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၂ ရက်က (၄၂)မိုင် လုံးဖောကျေးရွာသွားကားလမ်းဘေးရှိ သစ်တောကြိုးဝိုင်းအတွင်း၌ ကော့သောင်းမြို့နေ လင်းလင်း(၃၈နှစ်)၊ ဘန်းကဆွန်ကျေးရွာနေ သန်းနိုင်(၄၅နှစ်)၊ ခမောက်ကြီးမြို့နေ သန်းရှိန်(၅၀နှစ်)၊ ဝင်းအောင်(၃၂နှစ်)၊ မင်းသူ(၂၇နှစ်)၊ ငွေသိန်း(၂၆နှစ်)၊ အာကာ (၁၅နှစ်)၊ ဖြူဖွေး(၂၉ နှစ်)တို့ရှစ်ဦးအား သစ်ခွဲသားဆိုဒ်စုံ ၂၁၇ တုံး တန် ၃၀ ကျော်နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး သစ်ပိုင်ရှင်မှာ ခမောက်ကြီးမြို့ အမှတ်(၁)ရပ်ကွက်နေ လှိုင်ဝင်း(၄၇ နှစ်)ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ၎င်းတို့ကိုးဦးအား အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကံမြင့်ကျေးရွာအနီး သုံးခွ-သန်လျင် ကားလမ်းမကြီး၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၇ နာရီခွဲက ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကံမြင့်ကျေးရွာအနီး သုံးခွ-သန်လျင် ကားလမ်းမကြီး မိုင်တိုင်အမှတ် ၅၄/၀ နှင့် ၅၄/၁ အကြား သုံးခွမှ သန်လျင်ဘက်သို့ ယာဉ်မောင်း မျိုးအောင်အသက် (၅၄နှစ်) မောင်းနှင်သည့် ခရမ်း-ရန်ကုန် ပြေးဆွဲနေသောယာဉ်နှင့် သန်လျင်ဘက်မှ သုံးခွဘက်သို့ မောင်းနှင်လာသော ယာဉ်မောင်း ဝေလင်းထွန်း (၂၆နှစ်) မောင်းနှင်သောယာဉ်တို့သည် တောင်ဘို့ကန်လှည်းတန်းထိပ် မှတ်တိုင်အရောက် မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြောင်း၊ ယာဉ်နှစ်စီးစလုံးပျက်စီးပြီး ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာမရရှိကြောင်း သိရသည်။ **ကြည်စိုးလွင်(သုံးခွ)**

မန္တလေးအကြောင်းပြောကြဖြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့ခေတ်စီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်နှစ်ထပ်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့ခေတ်မဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(၀၆) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ တတိယတွဲအဖြစ် ''ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို'' အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သခ်ၤါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော ''ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။

မြောက်ဥယျာဉ်တော်က မြစ်ဖျားခံ၍

ဆူးငှက်

၁၉၆၉ ခုနှစ် အောက်တိုဘာလမှာတော့ ရန်ကုန်မြို့မှ ပြည်သူပိုင် သတင်းစာကြီးတစ်စောင်ဖြစ်သော ''ဟံသာဝတီ'' ကို မန္တလေးပြောင်းရွှေ့ကာ ထုတ်ဝေလိုက်သောအခါ မန္တလေး၌ ဝိုက်မျဉ်းနေသော စာပေအသိုင်းအဝိုင်းက ရုတ်ခြည်းနိုးထဖျတ်လတ်လာကြတော့သည်။ မန္တလေးသား စာရေးဆရာများ၏ ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဆောင်းပါးများ ဟံသာဝတီမှာ ဖျိုးဖျိုးဖျတ်ဖျတ် တောက်ပလာကြသည်။ ခေတ်ကို အပြုသဘောဝေဖန်ခြင်း၊ စေတနာဟူသော တစ်စိတ်တစ်ဝမ်းတည်းမှာညီညွတ်စွာ ပေါင်းစည်းမိကြသည်။ ဘိုးဝဇီရ ခန်းမသည် ထိုစေတနာမျိုးစေ့များ အပင်ပေါက်ရှင်သန်စေဖို့ မြေဆီမြေလွှာကောင်းဖြစ်လာ၏။

ဤသို့ဖြင့် ၁၉၇၈ ခုနှစ်ရောက်သောအခါ ဟံသာဝတီသည် မန္တလေး၌ လုံးဝဥသုံ အနာယူလိုက်ပြန်သည်။ ထိုအခါ အရှိန်ရနေသော မန္တလေးကလောင်များ၊ အားယူစကလောင်သစ်များသည် အရှိန်မသတ်နိုင်ဘဲ မန္တလေး၏ များပြားလှစွာသော အငြိမ့်စင်များဆီ ကလောင်ဦးလှည့်ကြရပြန်တော့သည်။ ထိုအရှိန်သည် မန္တလေးအငြိမ့်အော်ပရာများ၊ ပြတ်လုံးခွင်များ၊ ပြဇာတ်များကိုလည်း တစ်ဆစ်တစ်ချိုးကွေ့ကာ စူးရဲတောက်ပလာစေပြန်သည်။ မန္တလေးစာရေးဆရာများ၏ အနုပညာများကား စာမျက်နှာများပေါ်မှ အငြိမ့်စင်ပေါ်ကူးပြောင်းခြင်းမည်ပါ၏။ အဖွဲ့အနွဲ့ အဖြတ်အတောက်၊ အရေးအသားသာမက ဒဗ္ဗီအတတ်ပညာ၊ ဖောင်ဖွဲ့အတတ်ပညာ၊ အင်ခွဲ၊ အင်တင်းပညာများအစား ကတ္တီပါကားအတင်အချ၊ ဇာတ်ရုပ်အဝင်အထွက်၊ နောက်ခံဂီတအဖြူးအဆူ၊ မီးချိန်းရုပ်တာခိုန်း၊ အနှေးအမြန် ကာရန်ရစ်သမ်များဖြင့် သူတို့ကဗျာ၊ သူတို့ဝတ္ထု၊ သူတို့ဆောင်းပါးများကို ရေးသားကြပြန်ပေ့။

၁၉၈၀, ၈၁, ၈၂,၈၃, ၈၄, ၈၅,...။

ထိုအချိန်တွင်ရန်ကုန်၌ သွေးသောက်၊ မြဝတီ၊ ရွှမဝ၊ မိုးဝေ၊ ဒွေတာရီဟူသော မဂ္ဂဇင်းများအပြင် အသစ်များလည်း ဖြိုင်ဖြိုင်ပေါ်လာကာ အပြိုင်အဆိုင်ထုတ်ဝေလာကြ၏။ ခေတ်မီအော့ဖ်ဆက်ဖြင့်ပုံနှိပ်သော စန္ဒာမဂ္ဂဇင်းနှင့် သပြေမဂ္ဂဇင်းတို့မှာ မှောင်ခိုမှပင်ဝယ်ယူရသည်အထိ နည်းပညာပိုင်း များလည်း တိုးတက်လာကြသည်။ မဟေသီတဲ့၊ ချယ်ရီတဲ့၊ ပေဖူးလွှာတဲ့၊ စစ်ပြန်တဲ့၊ သဘင်တဲ့၊ ဂီတပဒေသာတဲ့၊ ရုပ်ရှင်အမြဲတေတဲ့၊ ရုပ်ရှင်အောင်လံတဲ့၊ သောင်းပြောင်းထွေလာတဲ့၊ စံပယ်ဖြူတဲ့၊ ကလျာတဲ့၊ လုံမလေးတဲ့၊ မြတ်လေးတဲ့၊ တစ်သွင်ဆန်းစွာဖြင့် ဒဂုန်တဲ့...၊ ပန်တဲ့၊ ရုပ်ရှင်နာမည်တပ်မဂ္ဂဇင်းများလည်း အသစ်အသစ်များ ဟောတစ်အုပ် ဟောတစ်အုပ်ဆိုသလို။ ဤသို့သော ထုတ်ဝေခွင့်ကတ်ရမဂ္ဂဇင်းကြီးများ အပြင်''တင်ထုတ်''နည်းနာဖြင့် မဂ္ဂဇင်းပုံစံစာစောင်များလည်း အပြိုင်အဆိုင်ထုတ်ဝေလာကြတော့၏။ ဤသို့ဖြင့် နာမည်မမှတ်မိလောက်အောင် မဂ္ဂဇင်းများ များပြားလာတော့ စာမူများလည်း အများကြီးလိုအပ်လာကြသည်။ မဂ္ဂဇင်းကို လစဉ်အလျဉ်မီအောင် ဘယ်မလဲကဗျာ၊ ဘယ်မလဲဝတ္ထု၊ ဘယ်မလဲဆောင်းပါးဖြစ်လာကြတော့၏။

ယခင်အခါမဂ္ဂဇင်းများက လက်တစ်ဖက်ပြည့်အောင် ပင်မရှိစဉ်က ပင်တိုင်ထိုင်၍ရေးသားသော ဆရာကြီး၊ ဆရာမကြီးများ၏ စာမူနှင့်လည်း မလုံလောက်တော့ပေ။ ထိုအခါ အယ်ဒီတာကြီးများသည် ရှေးယခင် ဆရာ့ဆရာကြီးများလို မဂ္ဂဇင်းတိုက် အယ်ဒီတာစားပွဲမှာထိုင်ကာ စာတိုက်မှလာသည့်စာမူကို မှတ်ပုံတင်ကာဖောက်ဖတ်၊ ထိုင်ရွေးရုံနှင့် အလျဉ်မမီနိုင်တော့။ ထိုအခါထိုင်ရာမှ ထကြရရုံသာမက စာမူရှိမည့် နေရာများဆီအထိ အပြေးအလွှား လိုက်လာကြရသည်။ ထို့ကြောင့် ၁၉၈၃, ၈၄, ၈၅ ဝန်းကျင်တွင် မန္တလေးသို့ အယ်ဒီတာများ အရောက်အပေါက် များလာကြတော့သည်။

၁၉၈၄ ခုနှစ် မတ်လ ၂၄ ရက်နေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှာ မန္တလေးမြို့လယ် ဦးကျားကြီးဝင်းက စတင်လောင်ကျွမ်းလိုက်သောမီးသည် မန္တလေးသာမက တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။ မန္တလေးကို ထိုအချိန်က မြို့နယ်လေးမြို့နယ် ပိုင်းခြားထားသည့်အနက် ထိုမီးကြီးက မြို့နယ်သုံးမြို့နယ်က အိမ်ခြေပေါင်း ၂၃၀၀ ကျော်ကို ပြာကျစေခဲ့သည်။

လောင်သည်ကလည်း မန္တလေး၏ တကယ့်အသည်းနှလုံးနေရာ မြို့လယ်ကောင် တောင်မြောက်တစ်နံတစ်လျားကြီး ဖြစ်လာသောအခါ မီးလောင်ခြင်းနှင့်အတူ မီးလောင်ပြင်၌ အသစ်အသစ် ပြန်လည်နေရာယူလာကြသော ပိုင်ရှင်အသစ်၊ ပိုင်ဆိုင်မှုအသစ်များသည်လည်း မန္တလေးသားများကို သတိထားမိအောင် ရိုက်ပုတ်လိုက်သည့် အပြောင်းအလဲကြီးများလည်း ဖြစ်သည်။

အစဉ်အဆက် ဘာသာတရားကိုင်းရှိုင်းပြီး မိရိုးဖလာ လုပ်ငန်းကိုင်ငန်းများဖြင့် တင်းတိမ်ရောင့်ရဲစွာ ဘိုးစဉ်ဘောင်ဆက် နေထိုင်ခဲ့ကြသော ရွာနေပြည်ထိုင်များအဖို့ ပြာပုံဘဝရောက်ပြီးနောက် မထင်မှတ်သောအခြေအနေ၊ မထင်မှတ်သောအပြောင်းအလဲ၊ မထင်မှတ်သော ငွေကြေးကြောင့် အသိုက်အမြုံရွှေ့ကြ၊ ပြောင်းကြ၊ ကွာကြသောအဖြစ်သနစ်များက မန္တလေးသားများရင်၌ ခံစားကြရတော့သည်။

ထို ''မန္တလေးခံစားမှု''များက အစွမ်းအစရှိသော စာပေဝါသနာရှင်များ၏ ခေတ်ပြိုင် ခံစားမှုအနုပညာပစ္စည်းထည်များအတွက် အဖိုးတန် သယံဇာတများပင်ဖြစ်သည်။ အရိုင်းတုံးအကြမ်းထည်ကပင် လှပြီးသား။ အနည်းငယ်သွေးတတ်၊ ပြုပြင်တတ်သူလက်ထဲရောက်သွားတော့ တန်ဖိုးအဆတိုးတာပေ့။ အတွေးအခေါ် အခြေခံရှိသူလက်ထဲရောက်ပြန်တော့ ပြည်တန်ပတ္တမြားပေ့။

အကင်းပါးသော မဂ္ဂဇင်းအယ်ဒီတာများက ထို''မှော်'' ကို သိလိုက်ကြသည်။ သူတို့ ဟုမ္မလင်းမှော်ကို မမက်၊ ဖားကန့်မှော်ကိုမမက်၊ မန္တလေး၌ ၁၉၈၄ မီးကြီးကြောင့် ပြောင်းလဲတောက်ပသော အသစ်အနုပညာမှော်ကို သိကြမက်ကြသည်။ ထိုမှော်မှရသော ကျောက်ကောင်းတချို့ကို ''ရင်ခုန်ပွင့်'' မှာ၊ ပေဖူးလွှာမှာ၊ မဟေသီမှာ၊ စံပယ်ဖြူမှာ၊ ...မှာ၊ ....မှာ၊ ပြွပွဲလုပ်လိုက်တော့ ပေါက်သွားသည်ဟု ဆိုရပေမည်။

၁၉၈၆ ခုနှစ်မှာတော့ ရန်ကုန်မဂ္ဂဇင်းကြီးတွေမှာ မျက်နှာပွင့်နေကြသော မန္တလေးသားစာရေးဆရာ ၁၂ ဦးက ဝတ္ထုတိုပေါင်းချုပ် တစ်အုပ်ထုတ်လိုက်ကြသည်။ စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခက်ခဲပြတ်တောက်နေချိန်၌ ''အသစ်'' များ၏ စာအုပ် ''အသစ်''ပို့အားလုံးကမျက်ခုံးပင့်ကာ လည်ဆွဲထားကြ၏။ ''မီးသွေးခဲမို့မည်းသကိုနှင့် ဆယ့်နှစ်မျက်နှာ နာရီစင်ဝတ္ထုတိုစု''တဲ့ ရန်ကုန်ရောက် မန္တလေးသားစာရေးဆရာ မောင်မိုးသူက အမှာချီးမြှင့်ထားသည်။

''....ဆယ့်နှစ်မျက်နှာဝတ္ထုတိုစုဟာ အထက်ပြောခဲ့တဲ့ အတိုင်း မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ ကလောင်အဟောင်း၊ ကလောင်အကောင်းတွေကြားထဲက ထိုးထွက်ပေါ်ထွန်းလာတဲ့ အတွေးအခေါ်သစ် လူငယ်တွေရဲ့ ဝတ္ထုတိုတွေပဲဖြစ်တယ်။ သူတို့ရဲ့ဝတ္ထုတိုတွေကို ''စည်းသုံးချက်၊ ဝါးသုံးချက်'' နဲ့ မညီဘူး။ 'အခင်းအခက်၊ အဖြေ' တွေနဲ့ မကိုက်ဘူးဆိုတဲ့ 'ပေတံအဟောင်းကြီး'တွေနဲ့ တိုင်းလို့မရဘူး။

'ဟန်ဆောင်အတွေးတွေလောက်နဲ့' 'ညာတာပါတေးလုပ်ပြီး' အတတ်ပညာနဲ့ ဖုံးဖုံးဖိဖိလုပ်နေကြတဲ့ လက်ဟောင်း ဝတ္ထုတိုတွေနဲ့စာလျှင် အားသစ်လူသစ်တွေရဲ့ ဝတ္ထုတိုတွေဟာ 'ထူးခြားတယ်' 'စူးစူးရဲရဲ'ရှိတယ်လို့ ပြောလိုက်တာ၊ သတ်မှတ်လိုက်တာပဲ ဖြစ်တယ်'' တဲ့။

အမှာကဖြင့် ပီပါပေ့၊ ပြတ်ပါပေ့၊ ရဲပါပေ့ဆိုရပေမည်။ သူ့အရင် (၁၉၈၅)ခုနှစ်က ထုတ်ဝေသော ကဗျာစာအုပ်တစ်အုပ်၏ ''အမှာ'' ကလည်း ရဲရဲတွေး ရဲရဲရေးလိုက်သည့် အမှာဖြစ်သည်။ ဆယ့်နှစ်မျက်နှာဝတ္ထုတိုမှာ ပြေ(ဆေး-၂)၊ ရဲသျှမ်း၊ စုထား၊ သိုက်ထွန်းသက်၊ ကိုကို(အမရပူရ)၊ ညီပုလေး၊ ဂျိုဇော်၊ ပိုင်စိုးဝေ၊ ကျော်စွာထက်၊ နုနုရည်(အင်းဝ)၊ လူမျိုးနော် (၁၂)ဦး၏ ဝတ္ထုတို(၁၂)ပုဒ်ကို စုစည်းထားခြင်းဖြစ်၏။ ထိုစာအုပ်ကို ထီးပေါင်းကားစာအုပ်တိုက်က ထုတ်ဝေခဲ့ခြင်းဖြစ်၏။ မည်သို့ဆိုစေ စာအုပ်တိုက်လိပ်စာအရဆိုရင် ဒီအဝန်းအဝိုင်း၊ ဒီအရိပ်အာဝါသက ထွက်ပေါ်လာတဲ့စာအုပ်တွေဆိုရင် အရင်မမြဝိမာန်အလုပ်စခန်းရဲ့ အသီးအပွင့်ဖြစ်ချင်ဖြစ် (သို့မဟုတ်) စိုက်လိုက်မတ်တတ်ကိုင်စွဲခဲ့တဲ့ စာပေရုပ်တည်ချက်အပေါ် စွဲမြဲစွာထင်ဟပ်တဲ့ စာအုပ်စာတမ်းတွေဖြစ်တယ်ဟု ယုံကြည်ထားကြ၏။ ဒီစာအုပ်အပေါ် ငုံလင့်နေသော မန္တလေး၏ လက်ဖက်ရည်စားပွဲတွေကလည်း ဒီအသိဒီအမြင်က ခေါက်ရိုးကျိုးပျော်ဝင်နေကြသည်။

ထို့ကြောင့် ''ဆယ့်နှစ်မျက်နှာ''ကို မန္တလေးရဲ့ရေးရိုးစွဲကြီးများက သူတို့ပျော်ဝင်ခဲ့ကြတဲ့ ပေတံနဲ့ဆီးတိုင်းသည်။ စာအုပ်ဖြင့် မဖတ်ရသေးခင် မြင်ရုံနဲ့ သူတို့ပေတံတွန်းသွားကြပုံရ၏။ ဟုတ်သည်၊ ကြည့်...။အမြင်စွဲအရိုးစွဲနေသော ပေါ်ဦးသက်တို့၊ W.P တို့၊ ဖိုးသံတို့၊ အောင်တိတ်တို့၊ မိုင်းကျော်ထင်တို့ လက်ရာရောင်ပြည့်၊ တုန်းပြည့်၊ တစ်ဆုပ်တစ်ခဲ တစ်တုံးတစ်ခဲ ပျစ်ပျစ်နှစ်နှစ် မျက်နှာဖုံးမျိုးမဟုတ်ဘဲ ရန်ကုန်ကပန်းချီကျော်ဆရာမုတ်သုန်၏ ခေတ်မီကနဦး ဂရုပ်ဖစ်နည်းပညာမျက်နှာဖုံး၊ မန္တလေးသားကြီးတွေ အမြင်ဆန်းနေကြသည်။ အမြင်စိမ်းကာ မျက်စိကျင့်သားမရကြလို့ မျက်ခုံးနှစ်ဖက်တွန့်နေရသည်။ ဓမ္မဗိမာန် စာတမ်းဖတ်ပွဲများနှင့်အတူ မန္တလေးထုတ်စာအုပ်များနှင့် ထုသားပေသားကျနေသော မန္တလေးသားစာဖတ်သူကြီးတွေက သည်စာအုပ်ပါ အမှာစာအတိုင်း ဒီစာအုပ်ပါဝတ္ထုတိုတွေကို ထပ်တူ ထပ်မျှခံစားချင်ကြသည်။ အမှာစာမှာက ''အတွေးသစ်''သော ''စူးစူးရဲရဲ'' ရှိသောဟု ညွှန်းခဲ့သည်ကိုး။

ဆန္ဒလွန်ကဲစွာ မျှော်လင့်လွန်းအားကြီးသော လူကြီးများအဖို့မူ ''အတွေးသစ်၊ အတွေးရဲ၊ အရေးရဲ'' ဆိုသည်ထက် ''အတွေးကောင်း၊ အရေးကောင်း'' ဟုသာ ကျေနပ်ရတော့လိုဘမပြည့် ဖြစ်ခဲ့ကြပုံရသည်။ ဘာပဲပြောပြော ''ဆယ့်နှစ်မျက်နှာ''သည် ထိုစဉ်က စာပေလက်ဖက်ရည်စားပွဲဝိုင်းများတွင် မှတ်မှတ်ထင်ထင်တော့ ပြောစရာဖြစ်ခဲ့မှာ သေချာပါသည်။ သည်အရှိန်အဟုန်က မသေးလှ။ တွန်းအားတွေဖြစ်စေ၏။ ထို့ကြောင့် ဆက်တိုက်ပင် အောင်ပင်လယ်လေပြည်ညင်း ဝတ္ထုစု ထွက်လာသည်။ ထို့နောက် ဝသုန္ဒရေလက်ရေးဝတ္ထုတိုစု ထွက်လာသည်။

''အောင်ပင်လယ်လေပြည်ညင်း''ကလည်း သူ့အတတ်ပညာနှင့်သူ ကောင်းသားပေါ့ဟူလို။ အတတ်ပညာကိစ္စ၊ လှသားပဲ။ သို့သော်....

စာမျက်နှာ ၁၇ သို့

၂၀၁၆ ခုနှစ်
မန္တလာသီရိ အားကစားကွင်း၌
လူထုစုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်

မန္တလေး နိုဝင်ဘာ ၁၅

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ မန္တလာသီရိအားကစားကွင်း၌ Kalbe International (Myanmar Branch)Co; Ltd. မှ ပြုလုပ်သော လူထုလမ်းလျှောက်ပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၅ နာရီခွဲကပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ တိုင်းဒေသကြီးအဆင့် ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီမှ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်/ကောလိပ်၊ အခြေခံပညာကျောင်းပေါင်းစုံ၊ ကိုယ်ပိုင် ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ အား/ကာသိပ္ပံ ဘောလုံးအကယ်ဒမီသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်း၊ သူနာပြုတက္ကသိုလ်၊ လူမှုအသင်းအဖွဲ့တို့မှ အဖွဲ့အစည်းဝင်များ၊ ကူညီပံ့ပိုးသည့် ကုမ္ပဏီမှဝန်ထမ်းများ၊ မန္တလေးငါးမြို့နယ်အတွင်းရှိ မြို့တော်နေ မိဘပြည်သူများနှင့် စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများသည် သတ်မှတ်စုရုပ်နေရာမှ ၇၃ လမ်းအထိ၊ ယင်းမှ သင်လမ်းအတိုင်း ၆၈ လမ်းအထိ၊ ၆၈ လမ်းအတိုင်းမှ ဂိတ်၂၊ ယင်းမှ တာထွက်နေရာဆီသို့ အသွားအပြန် စုပေါင်းလမ်းလျှောက်ကြပြီး ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။ထို့နောက် မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာခင်မောင်လွင်က အစေးမိတုပ်ကွေးဆိုင်ရာ ကျန်းမာရေးအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ဈေးကွက်အရောက်နောက်ကျ၍ ငရုတ်စိုက်တောင်သူများဈေးကောင်းမရ

မုံရွာ နိုဝင်ဘာ ၁၅
ချောင်းဦးမြို့နယ်အပါအဝင် မုံရွာမြို့နယ်၊ မြင်းမူမြို့နယ်၊ အရာတော်မြို့နယ်နှင့် ဝက်လက်မြို့နယ်တို့တွင် အများအပြား စိုက်ပျိုးသော သာမို(၁၁)ငရုတ်မျိုးများ အရောက်နောက်ကျသဖြင့် ယခုနှစ်တွင် ဈေးကွက် အရောက်နောက်ကျနေပြီ ဖြစ်ကြောင်း တိုင်းဒေသကြီး သစ်သီးဝလံနှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး (၂)ဦးစိုးလွင်ထံမှ သိရသည်။

ဈေးကွက်အရောက်နောက်ကျနေသောသာမို(၁၁)ငရုတ်သီးဈေးသည် လက်ရှိတွင် တောင်သူဝယ်လက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ ပေါက်သောကြောင့် အခြားငရုတ် ဈေးထက် တစ်ပိဿာ ငွေကျပ် ၅၀၀ ပိုရနေပြီဖြစ်သော်လည်း အထွက်မရှိသေးသောကြောင့် ဈေးတက်သော်လည်း ရောင်းကောင်းမရဖြစ်နေကြောင်း ဦးစိုးလွင်က ပြောသည်။

"ချောင်းဦးမြို့နယ်မှာ အောက်ဆွဲမျိုး အာမိုလို့ခေါ်တဲ့မောင်းတိန်းမျိုး ၄၄-၅၅-၇၇ စတဲ့ ငရုတ်မျိုးတွေကို မကျီးခွ-မင်းတည်-မင်းခေါင်-ငလုံးတင်-မထိသာ-ဆင်မြေ - မုန်ချို - ရွာတော်လေး - တောကျောင်းကြီး- သုံးပန်လုစတဲ့ ကျေးရွာ ၂၀ လောက်မှာ ဖရဲ၊ သခွားခင်းတွေကြားမှာ စိုက်ကြတာ ဧက ၁၅၀၀ လောက်ရှိပါတယ်။ အရင်နှစ်တွေက ဒီအချိန်ဆို ချောင်းဦးနယ်မှာ ငရုတ်တွေလှိုင်လှိုင်ပေါ်များနေပါပြီ။ အခုနှစ်ကသြဘာကုမ္ပဏီကတင်ပို့ပေးတဲ့ သာမို (၁၁) ငရုတ်မျိုးဟာ အရောက်နောက်ကျနေတဲ့အတွက် အထွက်လည်း နောက်ကျပြီး အခုရနေတဲ့ ဈေးကောင်းကိုလည်း တောင်သူတွေမရဖြစ်နေတာပါ။ အခြားငရုတ်စိုက်တာနည်းပြီးဈေးကွက်မျက်နှာပန်းလှပြီး ဈေးအရသာတဲ့သာမို(၁၁) ကိုသာ တောင်သူတွေ အစိုက်များတော့ မျိုးရနောက်ကျတဲ့ အခုလိုနှစ်မှာ ငရုတ်သိသိသာသာ ဈေးကွက်အရောက်နောက်ကျတော့ ဈေးကွက် အထိနာတာတွေရှိတာပေါ့" ဟု ၎င်းက ပြောသည်။

ချောင်းဦးဒေသနှင့် အခြားဒေသများတွင် ငရုတ်ကိုနှစ်စဉ် စက်တင်ဘာလမှ နောက်နှစ်ဧပြီလအထိ စိုက်ကြပြီး တစ်ဧကလျှင်ရာသီအစမှအဆုံးအထိ အထွက်ကောင်းလျှင် ပိဿာ ၅၀၀၀ ခန့်ထွက်ပြီး ချောင်းဦးနယ်ရှိ ဧက၁၅၀၀ ခန့်တွင် တောင်သူဦးရေ ၇၀၀ကျော်က စိုက်ပျိုးကာ ရန်ကုန်၊ မန္တလေး၊ ပခုက္ကူ၊ ကလေး၊ မြစ်ကြီးနား နှင့်မင်းဘူး ဒေသဈေးကွက်များသို့တင်ပို့ရောင်းချရလျက် ရှိကြောင်း သိရသည်။လာမည့်ဒီဇင်ဘာလတွင် တိုင်းဒေသကြီးအဆင့် ငရုတ်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းကို ငရုတ်စိုက်တောင်သူများ အပါအဝင် ရောင်းချသူများ၊ ပွဲစားများ အစုံအညီပါဝင်၍ ဖွဲ့စည်းနိုင်ရန်စီစဉ်နေကြောင်း ဦးစိုးလွင်ထံမှ သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

မိုးနှောင်းမိုးနှင့်အပြိုင် သောကလှိုင်နေသည့် လယ်သမားများ

ပုသိမ် နိုဝင်ဘာ ၁၅
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်း၊ ဓနုဖြူမြို့နယ်များရှိ ကျေးရွာအများစုတွင် ယခုရက်ပိုင်းအတွင်း မုန်တိုင်းအရှိန်ကြောင့် ရွာသွန်းတတ်သည့် မိုးများကြောင့် ရိတ်သိမ်းရန်အချိန်ရောက်နေပြီဖြစ်သော ကောက်စောစပါးများအတွက် ရိတ်သိမ်းရန်အခက်အခဲရှိခြင်း၊ ရိတ်သိမ်းပြီး ကောက်လှိုင်းများရေစိုခံနေရခြင်း၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းရာ စပါးများရေစိုခံရခြင်း၊ အထူးသဖြင့် ရေလိုက်ပဲများမိုးရေကြောင့် ပုပ်ခြင်း၊ လယ်ကွက်အတွင်း ရေမြုပ်ခံရခြင်း၊ ပျက်စီးခြင်းများကြောင့် မတ်ပဲကြဲပက်သည့်တောင်သူများ ဆုံးရှုံးခြင်းများကြုံတွေ့နေရသည်။

"ဒီနှစ်စပါးဈေးကလည်း အနိမ့်ဈေးဖြစ်နေ၊ မတ်ပဲ၊ ပဲတီစိမ်းအားကိုးပြီး နှစ်တိုင်းလိုကြဲပက်နေတော့ မိုးများလို့မျိုးတွေနှစ်ခါလောက်ဆုံးရှုံးရ၊ အခုအချိန်ထိ မိုးကစိတ်မချရသလိုဖြစ်နေပါတယ်။ ပဲကတော့ ကျွန်တော်တို့ဒေသတွေမှာ ရသ လောက် တောင်ပို့ပါမကျန်စိုက်တာပါပဲ။ ဒီအတိုင်း စပါးဈေးကပိုမလာ၊ ပဲကမသေချာဖြစ်နေပြီး စပါးနဲ့ပဲရဖို့က စရိတ်ကနှစ်ဆသုံးဆပိုကုန်ကျဆိုတော့ လယ်သမားတွေအတွက် ရင်လေးစရာပါ" ဟု ကျုံပျော်မြို့နယ် ငါးကျီးထူအုပ်စု ဆင်နှစ်ကောင်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။ **သိန်းဇော်(ရွှေလီဦး)**

ရော်ဘာရှက်ဖြင့် ပန်းအလှဆင်ခြင်းနှင့် ပန်းအလှထိုးပညာသင်တန်း မြဝတီမြို့၌ ဖွင့်လှစ်

မြဝတီ နိုဝင်ဘာ ၁၆
ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ထီးမယ်ဝါးခီးကျေးရွာရှိ လေးကေ့ကော်မြို့သစ်တွင် ရော်ဘာရှက်ဖြင့် ပန်းအလှဆင်ခြင်းနှင့် ပန်းအလှထိုးပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလဒုတိယပတ်ကကျင်းပသည်။ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားရာ ခရိုင်အတွင်းရှိ ရော်ဘာစိုက်တောင်သူများ၊ မိသားစုဝင်များ၊ ဒေသတွင်းအမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများအတွက် တစ်နိုင်တစ်ပိုင် အိမ်တွင်းမှု စီးပွားရေး (SME) အဖြစ်ပေါ်ပေါက်လာစေရန် ရည်ရွယ်ကြောင်း ပြောကြားသည်။

ရော်ဘာရှက်ဖြင့်ပြုလုပ်သည့် ပန်းအလှဆင်ပစ္စည်းများပြသစဉ်

မြဝတီခရိုင်အနေဖြင့် ဒေသရာသီဥတုအခြေအနေအရ စက်မှုသီးနှံ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းပြီး စိုက်ဧက ၅၆၄၆ ဧကရှိပြီး အစေးလှီးဧက ၃၁၅၄ ဧကရှိကာ တစ်ဧကအထွက်နှုန်း ၆၉၉ ဒသမ ၅၈ ပေါင် ထွက်ရှိလျက်ရှိသည်။ ရော်ဘာ ၁ ပေါင်လျှင် ငွေကျပ် ၆၀၀ ခန့်သာရရှိသဖြင့် ရော်ဘာစိုက်တောင်သူများ တွက်ခြေမကိုက်သည့် အခြေအနေဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"ယခုသင်တန်းဖွင့်လှစ်ခြင်းဖြင့် ရော်ဘာဈေးနှုန်းများကျဆင်းခြင်းကြောင့် ရော်ဘာစိုက်တောင်သူများ ဝင်ငွေရရှိမှုနည်းပါးနေခြင်းအပေါ် ယခုကဲ့သို့ ရော်ဘာရှက်ကိုအခြေခံပြီး ဝင်ငွေရှာဖွေနိုင်သည့် အိမ်တွင်းမှု အတတ်ပညာ၊ အနုပညာတစ်ရပ် ဖန်တီးနိုင်တဲ့ ပညာရပ်များကြောင့် ဒေသတွင်းရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အပိုဝင်ငွေရရှိလာမှာဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်"ဟု သင်တန်းသူတစ်ဦးက ပြောကြားသည်။

ထိန်လင်းအောင်(မြန်/ဆက်)

ဖားကန့်၌သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းဖွင့်

ဖားကန့် နိုဝင်ဘာ ၁၅
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်းကာ သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းဖွင့်ပွဲကို နိုဝင်ဘာလဒုတိယပတ်က ဖားကန့်မြို့မော်ဝမ်းရပ်ကွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ စုပေါင်းရုံးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌအုပ်ချုပ်ရေးမှူးဦးကျော်စွာအောင်က အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးမင်းသိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဖားကန့်မြို့နယ်ရှိ ရပ်ကွက်၊ကျေးရွာအုပ်စုများမှ သင်တန်းသားသင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်းနှင့် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနတို့မှ သင်တန်းနည်းပြများက သုံးရက်ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

စိုးနိုင်ဦး(ဖားကန့်)

အသေးစား၊ အလတ်စားလုပ်ငန်းများက လူ့အဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင်လိုအပ်ချက်များ ပံ့ပိုးပေးနိုင်တော့မည်ဟုဆို

ဖျာပုံ နိုဝင်ဘာ ၁၅
Standard Chartered နှင့် ဗြိတိသျှကောင်စီတို့ ပူးပေါင်းဆောင်ရွက်၍ စီးပွားရေးလုပ်ငန်း ဦးဆောင်သူများအတွက် Education for Enterpreneurs (E4E) ပညာရေးအစီအစဉ်ကို မြန်မာပြည်၌ ၂၀၁၄ ခုနှစ်မှ စတင်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၌ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ ကို လိပ်ဥကုန်း အမက စာသင်ကျောင်း၌ နိုဝင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ သင်တန်းသား သင်တန်းသူ ၈၇ ဦးကို Standard Chartered သင်တန်းဆရာများက ပညာပေးအစီအစဉ် သင်တန်းဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

၎င်းပညာပေးအစီအစဉ်၏ ရည်ရွယ်ချက်မှာ စီးပွားရေးဦးဆောင်သူများကို မိမိတာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်၊ ဘဏ္ဍာရေးနှင့် စီးပွားရေးအသိပညာဆိုင်ရာများကို ပိုမိုနက်ရှိုင်းစွာ နားလည်တတ်ကျွမ်းစေရန် Standard Chartered ဘဏ်နှင့် ဗြိတိသျှကောင်စီမှ သင်တန်း ဆရာ ဆရာမများအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ အသေးစား၊ အလတ်စားလုပ်ငန်းများအား ၎င်းအစီအစဉ်ကို ပို့ချနိုင်ရန် ပညာရေးအထောက်အပံ့များအပြင် လိုအပ်သောဆွေးနွေးညှိနှိုင်း တိုင်ပင်မှုများကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်သည်။

အစီအစဉ်၏ ပထမနှစ်နှင့် ဒုတိယနှစ်များတွင် မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာ၊ ပဲခူး၊ ပုသိမ်၊ ကျိုင်းတုံနှင့် ပခုက္ကူမြို့များရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းပေါင်း ၇၄၅ ခုကို သင်ကြားပို့ချပေးခဲ့ပြီးကြောင်း၊ ယခုနှစ်တွင် Standard Chartered နှင့် ဗြိတိသျှကောင်စီတို့မှ မကွေး၊ ဖျာပုံ၊ ပြည်နှင့် ရန်ကုန်မြို့များရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ လူမှုရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းဖော်ထုတ်မှုများတွင် အဆင့်မြင့် ကူညီသွားမည်ဖြစ်ကြောင်း၊ E4E ပညာရေးအစီအစဉ်တွင် ငွေကြေးစီးဆင်းမှုဆိုင်ရာ စီမံမှု၊ ရသုံးခန့်မှန်းတွက်ချက်ခြင်း၊ စာရင်းအင်းပညာနှင့် စီးပွားရေးစီမံကိန်းဆွဲခြင်း စသည့်ကဏ္ဍများပါဝင်မည်ဖြစ်ကြောင်း Program Officer ဒေါ်ခိုင်သီဟဖူးထံမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖျာပုံခရိုင် ဖျာပုံမြို့၌ ပထမဦးဆုံးအကြိမ် အဖြစ် ဖျာပုံခရိုင် ကုန်သည်များနှင့် စက်မှု လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းမှုဖြစ်၍ စီးပွားရေးလုပ်ငန်းရှင်များအတွက် ပညာပေးရေး အစီအစဉ်ခေါင်းစဉ်ဖြင့် Standard Chartered နှင့် ပူးပေါင်းကာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို ပညာပေးဖြန့်ဝေခြင်း အစီအစဉ်ဖြစ်ပြီး Standard Chartered ၏ ကျွမ်းကျင်သင်တန်းပို့ချမည့်သူများ၏ ဘဏ္ဍာရေးနှင့် စီးပွားရေးရာနယ်ပယ်ကျွမ်းကျင်မှု ဆိုင်ရာ သင်ထောက်ကူပြုပစ္စည်းများကို အသုံးပြု၍ သင်ခန်းစာများကို ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ယခုသင်တန်းတွင် သင်တန်းဆရာ ဆရာမ နည်းပြ ခြောက်ဦးနှင့် သင်ခန်းစာခြောက်ခုကို နှစ်ပိုင်းခွဲ၍ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းဆင်းအသိအမှတ်ပြု၊ ဂုဏ်ပြုလက်မှတ်များကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း ဖျာပုံခရိုင် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအုန်းဟန်ထံမှ သိရသည်။

ချမ်းသာ(ဖျာပုံ)

စာမျက်နှာ ၁၆ မှ

ဝသုန္ဓရေလက်ရေးကတော့ မန္တလေး၏အညာကိုဆွဲကိုင်ခါယမ်းပစ်လိုက်သလိုမို့ လှုပ်ခတ်သွား၏။ ပြဿနာက အကြီးကြီး။ ၁၉၈၄ ဦးကျားကြီးဝင်းမီး၏ နောက်ဆက်တွဲပြဿနာကို မကိုင်မဖြစ် ကိုင်လိုက်ကြသည့်သဘော။ ဝသုန္ဓရေဆရာများရင်မှာ ဒီပြဿနာကဘလောင်ဆူကာ ပေါက်ကွဲပွင့်အံထွက်နေပြန်ပေါ့။ ဝသုန္ဓရေမှာတော့ မန္တလေးမြို့ခံစာရေး ဆရာများသာမက ခင်ပန်နှင်း(မြောင်းမြ)နှင့် မိုးမိုး(အင်းလျား)တို့ဝတ္ထုတိုတွေလည်း ပါဝင်သည်။ အကြောင်းအရာအားလျော်စွာ စုစည်းမှုက စိတ်ကူးကောင်း၊ တကယ့်အထည်ကြီး။ ပန်းထိမ်သဘောနှင့်ပြောရလျှင် စိန်ထည်၊ အကိုင်အတွယ်တတ် အကိုင်အတွယ်သပ်ရပ်ပါမှ စိန်နှင့်လိုက်ဖက်မည့် လက်ဝတ်ရတနာဖြစ်ပေမည်။

မန္တလေး လက်ဖက်ရည်စားပွဲတွေမှာ ဝသုန္ဓရေသည် ပီဘိငြင်းခုံစရာကြီးဖြစ်တော့၏။ ဝသုန္ဓရေဆရာများသည် မန္တလေး "ဝသုန္ဓရေပြဿနာ"ကို ကိုင်တွယ်ရာ၌ အခြေခံမကျဟု ဆိုသူက ဆိုသည်။

ထူးခြားသည်မှာ ဝသုန္ဓရေကို ဝေဖန်ကြသောအခါ မန္တလေး၏ ဂိုဏ်းဂဏများကို ပြဿနာနှင့်အတူဆွဲသွင်းလာခြင်းပင်ဖြစ်၏။ အရင်ကျွန်တော်တို့သိသည်မှာ ကနဦးဆိုခဲ့သလို ဘက်နှစ်ဖက်၊ ဂိုဏ်းနှစ်ဂိုဏ်းသာ ရှိခဲ့သည်ဟူလို။ သို့သော် ဝေဖန်သူများကမူ သဘောကိုအခြေမခံ အပေါ်ယံလူမှုဆက်ဆံရေး အပေါင်းအသင်းအဖွဲ့အစုသဘောကို ဂိုဏ်းအသွင်တံဆိပ်ကပ်လာသည်။

တကယ်တော့ ရန်ကုန်တွင် မဂ္ဂဇင်းများဒလဟော အပြိုင်အဆိုင်ထွက်လာပြီး စာမူလိုအပ်မှုအား များလာသောအခါ မန္တလေးသည် နှံ့နှစ်စာရေးဆရာများ တဖွားဖွားပေါ်လာသောကာလမို့ လမ်းတွင်လူချင်းတိုက်မိတိုင်း စာရေးဆရာ၊ ကဗျာဆရာဖြစ်နေသောအခါ နီးစပ်ရာချင်းစုကြသည်။ စကားဝိုင်းဖွဲ့ကြသည်။ ထိုစကားဝိုင်းများ တည်ရာအရပ်အလိုက် ဂိုဏ်းများအဖြစ် သမုတ်တော့သည်။ ဗာဒံပင်ဂိုဏ်းတဲ့၊ မျက်သွယ်ဂိုဏ်းတဲ့၊ နန်းရှေ့ဂိုဏ်းတဲ့၊ ဂျပ်ဇိဂိုဏ်းတဲ့၊ အင်းဝဂိုဏ်းတဲ့၊ ဘုရားကြီးဂိုဏ်းတဲ့။

တကယ်တော့ အနေနီးရာ အသွားအလာကြုံရာ စကားပြောဖို့အကြောင်းအချက် အဆင်ပြေရာ "တူ" ရာစုကြသည့်သဘော။ အသိုက်အဝန်း အအုံအကျင်းကောင်းသည့်သဘော။ ၎င်းအစုအဝေး သတ်မှတ်ချက်ဖြင့် ဝသုန္ဓရေလက်ရေးဝတ္ထုတိုစုပါ မန္တလေးပြဿနာကို ကိုင်တွယ်မှုအား ဝေဖန်သူက "ဝသုန္ဓရေဟာ ဗာဒံရိပ်သီအိုရီ" ဟု တံဆိပ်ကပ်လိုက်သည်။

ထိုကာလများ၌ပင် မန္တလေး၌ ထူးထူးခြားခြား ရှားရှားပါးပါးဆိုရမလိုပင်။ မန္တလေးမှာပင် အစအဆုံးရိုက်နှိပ်ထုတ်ဝေသော "ရွှေဝတ်ရည်" မဂ္ဂဇင်းကလည်း ထွက်လာပါတော့သည်။

ဒီကနေ့ နန်းရှေ့လမ်းမကြီးပေါ်က လက်ဖက်ရည်ဆိုင်တွေမှာ တို့ခနဲ ထိခနဲ လျှပ်တစ်ပြက်ထိတွေ့လိုက်ရသော အနုပညာ လက်ဖက်ရည်စားပွဲများကို မြင်လိုက်ရတော့ တစ်ချိန်က ဖြတ်သန်းပါဝင်ခဲ့ရသည့် လက်ဖက်ရည်စားပွဲပေါ်မှ မန္တလေးအနုပညာပုံရိပ်တချို့အား နင့်ခနဲလွမ်းဆွတ်မိသော အခါ...

ဆယ့်နှစ်မျက်နှာသည် လည်းကောင်း၊ ဝသုန္ဓရေသည် လည်းကောင်း ပြက်ပြက်ထင်ထင် အရောင်လက်သတိရလာပြီး နောက်...

ရွှေဝတ်ရည်သည် ရင်၌ဖူးငုံလာတော့၏။ ဆက်၍ အလွမ်းဖြေရပေဦးမည်။

("ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)

ဆည်ရေကျော်ကျမှုကြောင့် ရေထုတ်မြောင်းကမ်းပြိုမှု ဆက်လက်မဖြစ်ပေါ်စေရေးဆောင်ရွက်

ပုလဲ နိုဝင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ တောင်ယမားရေလှောင်တမံသည်မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကံပြားကျေးရွာအနီး ပုလဲမြို့၏ အနောက်တောင်ဘက် ၁၃ မိုင်ခန့် အကွာတွင်တည်ရှိပြီး နိုဝင်ဘာ ၉ ရက်က မိုးရွာသွန်းမှုများ၍ ကန်ရေပြည့်မှတ် ၆၆၀ မှ ၆၆၀ ဒသမ ၈ ပေအထိ ရောင်ရောက်ခဲ့၍ ရေပိုလွှဲမှ ဆည်ရေကျော်ကျမှုကြောင့် ရေပိုလွှဲအောက်ဘက်ခြိုင်မြို့နယ် ငါးလင်းစေ့ကျေးရွာအနီးရှိ ရေထုတ်မြောင်း ကမ်းပြိုမှုဖြစ်ပွားခဲ့ရာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးညွန့်နှင့် အင်ဂျင်နီယာများက နိုဝင်ဘာ ၁၀ ရက်က ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးညွန့်က "နိုဝင်ဘာ ၉ ရက်က မိုးရွာသွန်းမှုများပြီး တောင်ယမားဆည်ကန်ရေပြည့်မှတ် ပေ ၆၆၀ မှ ၆၆၀ ဒသမ ၈ ပေအထိ ရောင်ရောက်ခဲ့ပြီး ရေပိုလွှဲမှ ဆည်ရေကျော်ကျမှုကြောင့် ငါးလင်းစေ့ကျေးရွာအနီးရှိ ရေထုတ်မြောင်းကမ်းပြိုခဲ့တာ ကမ်းစပ်မှာ ပေါက်

ရေထုတ်မြောင်း ကမ်းပြိုမှုဆက်လက်မဖြစ်ပေါ်စေရေး ဆောင်ရွက်နေစဉ်

နေတဲ့ သစ်ပင်ကြီးတွေက မြောင်းအတွင်းကို လဲပြိုကျရောက်ခဲ့ပါတယ်။ သစ်ပင်ကြီးတွေ ချောင်းအတွင်း ကျရောက်ခဲ့တာကြောင့် ရေလမ်းကြောင်းပြောင်းပြီး ကမ်းပါးဘက်ကို ရေဦးလှည့်ပြီး ရေတိုက်စားမှုကြောင့် နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီမှာ ကမ်းပြိုမှုတွေဖြစ်ပေါ်ခဲ့တယ်။ အမျှားဆုံးမှာ ပေ ၆၀ ခန့် ပြိုဆင်းခဲ့ကြောင်း သတင်းရရှိခဲ့တာကြောင့် အင်ဂျင်နီယာတွေနဲ့အတူ ကွင်းဆင်းကြည့်ရှုခဲ့ပါတယ်။ နိုဝင်ဘာ ၁၀ ရက်ကစတင်ပြီး ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ မြောင်းအတွင်း ပိတ်ဆို့နေတဲ့ သစ်ပင်ကြီးတွေကို အပြီးသတ်ဖယ်ရှားရှင်းလင်းနိုင်ခဲ့တာကြောင့် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းမှာ ရေလမ်းကြောင်းဟာ မူလရေစီးကြောင်းအတိုင်း ဖြစ်သွားပါတယ်။ ကမ်းပြိုမှုက မရှိတော့ပါဘူး။ ပြိုကျသွားတဲ့နေရာတွေကိုလည်း ယာယီရေလွှဲတန်းများရိုက်ခြင်း လုပ်ငန်းတွေကို နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းမှာ အပြီးဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ပြောသည်။

ပုလဲမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ တောင်ယမားဆည် ရေပိုလွှဲအောက်ပိုင်း ပေ ၂၀၀၀ ခန့်အကွာ ရေထုတ်မြောင်း လက်ဝဲဘက်ကမ်းမှာ တည်ရှိသော မြိုင်မြို့နယ် ငါးလင်းစေ့ကျေးရွာသည် ရေထုတ်မြောင်းမှ ပေ ၃၀ ခန့် မြင့်သောကုန်းပေါ်မှာ တည်ရှိသော ကျေးရွာဖြစ်သည်။ ကမ်း၏မြေအနေအထားမှာ အပေါ်ဆုံးမြေလွှာ ဂျင်းမြေဖြစ်ကာ ၅ ပေထု အလယ်မြေလွှာမှာ သဲမြေဖြစ်ပြီး ပေ ၂၀ ထုနှင့် အောက်ခံမြေမှာ မြေမာဖြစ်သောကြောင့် ကျေးရွာအတွင်းသို့ ဆည်ရေများ ဝင်ရောက်နိုင်ခြေမရှိကြောင်း၊ ငါးလင်းစေ့ကျေးရွာအနီးရှိ ရေထုတ်မြောင်းကမ်းပြိုမှုကိုလည်း အချိန်နှင့်တစ်ပြေးညီ ထိန်းသိမ်းပြုပြင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တောင်ယမားဆည်သည် တမံအလျား ပေ ၅၆၇၀၊ အမြင့် ပေ ၉၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ဆည်ရေပေးဝေနိုင်သည့် စိုက်ကေ ၇၀၀၀ ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့တွင်း ကုန်တင်ယာဉ်ကြီးများ မောင်းနှင်သွားလာနေခြင်းတို့အား ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ယာဉ်ပိတ်ဆို့မှုလျော့ကျလာနိုင်ဖွယ်ရှိ

ရန်ကုန်မြို့တွင်း ယာဉ်ပိတ်ဆို့မှုများကို အများပြည်သူများ ခံစားနေရဆဲဖြစ်သည်။ လမ်းဘေးဈေးသည်များ ရန်ကုန်မြို့တွင်း မြို့လယ်ကားလမ်းများပေါ် ရောက်သည်အထိ လမ်းဘေးယာဉ်ရပ်နားရာ နေရာများ၊ လူသွား လမ်းများပေါ်တွင်ပါ ရောင်းချမှုများရှိခဲ့ရာ ယာဉ်နှင့်လူအသွားအလာများ အနှောင့်အယှက်ဖြစ်ခြင်းနှင့်အတူ ယာဉ်ပိတ်ဆို့မှုပိုမိုကြုံတွေ့ရသည်။

အများပြည်သူသုံးယာဉ်များ သွားလာမှုများသော နေ့ပိုင်းအချိန်များတွင် ကုန်တင်ယာဉ်ကြီးများ သွားလာခွင့်ပြုထားသော လမ်းများတွင်လည်း ကုန်သေတ္တာတင်ယာဉ်ကြီးများ အပါအဝင် ကုန်တင်ယာဉ်ကြီးများ အများအပြား သွားလာမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှု၊ အချိန်ကြာမြင့်မှု ကြုံနေရသည်ဟု လမ်းအသုံးပြုနေသူများက ပြောသည်။

ရန်ကုန်မြို့တွင်း မြို့လယ်လေးမြို့နယ်မှ လမ်းဘေးဈေးသည်များအတွက် သတ်မှတ်နေရာများသို့ ဆိုင်ခန်းပြောင်းရွှေ့ဖွင့်လှစ်ရန် သက်ဆိုင်ရာမှ စီစဉ်နေကြောင်းလည်း သိရသည်။

ရန်ကုန်မြို့လယ် အများပြည်သူသုံး ခရီးသည်တင်လိုင်းကားများ ဖြတ်သန်းမောင်းနှင်နေသော ဝိုလ်ချုပ်လမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း၊ ကမ်းနားလမ်း၊ ကုန်သည်လမ်း၊ ဆူးလေဘုရားလမ်း၊ ရွှေတိဂုံဘုရားလမ်း၊ လသာလမ်း၊ ဘုန်းကြီးလမ်းများနှင့် ယာဉ်အသွားအလာများပြားသော ပန်းဆိုးတန်းလမ်း၊ လမ်းမတော်လမ်းအပါအဝင် ကားလမ်းမ ၁၁ လမ်းတို့တွင် ဈေးရောင်းချခွင့်မပြုဟု သိရသည်။

အများပြည်သူ အသုံးပြုမှုများသော နေ့ပိုင်းတွင် ကုန်တင်ကားကြီးများ၊ ကုန်တင်ယာဉ်ကြီးများ သွားလာနေမှုအပေါ် ည ၉ နာရီမှ နောက်တစ်နေ့ နံနက် ၆ နာရီအတွင်းသာ ခွင့်ပြုသတ်မှတ်လမ်းကြောင်းများအတိုင်း မောင်းနှင်ခွင့်ပြုရန် စတင်မည့်ရက်ကို အစိုးရအဖွဲ့မှ တရားဝင်ကြေညာရန်ရှိသည်ဟု သိရသည်။

ကုန်တင်ယာဉ်ကြီးများ ကုန်သေတ္တာယာဉ်ကြီးများ ညပိုင်းသွားလာရာတွင် သီရိမင်္ဂလာဈေးသစ်ရှေ့ကြည့်မြင်တိုင်စံပြငါးဈေးရှေ့ကားလမ်းမများတွင် ယာဉ်ကြောပိတ်ဆို့မှုများ ထပ်မံကြုံတွေ့နိုင်သည်ဟု ကုန်သေတ္တာတင်ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ရန်ကုန်မြို့လယ်တွင် ယာဉ်ထိန်းရဲများမှ လမ်းရှင်းလင်းမှုပြုလုပ်ပေးနေစဉ်

သီရိမင်္ဂလာဈေးသစ်ရှေ့တွင် ညဘက်ဈေးရောင်းချသူ တစ်ရာဝန်းကျင်ရှိပြီးယာဉ်နှစ်ထပ်၊ သုံးထပ်ရပ်ခြင်းများရှိ၍ ညပိုင်းယာဉ်ပိတ်ဆို့မှုများ ကြုံတွေ့နေရတတ်သည်ဟု ယင်းလမ်းကြောင်းပေါ် ဖြတ်သန်းမောင်းနှင်သူအငှားယာဉ်မောင်း ဦးမောင်ကြီးက ဆိုသည်။

အဆိုပါ ဈေးသည်များအနေဖြင့် မူလချပေးသည့်နေရာတွင် ရောင်းချရမည့်နေရာမရှိသည့် ဈေးသည်များက ဈေးအနောက်ဘက် ဂိုဒေါင်တွင် တစ်လအခမဲ့ဝင်ရောက်ရောင်းချခွင့်ရှိသည်ဟု တာဝန်ရှိသူတစ်ဦး၏ ပြောဆိုချက်အရ သိရသည်။

ကြည့်မြင်တိုင်ဗားကရာနှင့် ကမ်းနားလမ်းဆုံရာ သဲကွင်းမှတ်တိုင်နှင့် စာတိုက်မှတ်တိုင်ကြားရှိ ဆီသိုလှောင်ကန် ၁၉ ကန်မှ စားအုန်းဆီတန်ချိန် ၂၃၀၀၀ ကို ထုတ်ယူ၍ နယ်များသို့ တင်ပို့ရာတွင် နေ့ပိုင်းသွားခွင့်ပြုထားသော ယာဉ်ငယ်အမျိုးအစားဖြင့် သယ်ယူနိုင်သည်။ ညပိုင်းခွင့်ပြုချိန်တွင် ပုံမှန်အတိုင်းကုန်တင်ယာဉ်ကြီးများဖြင့် သယ်ယူရလိမ့်မည်ဟု စားအုန်းဆီရောင်းဝယ်နေသူတစ်ဦးက ဆိုသည်။

ယာဉ်ကြောပိတ်ဆို့မှုတွင် လမ်းဘေးဈေးရောင်းချခြင်း၊ ကုန်တင်ယာဉ်ကြီးများ၊ ကုန်သေတ္တာယာဉ်ကြီးများနေ့ပိုင်းသွားလာခြင်းတို့ကြောင့် ဖြစ်နိုင်သည်ဟု ပြောဆိုနေသူများအပေါ် သက်ဆိုင်ရာမှ ယင်းဖြစ်စဉ်များကို အများပြည်သူသွားလာမှုများသည့် နေ့ပိုင်းအချိန်တွင် ကားလမ်းများ၌ မရှိရန် စီစဉ်ဆောင်ရွက်မှုရှိနေရာ အကောင်အထည်ဖော်သည့်ကာလတွင် ယာဉ်ပိတ်ဆို့မှုလျော့ကျခြင်း ရှိ မရှိ ရလဒ်ထွက်ပေါ်လာမည်ဖြစ်ပေသည်။

ခင်ဆိုင်

ကျေးရွာစီမံကိန်းလုပ်ငန်းများ၏အကျိုးအမြတ်

လေးမျက်နှာ နိုဝင်ဘာ ၁၅

လေးမျက်နှာမြို့နယ်အတွင်းရှိ ကညင်တိုင်းကျေးရွာနှင့် သဲနုကုန်းကျေးရွာတို့တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာရေးနှစ်တွင် အတိုးအရင်းနှစ်ရွာပေါင်း ငွေကျပ် ၇၉ ဒသမ ၈၉ သန်း ရရှိပြီးဖြစ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အကျိုးအမြတ်ကို ကျေးရွာရှိ ရွာသူရွာသားများ ခံစားရမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဝေဝေ

မိုးစပါး စံကွက်ရိတ်သိမ်းပွဲ ဖြူးတွင်ကျင်းပ

ဖြူး နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမျှူး၍ ၂၀၁၆-၂၀၁၇ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာလဒုတိယပတ်က ဖြူးမြို့နယ် ညောင်ကားယားကျေးရွာ ကွင်းအမှတ် (၇၉၉)ရှိ တောင်သူ ဦးမောင်မောင်သန်း၏ လယ်မြေဆင်းသုခမျိုးစပါးစံကွက်တွင် ကျင်းပသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးကိုကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖြူးမြို့နယ် ဆန်စပါးကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌနှင့် တောင်သူများ တက်ရောက်အားပေး ကြည့်ရှုကြသည်။ စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ဆင်းသုခမျိုးသန့်ထုတ် စိုက်ခင်းကို စနစ်တကျရိတ်သိမ်းကြရာ တစ်ဧကက ၈၁ ဒသမ ၆၄ တင်း ထွက်ရှိခဲ့ကြောင်းသိရသည်။

ဖြူးမြင့်ဦး

ညောင်လေးပင်၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်

ညောင်လေးပင် နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ရန်ပုံငွေခွဲဝေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက ညောင်လေးပင်မြို့အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက ရပ်ကွက်၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာအုပ်စု လုပ်ငန်းကြီးကြပ်မှုကော်မတီများထံသို့ တာဝန်ရှိသူတို့က လွှဲပြောင်းပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ကျေးရွာအုပ်စု ၂၉ အုပ်စုတို့၌ ကျေးရွာချင်းဆက်ဂဝံခင်း ခြင်းလုပ်ငန်း ၃၀၊ ကျေးလက်လမ်းတံတားလုပ်ငန်းသုံးခု၊ ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းတစ်ခု စုစုပေါင်း လုပ်ငန်း ၃၄ ခုကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

အနိုင်ရလိုမှု ပြင်းပြတဲ့စိတ်ဓာတ်နဲ့ ထိပ်တိုက်တွေ့မယ့် မန်ယူနဲ့ အာဆင်နယ်တို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၂)

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ နိုဝင်ဘာ ၁၉ ရက်နဲ့ ၂၀ ရက်တွေမှာတော့ ပရီမီယာလိဂ်ပွဲစဉ်(၁၂)ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ မန်ယူကွင်းမှာ ကစားမယ့် အာဆင်နယ်၊ ဆောက်သမ်တန်ကွင်းမှာ ကစားမယ့် လီဗာပူးတို့ရဲ့ပွဲစဉ်တွေက ပရိသတ်အကြိုက် စောင့်ကြည့်ရမယ့်ပွဲတွေဖြစ်နေပြန်ပါတယ်။ အထူးပွဲစဉ်ကတော့ ခရစ္စတယ်ပဲလေ့စ်ကွင်းမှာ ကစားမယ့် မန်စီးတီးတို့ကလည်း ပရိသတ်တွေစိတ်လှုပ်ရှားစရာအဖြစ် အသုံးတော်ခံပါဦးမယ်။

မန်ယူနှင့် အာဆင်နယ်

တန်းစီဇယား ဆဋ္ဌမနေရာမှာရှိနေတဲ့ မန်ယူဟာ အိမ်ကွင်းဖြစ်ပေမယ့် စတုတ္ထနေရာမှာရှိနေတဲ့ အာဆင်နယ်ကို ပွဲကျပ်အဖြစ်ရင်ဆိုင်ရပါလိမ့်မယ်။ ဆန်းချက်ဇ်နဲ့ ကာဇီလာတို့ မပါဝင်နိုင်တာမို့ အာဆင်နယ်အတွက် အားလျော့စရာဖြစ်သလို မန်ယူအတွက်ကတော့ စိတ်သက်သာရာရစေတဲ့ အချက်ပါပဲ။ တိုက်စစ်ပုံစံအပြောင်းအလဲပြုလုပ်ထားတဲ့ မန်ယူဟာ အခုပွဲမှာ အာဆင်နယ်ကို ခြေကုန်ထုတ်ရပါလိမ့်မယ်။ မန်ယူနဲ့ အာဆင်နယ်တို့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုမှာ မန်ယူက နစ်ပွဲနိုင်ပြီး အာဆင်နယ်က နှစ်ပွဲနိုင်ကာ သရေတစ်ပွဲဖြစ်ထားပါတယ်။ မန်ယူရဲ့လက်ရှိခြေစွမ်းအရ တစ်မှတ်ရရင်ပဲ ကျေနပ်စရာရလဒ်အဖြစ် သတ်မှတ်ရမလိုဖြစ်နေပါတယ်။

ဆောက်သမ်တန်နှင့် လီဗာပူး

ခြေစွမ်းအကောင်းဆုံးပြသနိုင်နေတဲ့ လီဗာပူးတို့က အခုပွဲကိုလည်း နိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။ လီဗာပူးဟာ အခုတလော ဂိုးပြတ်သွင်းနိုင်ပွဲတွေဆက်နေပြီး ပြိုင်ဘက်တိုင်းကို ခြေမှုန်းနိုင်နေပါတယ်။ ဆောက်သမ်တန်တို့က အိမ်ကွင်းမှာ ခြေစွမ်းမာကျောပြီး အမှတ်ရအောင် ကစားနိုင်တာမို့ လီဗာပူးတို့လည်း သတိထားကစားရပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ်သင်းနောက်ဆုံးကစားခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် လီဗာပူးတို့ချည်း နိုင်ပွဲရထားတာမို့ အခုပွဲမှာ လီဗာပူးတို့ သုံးမှတ်အပြည့်ရဦးမယ့်ပွဲပါပဲ။

ခရစ္စတယ်ပဲလေ့စ်နှင့် မန်စီးတီး

ခြေပျက်နေတဲ့ မန်စီးတီးတို့လည်း ပရီမီယာလိဂ်မှာ ရုန်းကန်နေရပါတယ်။ နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ တစ်ပွဲသာအနိုင်ရထားတဲ့ မန်စီးတီးတို့ ပဲလေ့စ်ကို အနိုင်ကစားပြီး ဖိအားတွေကို လျော့ချပါလိမ့်မယ်။ မန်စီးတီးဟာ ပဲလေ့စ်နဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့ရာမှာ မန်စီးတီးက တစ်ပွဲသာရှုံးထားပါတယ်။ အခုပွဲမှာ အကြိုက်က မန်စီးတီးဖြစ်ပေမယ့် ပဲလေ့စ်ရဲ့အိမ်ကွင်းစွမ်းဆောင်မှုကောင်းမွန်တာမို့ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

အဲဗာတန်နှင့် ဆွမ်ဆီး

ဒီနှစ်ပရီမီယာလိဂ်မှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ အဲဗာတန်တို့က အကောင်းဆုံးမှတ်တမ်းဝင်အောင် ကြိုးစားထားနိုင်နေပါတယ်။ ဆွမ်ဆီးဟာ အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို ကောင်းကောင်းချေမှုန်းနိုင်ပေမယ့် အခုပွဲ အဲဗာတန်ကွင်းမှာ သိပ်တော့မလွယ်ပါဘူး။။ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့ပြီး တန်းဆင်းဇုန်ထဲကျရောက်နေတဲ့ ဆွမ်ဆီးကို အဲဗာတန်တို့ သုံးမှတ်အပြည့်ရယူနိုင်ရေး ကြိုးစားသွားပါလိမ့်မယ်။

စတုတ်နှင့် ဘုန်းမောက်

ဒီနှစ်ပရီမီယာလိဂ်မှာ အဝေးကွင်းနိုင်ပွဲစဉ်းဦးမပေါက်သေးတဲ့ ဘုန်းမောက်တို့ အတွက် စတုတ်နဲ့ တွေ့ဆုံမှုက ခက်ခဲတဲ့ ပုစ္ဆာတစ်ပုဒ်ကို တွက်ချက်ရသလိုဖြစ်နေပါတယ်။ ပွဲတိုင်းအမှတ်ရအောင် ယူနိုင်နေတဲ့ စတုတ်တို့ကတော့ အခုပွဲမှာလည်း အိမ်ကွင်းဖြစ်တာမို့ ဘုန်းမောက်ကို အနိုင်ရယူရေး အားထုတ်ပါလိမ့်မယ်။ စတုတ်တို့က ခြောက်ပွဲဆက်တိုက်ရှုံးပွဲမရှိအောင် ကစားနိုင်တာမို့ အခုပွဲဟာ စတုတ်ရဲ့ပွဲလို့ပဲသတ်မှတ်ရမှာပါ။

ဆန်းဒါးလန်းနှင့် ဟားလ်စီးတီး

ပုံမှန်ခြေစွမ်းမရဘဲ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရတဲ့ ဆန်းဒါးလန်းတို့လည်း တန်းဆင်းဇုန်ထဲကျဆင်းနေသလို ဟားလ်စီးတီးတို့လည်း တန်းဆင်းဇုန်ထဲမှာ ရှိနေပါတယ်။ ခံစစ်ပိုင်းမှာတော့ ဟားလ်စီးတီးတို့ အားနည်းချက်ရှိနေပြီး တိုက်စစ်ပိုင်းကလည်း အားနည်းချက်ရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ တွေ့ဆုံမှုနောက်ဆုံးငါးပွဲမှာတော့ တစ်လှည့်စီအနိုင်ယူနေကြတာမို့ အခုပွဲဟာ သရေပွဲလည်းဖြစ်သွားနိုင်ပါတယ်။

ဝက်ဖို့ဒ်နှင့် လက်စတာ

ပြီးခဲ့တဲ့နှစ်က ခြေစွမ်းမျိုးပြန်မရသေးတဲ့ လက်စတာတို့လည်း ခြေစွမ်းကောင်းမပြသနိုင်သေးပါဘူး။ ဝက်ဖို့ဒ်တို့ကတော့ အိမ်ကွင်း၊ အဝေးကွင်း ခြေစွမ်းပုံမှန်ပြသနိုင်နေတာမို့ အခုပွဲမှာတော့ နှစ်သင်းစလုံး ခြေကုန်ဖွင့်ကြပါလိမ့်မယ်။ လက်စတာရဲ့အားထုတ်မှုက ပေးဂိုးများနေတာမို့ ခံစစ်ပိုင်းပြုပြင်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဝက်ဖို့ဒ်ရဲ့အိမ်ကွင်းစွမ်းဆောင်မှုက အမှတ်ရအောင် ယူနိုင်တာမို့ ဒီပွဲဟာ အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

စပါးအတွက်တော့ နောက်ဆုံးလေးသင်းစာရင်းဝင်အောင် ကြိုးစားနေတဲ့ မျော်လင့်ချက်ကြောင့် ဒီပွဲကို အမှတ်ပြည့်ရအောင် ကြိုးစားပါလိမ့်မယ်။ ဝက်စ်ဟမ်တို့ကတော့ အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်ပြီး ရှုံးပွဲများနေပါတယ်။ စပါးရဲ့ဒီနှစ် ပရီမီယာလိဂ်အိမ်ကွင်းစွမ်းဆောင်မှုကိုကြည့်ရင် ရှုံးပွဲမရှိသေးပါဘူး။ ဒီပွဲမှာ စပါးတို့ သုံးမှတ်အပြည့်ရယူမယ့်ပွဲပါပဲ။ ။

မိုးမြင့်လင်းလက်

လီဗာပူးနဲ့အတူ ခြေစွမ်းပြလာတဲ့ ကောင်တင်ဟို

လီဗာပူးအသင်းက ကောင်တင်ဟိုဟာ အသင်းနဲ့အတူ ခြေစွမ်းပြလျက်ရှိပြီး သူ့ရဲ့ဘောလုံးသမားဘဝမှာ အကောင်းဆုံးကစားနိုင်နေတဲ့ အနေအထားကို တွေ့ရပါတယ်။ အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့ ကောင်တင်ဟိုဟာ လီဗာပူးရဲ့အကောင်းဆုံးဘောလုံးသမားအဖြစ်လည်း ရောက်လာဖို့ ရှိနေပါတယ်။ သူဟာ ကမ္ဘာ့အကောင်းဆုံး ထိပ်တန်းကစားသမား ၁၀ ယောက်စာရင်းမှာ ပါဝင်လာနိုင်တယ်လို့လည်း တယ်လီဂရပ်ဖ်သတင်းစာက ရေးသားဖော်ပြထားပါတယ်။ သူဟာ လီဗာပူးမှာ အသားကျနေပြီး ပျော်ရွှင်မှုလည်းရှိနေတယ်လို့ ဆိုပါတယ်။ သူ့အတွက် အကြီးမားဆုံး စိန်ခေါ်မှုကတော့ လီဗာပူးနဲ့အတူ ပရီမီယာလိဂ်ဖလားနဲ့ ချန်ပီယံလိဂ်ဖလားတွေကို ဆွတ်ခူးနိုင်ဖို့ပဲဖြစ်ပါ့မယ်။ တိုက်စစ်အားပါတဲ့ ကွင်းလယ်ကစားသမား ဘရာဇီးသား ကောင်တင်ဟိုကို ဥရောပထိပ်သီးကလပ်တွေဖြစ်တဲ့ ဘာစီလိုနာနဲ့ ပီအက်စ်ဂျီတို့က ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့လည်း သတင်းတွေက ဆိုပါတယ်။

လေးပွဲမှာ ၂၁ ဂိုးနဲ့ ဂိုးသွင်းစံချိန်တင်ခဲ့တဲ့ ဘယ်လ်ဂျီယံ

ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက်ရှိရာမှာ ဘယ်လ်ဂျီယံအသင်းကတော့ အတော်ကို အောင်မြင်မှုရနေတဲ့အသင်း အဖြစ်တွေ့ရမှာဖြစ်ပါတယ်။ ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စု(H)က ပြိုင်ပွဲမှာ ဘယ်လ်ဂျီယံဟာ အက်စ်တိုးနီးယားအသင်းကို ရှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့ပြိုင်ပွဲအပြီးမှာ ဂိုးသွင်း စံချိန်သစ်တင်ခဲ့တယ်လို့လည်း ဆိုပါတယ်။ ဘယ်လ်ဂျီယံဟာ ခြေစစ်ပွဲလေးပွဲ ကစားအပြီးမှာ သွင်းဂိုး ၂၁ ဂိုး အထိရရှိပြီး ဂိုးအများဆုံးနဲ့ အောင်ပွဲခံနေပါတယ်။ အုပ်စု (H) မှာလည်း ထိပ်ဆုံးက ဦးဆောင်နေတဲ့အသင်းဖြစ်နေပါတယ်။ အက်စ်တိုးနီးယားကိုနိုင်ခဲ့တဲ့ပွဲမှာ အသင်းရဲ့အဓိက ကစားသမားတစ်ယောက်ဖြစ်တဲ့ အီဒင်ဟာဇတ်ကတော့ ဒဏ်ရာကြောင့်ထွက်ခဲ့ရပါတယ်။ ဒီပွဲမှာ ဟာဇတ်နဲ့အတူ အဓိက ဦးဆောင်ကစားခဲ့သူက လူကာကူဖြစ်ပါတယ်။ နည်းပြ မာတီနက်ဇ်ရဲ့ဘယ်လ်ဂျီယံအသင်းဟာ အုပ်စု (H) မှာ ရာနှုန်းပြည့်အောင်မြင်နေပြီး နောက်တစ်ဆင့်တက်ဖို့လည်း သေချာနေပြီဖြစ်ပါတယ်။

ကော်စတာကို စာချုပ်သစ်ချုပ်ဆိုဖို့ လိုလားနေတဲ့ ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းအနေနဲ့ အသင်းရဲ့တိုက်စစ်မှူး ဒီယေဂိုကော်စတာကို စာချုပ်သစ်ချုပ်ဆိုဖို့ လိုလားနေတယ်လို့ ချယ်လ်ဆီးအသင်းရဲ့တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ကော်စတာဟာ ပြီးခဲ့တဲ့ရာသီအတွင်းက ကောင်စွာခြေစွမ်းပြကစားနိုင်ခဲ့ခြင်းမရှိပေမယ့် ဒီရာသီမှာတော့ ချယ်လ်ဆီးနဲ့အတူ ဂိုးတွေသွင်းယူနေနိုင်တာ တွေ့ရပါတယ်။ သို့သော်လည်း ဒဏ်ရာရနေတဲ့ ကော်စတာဟာ စပိန်က မက်ဆီဒိုးနီးယားကို လေးဂိုးပြတ်နဲ့ အနိုင်ရခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာတော့ ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပါဘူး။ နွေရာသီက ချယ်လ်ဆီးအသင်းရဲ့ နည်းပြဖြစ်လာတဲ့ ကွန်တီးကတော့ ကော်စတာကို ထပ်မံစာချုပ်ဖို့ စိတ်အားထက်သန်နေတယ်လို့ ဆိုပါတယ်။

တိုက်စစ်မှူး ကော်စတာဟာ အသက် ၂၈ နှစ်အရွယ်ရှိပြီး စပိန်နိုင်ငံသားဖြစ်ကာ ဒီရာသီမှာ ချယ်လ်ဆီးအသင်းအတွက် ၁၃ ပွဲကစားပေးထားပြီး ဂိုးဂိုး သွင်းယူပေးထားပါတယ်။ ကော်စတာကို အသင်းဟောင်းဖြစ်တဲ့ အက်သလက်တီကိုကလည်း ခေါ်ယူဖို့ အကြိမ်ကြိမ် ဆက်သွယ်မှုတွေ ပြုလုပ်နေပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး ကြိုးစားဆောင်ရွက်ကြရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တိုက်တွန်းမှာကြား

မကွေး နိုဝင်ဘာ ၁၅

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး အတွက် ကြိုးစားဆောင်ရွက်ကြရန် မကွေးမြို့အထက (၁)ကျောင်း ပန်းဟေဝန်းခန်းမဆောင်၌ နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက ပြုလုပ်သည့် ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တိုက်တွန်းမှာကြားသည်။

တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ချက်မြင့်မားရေး အတွက် ကြိုးစားဆောင်ရွက်ကြရာတွင် တက္ကသိုလ်မှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ အကူအညီဖြင့် တက္ကသိုလ်ဝင်တန်း ဘာသာပြဆရာ၊ ဆရာမများ ပူးပေါင်း၍ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေး အတွက် ဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီးက မှာကြားပြီး မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ တစ်တန်းနှင့်တစ်တန်း ကျောင်းကူးပြောင်းရာတွင် ကျောင်းသားများ ကျောင်းမှမထွက်ကြရေးနှင့် ပညာရေးဘဏ္ဍာငွေများကို စိစစ်သုံးစွဲရေးတို့ကို ပြည်ထောင်စုဝန်ကြီးက မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက တိုင်းဒေသကြီး၏ ပညာရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများက မိမိတို့ကျောင်းများအလိုက် လိုအပ်ချက်များကို တင်ပြဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ ကျောင်းအုပ်ကြီးများ တက်ရောက်ခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးနှင့် ပညာရေးဝန်ထမ်းများ တွေ့ဆုံပွဲများကို မကွေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်(မကွေး)တို့၌လည်း ညနေပိုင်းတွင် ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ဇဖ)

စွယ်တော်စေတီဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ စွယ်တော်မြတ်စေတီတော်(၂၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့က စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

စွယ်တော်မြတ်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက ဦးစီးကျင်းပခြင်းဖြစ်ပြီး ဝန်ကြီးဌာန ကိုးခု၊ ခရိုင် လေးခရိုင်မှ အုပ်ချုပ်ရေးအဖွဲ့များနှင့် မြို့နယ်ပေါင်းဉာဉ် မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်မိသားစုဝင်များ၊ သာသနာ့ဂဟအသင်းဝင်များက မဏ္ဍာပ်များဖြင့် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြကာ ညပိုင်းတွင် စေတီတော်ကြီးအား ဆီမီးကိုးထောင်ဖြင့် ပူဇော်ကြကြောင်း သိရသည်။

ဆက်လက်၍ နိုဝင်ဘာ ၁၅ ရက်တွင်လည်း ဝတ်ရွတ်ပူဇော်ခြင်း၊ နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိတွင် တရားပွဲများ ကျင်းပပူဇော်ခြင်းများကိုလည်း ဆက်လက်ပြုလုပ်သွားမည်ကြောင်း သိရသည်။

မျိုးမင်းသိန်း၊ ဓာတ်ပုံ-သန်းထိုက်

(၁၂၁)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့်ပူဇော်ပွဲ တွံတေးဌာနကျင်းပ

တွံတေး နိုဝင်ဘာ ၁၅

တွံတေးမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော ဆံကေသာဓာတု ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၂၁)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် ပူဇော်ပွဲကို စေတီတော်ရင်ပြင်တော်၌ နိုဝင်ဘာ ၁၃ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

ပြိုင်ပွဲကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်း၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဘဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြိုင်ပွဲတွင် ဈေးသစ်ရပ်ကွက် သမ္မာလစင်တော်အဖွဲ့၊ အောင်တံခါးကျေးရွာ(၁) သုစိတာစင်တော်အဖွဲ့၊ ငါးခုမွစမ်းကျေးရွာ ဝိသာခါစင်တော်အဖွဲ့၊ အိုးဖိုအရှေ့ရုပ်ကွက် အမရာစင်တော်အဖွဲ့၊ ရွှေဆံတော်ရပ်ကွက် ယသော်ဓရာစင်တော်အဖွဲ့၊ ကျုံးကြီးရပ်ကွက် သုဇာတာစင်တော်အဖွဲ့၊ ညောင်တံခါးကျေးရွာ (၂) ဂေါတမီစင်တော်အဖွဲ့၊ ရှမ်းစုကျေးရွာ (၁) ပဝဝတီစင်တော်အဖွဲ့၊ ရှမ်းစုကျေးရွာ (၂) မဒီစင်တော်အဖွဲ့တို့က ရက်ကန်းစင် ကိုးစင်ဖြင့် အလှူးအသားတင် ၁၂ ကိုက်၊ အနုအသားတင် ၃၁ လက်မရှိ မသိုးသင်္ကန်းများကို ယှဉ်ပြိုင်ရက်ခတ်ကြသည်။

ရက်လုပ်သော မသိုးသင်္ကန်းများကို စေတီတော်ဂေါပကအဖွဲ့နှင့် အကျိုးဆောင်များက စိစစ်ပြီး ရွှေကြာပန်းများဖြင့် အလှုဆင်ကာ ရွှေဆံတော်စေတီ ရင်ပြင်ပေါ်ရှိ ရုပ်ပွားတော် ကိုးဆူကို နိုဝင်ဘာ ၁၄ ရက် နံနက်တွင် ပူဇော်ခဲ့သည်။

ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၁၂၁)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ပထမဆု ကျပ်လေးသိန်း၊ ဒုတိယဆုကျပ် သုံးသိန်းငါးသောင်း၊ တတိယဆု ကျပ်သုံးသိန်း၊ စတုတ္ထဆု ကျပ်နှစ်သိန်းငါးသောင်းနှင့် နှစ်သိမ့်ဆု ငါးဆုကို ကျပ်နှစ်သိန်းစီ ချီးမြှင့်ကြောင်း သိရသည်။

မျိုးလှိုင် (တွံတေး)

ကာတွန်းပညာရှင်များ စာပေဟောပြော

ပန်းတောင်း နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းက ကြီးမှူး၍ ကာတွန်းပညာရှင်များက ဟောပြောသော စာပေဟောပြောပွဲကို ဥသျှစ်ပင်မြို့ စာရေးဆရာအသင်းရုံး၌ နိုဝင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဌေးဝင်း(မောင်တည်ခိုင်-ပန်းတောင်း)က အမှာစကားပြောကြားပြီး ကာတွန်းဆရာများဖြစ်သော ကာတွန်းငယ်ဦး၊ ကိုရွှေထူး(ပြည်)၊ ကာတွန်းမောင်မောင်အောင်၊ ကာတွန်းဝင်းဖေ(အဖျောက်)၊ ကာတွန်းနေမျိုးအေး(ရဲခေါင်မဲမောင်)နှင့် ကာတွန်းမောင်ရွှေဝင်းတို့က စာပေနှင့် အတိုအစများ၊ ရောက်တတ်ရာရာ ရပ်ကွက်ထဲမှာ၊ မိမိဘဝကို ကယ်တင်ပါ၊ တန်ဖိုးရှိသောလူနှင့် ရောက်တတ်ရာရာထွေရာလေးပါး စသည့် ခေါင်းစဉ်များဖြင့် စာပေဆိုင်ရာများကို ဟောပြောခဲ့ကြသည်။

အောင်မြင့်(ပန်းတောင်း)

ရွှေဘိုမြို့မှ အခိုင်အမာဆောက်လုပ်ထားသော မော်ဓေမြင်သာဘုရားပွဲတော် ဆိုင်ခန်းများ

မြန်မာနိုင်ငံအရပ်ရပ်တွင် မိမိတို့မြို့နယ်များမှ တန်ခိုးကြီးဘုရားများ၏ ဗုဒ္ဓပူဇနိယပွဲတော်များကို နှစ်စဉ်ကျင်းပလေ့ရှိကြသည်။ ဘုရားပွဲများကို ကျင်းပရာတွင် အချို့ဘုရားပွဲများကို တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပပြီး အချို့ဘုရားပွဲများကို တစ်နှစ်တစ်ကြိမ်ထက်ပို၍ အခါကြီးရက်ကြီးများတွင် ကျင်းပကြသည်။ အချို့ဘုရားပွဲများကို နှစ်ရက် သုံးရက်ခန့် ရက်တိုကျင်းပပြီး အချို့ဘုရားပွဲများမှာ ၁၀ ရက် ၁၅ ရက်ခန့်အထိ ရက်ရှည်ကျင်းပသည်။

ဘုရားပွဲများတွင် ဗုဒ္ဓပူဇနိယ အစီအစဉ်များနှင့်အတူ ပါလေ့ရှိသည်မှာ ဈေးအရောင်းပွဲများဖြစ်သည်။ အချို့ဈေးရောင်းပွဲများကို မြို့ပြင်ရှိဘုရားပိုင်ဝတ္ထုကံမြေအတွင်း၌လည်းကောင်း၊ ဘုရားဝန်းကျင် ရပ်ကွက်များအတွင်း၌လည်းကောင်း ဈေးဆိုင်များကို ဖွင့်လှစ်ရောင်းချကြသည်။ မြို့ပြင်ရှိ ကျယ်ဝန်းသော ဘုရားပိုင်ဝတ္ထုကံမြေပေါ်တွင် ကျင်းပကြသော ဗုဒ္ဓပူဇနိယဘုရားပွဲတော်များမှာ ပခုက္ကူသီဟိုဠ်ရှင်ဘုရားပွဲ၊ မကွေးမြသလွန်ဘုရားပွဲနှင့် ရွှေဘိုမော်ဓေမြင်သာ မြို့ထောင့်စေတီဘုရားပွဲ၊ ပုဂံအာနန္ဒာပွဲများ ဖြစ်သည်။ ထိုဘုရားပွဲများတွင် ဘုရားပွဲပေါင်းစုံ လိုက်လံရောင်းချသော နယ်လှည့်ဈေးသည်များက ဆိုင်ခန်းပေါင်း ၂၀၀ မှ ၁၀၀၀ ကျော်အထိခင်း၍ ရောင်းချကြသည်။

ဘုရားပွဲတော်များတွင် ဈေးဆိုင်ခန်းများကို ဆောက်လုပ်ရာတွင် ဝါးများဖြင့် ဆောက်လုပ်ကြသည်။ ဆိုင်ခန်းနေရာများကို ဘုရားရန်ပုံငွေအဖြစ် ဂေါပကအဖွဲ့က ကြီးကြပ်၍ နယ်လှည့်ဈေးသည်များကို နေရာသတ်မှတ်၍ ရောင်းချကြသည်။ ထိုကဲ့သို့ ရောင်းချရာတွင် ဆိုင်ခန်းများကို တစ်နှစ်တစ်ခါ ဘုရားပွဲချိန်တိုင်း ဆောက်လုပ်၍ ရောင်းချခြင်းကြောင့် အချိန်ကုန်ခြင်း၊ ငွေကုန်ခြင်းများ ဖြစ်နေကြသည်။ တစ်နှစ်တစ်ခါ ပွဲတော်ဆိုင်ခန်းများ ဆောက်လုပ်ခြင်းဖြင့် နှစ်စဉ် ငွေကြေးကုန်ကျသည့်အစား ပွဲတော်ဆိုင်ခန်းများကို အုတ်ဖိနပ်ခံသံတိုင်နှင့် သွပ်မိုးဆိုင်ခန်းများအဖြစ် အခိုင်အမာတည်ဆောက်ထားသည်ကို ရွှေဘိုမြို့ မော်ဓေမြင်သာ မြို့ထောင့်စေတီဘုရား ဂေါပကအဖွဲ့က ဆောက်လုပ်ထားသည်ကို တွေ့ရပြီး မြန်မာပြည်တွင် ဘယ်ဘုရားပွဲတွင်မှ မရှိသေးသည့် ထူးခြားမှုလည်းဖြစ်သည်။

ရွှေဘိုမြို့ မော်ဓေမြင်သာ မြို့ထောင့်စေတီဘုရားပွဲတော်ကြီးကို နှစ်စဉ် တော်သလင်းလပြည့်ကျော် ၈ ရက်မှ သီတင်းကျွတ်လဆန်း ၁ ရက်အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ရွှေဘိုမြို့ မြို့ထောင့်စေတီဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခု ၂၀၁၆ ခုနှစ်တွင် (၂၀၂)ကြိမ်မြောက်အထိ ရှိပြီဖြစ်သည်။ ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာ ဆီမီး ၉၀၀၀ ပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲကိုပါ ထည့်သွင်းကျင်းပနိုင်ခဲ့သည်။

မော်ဓေမြင်သာ ဗုဒ္ဓပူဇနိယဘုရားပွဲတော်သို့ နှစ်စဉ် ဆိုင်ခန်းပေါင်း ၁၀၀၀ ကျော် လာရောက်ရောင်းချကြရာတွင် နှစ်စဉ်ဝါးများဖြင့် ဆိုင်ခန်းဆောက်လုပ်ခြင်းကြောင့် အချိန်ကုန်၊ ငွေကုန်သဖြင့် ပွဲတော်အတွက် ဈေးဆိုင်ခန်းများကို တစ်ကြိမ်တည်း ငွေကုန်ကြေးကျခံ၍ ၂၀၁၂ ခုမှ စတင်ပြီး အုတ်ဖိနပ်၊ သံထည်၊ သွပ်မိုးဖြင့် အခိုင်အမာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အခိုင်အမာ ဆောက်လုပ်ထားသည့် ဆိုင်ခန်းပေါင်း ၂၄၁ ခန်းရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မည်သည့်ဘုရားပွဲတော်တွင်မှ မရှိသေးသည့် အခိုင်အမာ ဘုရားပွဲဈေးဆိုင်ခန်းများကို မော်ဓေမြင်သာ ဗုဒ္ဓပူဇနိယဘုရားပွဲအတွက် ဆောက်လုပ်ထားသည်မှာ နှစ်စဉ် အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းမှုကို သက်သာစေပြီး အခြားဘုရားပွဲကျင်းပရာဂေါပကအဖွဲ့များ အတုယူဖွယ်ကောင်းလှသဖြင့် ချီးကျူးဂုဏ်ပြု ရေးသားတင်ပြလိုက်ပါသည်။

တင်လှိုင်(မိတ္ထီလာ)

တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်းဆေးဝါးကုသပေး

ရွှေဘို နိုဝင်ဘာ ၁၅

ရွှေဘိုခရိုင် တိုင်းရင်းဆေးကုသရေးဦးစီးဌာန (၂၅)ခုတင်ဆုံတိုင်းရင်းဆေးရုံမှ ဝန်ထမ်းများနှင့် တိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်း၍ ရွှေဘိုမြို့ ပါဠိကာရီ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် ဆေးဝါးကုသပေးခြင်းကို နိုဝင်ဘာ ၈ ရက်မှစ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကွင်းဆင်းကုသမှုများကို (၂၅)ခုတင်ဆုံတိုင်းရင်းဆေးရုံမှ ဒုတိယဆေးရုံအုပ် ဒေါ်မြမြခိုင် ဦးဆောင်သည့် တိုင်းရင်းဆေးမျူးများက ကွင်းဆင်းဆောင်ရွက်ကြပြီး ကွင်းဆင်းကုသပေးရာတွင် ရွှေဘိုမြို့ ပါဠိကာရီ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၆၃ ဦးကို နိုဝင်ဘာ ၈ ရက်တွင်လည်းကောင်း၊ စည်သာကျေးရွာမှ ဒေသခံပြည်သူ ၉၇ ဦးကို နိုဝင်ဘာ ၉ ရက်တွင်လည်းကောင်း တိုင်းရင်းဆေးပညာဖြင့် ဆေးဝါးကုသပေးခြင်း၊ ဆေးကြပ်ထုပ်ထိုးပေးခြင်း၊ ဆေးစည်းပေးခြင်း စသည့် ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဆေးဝါးများထောက်ပံ့ရာတွင် တိုင်းရင်းဆေးဦးစီးဌာနမှ ဆေးဝါးများအပြင် ရုပ်ပျိုကုမ္ပဏီမှလည်း ဆေးဝါးများ လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

ချင်းတွင်းသား

စနေနေ့တိုင်း ရွာလုံးကျွတ်သန့်ရှင်းရေးပြုလုပ်

သုံးခွ နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်း၌ ကိုရီးယားသမ္မတနိုင်ငံ(KOICA)၏ ကူညီထောက်ပံ့မှုဖြင့် ဆောင်ရွက်နေသော မြန်မာဆယ်မာအူးလ်အွန်ဒုံ ကျေးရွာသစ်စီမံကိန်းဝင် ကျေးရွာတစ်ရွာဖြစ်သည့် လက်ပန်ကျေးရွာ၌ အပတ်စဉ် စနေနေ့တိုင်း ရွာလုံးကျွတ်သန့်ရှင်းရေးလုပ်ငန်းများကို ကျေးရွာနေပြည်သူများ စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာ၏ လူနေမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရန်အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းဖြစ်ကာ ကျေးရွာတွင် စီမံကိန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ ကွန်ကရစ်လမ်းများခင်းခြင်း၊ ရေပိုက်ဖြင့်ရေပေးဝေရန် ရေစင်တည်ဆောက်ခြင်း၊ ကျေးရွာအတွင်း ကန်သာယာလမ်းမှ နေအိမ်များရှေ့တွင် ကွန်ကရစ်ခြံစည်းရိုးတိုင်များ စိုက်ထူ၍ အရှည်ပေ ၁၃၄၀ရှိ သံဆန်ခါများ ကာရံပေးခြင်း၊ ကျေးရွာအတွင်း နေအိမ်များရှေ့၌ အမှိုက်ပုံးငယ် ၁၀၀ ကျော်ကိုထားရှိပြီး အမှိုက်သိမ်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

မြို့လုံးကျွတ် တန်ဆောင်တိုင်ဆွမ်းကြီးလောင်းပွဲတော် သထုံတွင် အစဉ်အလာမပျက်ကျင်းပ

သထုံ နိုဝင်ဘာ ၁၅

မွန်ပြည်နယ် သထုံမြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တိုင်း ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ် တန်ဆောင်တိုင်ဆွမ်းကြီးလောင်းပွဲတော်ကို နိုဝင်ဘာ ၁၄ ရက် နံနက်က အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင် အစဉ်အလာမပျက် စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဘိုးဘွားတွေလက်ထက်ထဲက ဒီစေတီတော်ကြီးမှာ ခေတ်အဆက်ဆက် မြို့လုံးကျွတ်အနေနဲ့ ကျင်းပလာတာ၊ မှတ်သားမှုအားနည်းခဲ့တော့ အကြိမ်ရေ ဘယ်လောက်ရှိပြီဆိုတာ ပြောရခက်တာပေါ့။ ဒီဆွမ်းကြီးလောင်းပွဲက တစ်နှစ်ထက် တစ်နှစ် ပိုပြီးစည်ကားလာတယ်။ လာလှူကြတဲ့သူတွေကို သူတို့အစီအစဉ်နဲ့ စိတ်ကြိုက်လောင်းလှူခွင့် ပြုထားပါတယ်။ ဒီအချိန်ရောက်တာနဲ့ အဝေးရောက်နေတဲ့ သထုံသူ သထုံသားတွေ အတော်များများက အရောက်ပြန်လာကြပြီး ဒီပွဲတော်မှာ လာပြီးလှူဒါန်းကြတာ"ဟု ရွှေစာရံစေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးမောင်ဦးက ပြောသည်။

တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်တက်ချိန်တွင် ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအလိုက် စုပေါင်းအသင်းအဖွဲ့များနှင့် အလှူရှင်အသီးသီးတို့က ဘုရားအမျိုးရှိသော သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းများ စုပေါင်းလောင်းလှူကာ ပဒေသာပင်များနှင့် လှူဖွယ်ပစ္စည်းများကို စာရေးတံမဲဇောက် လှူဒါန်းပေးခဲ့ကြသည်။ အဆိုပါ ဆွမ်းဆန်စိမ်းလောင်းပွဲတွင် သထုံမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၃၃၀ ကျောင်းမှ သံဃာတော် ၁၅၆၄ ပါးနှင့် သီလရှင်ကျောင်း ၆၁ ကျောင်းမှ သီလရှင် ၂၃၆ ပါးတို့အား စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သက်ဦး(သထုံ)**

အဆင့်မြင့် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းသားများ မန္တလေးရှိ တရုတ်ကောင်စစ်ဝန်ချုပ်ရုံးသို့ လာရောက်လေ့လာ

မန္တလေး နိုဝင်ဘာ ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အဆင့်မြင့် သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၄/၂၀၁၆)မှ သင်တန်းသား သင်တန်းသူများသည် မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးသို့ နိုဝင်ဘာ ၁၁ ရက်က လာရောက်လေ့လာခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း ဦးဆောင်သော သင်တန်းသား သင်တန်းသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်လေ့လာခဲ့ခြင်းဖြစ်ပြီး ဒုတိယကောင်စစ်ဝန်ချုပ် Mr. Diao Ming နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကာ ဒုတိယကောင်စစ်ဝန်ချုပ်က ကောင်စစ်ဝန်ချုပ်ရုံးဆိုင်ရာ အကြောင်းအရာများ၊ ကောင်စစ်ရေးရာဆက်ဆံရေး၊ တရုတ်နိုင်ငံနှင့် နိုင်ငံခြား ကောင်စစ်ရေးရာဆက်ဆံရေး၊ လက်ရှိ ကောင်စစ်ရေးရာလုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသားများ၏ မေးမြန်းမှုများကို ဒုတိယကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး အမှတ်တရ လက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။ **တင်မောင်(မန်းကိုယ်ပွား)**

တန်ဆောင်တိုင်ပွဲတော်အထိမ်းအမှတ် ပန်းချီနှင့် ဓာတ်ပုံပြပွဲကျင်းပ

သံဖြူဇရပ် နိုဝင်ဘာ ၁၅

မွန်ပြည်နယ် သံဖြူဇရပ်မြို့၌ ယခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရပ်ကွက်တာဝန်ရှိသူများ၊ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲများ ပူးပေါင်းစီစဉ်မှုဖြင့် ပန်းချီ၊ ဓာတ်ပုံနှင့် လက်မှုအနုပညာပြပွဲကို နိုဝင်ဘာ ၁၃ ရက် ညနေပိုင်းမှစ၍ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

ပန်းချီ၊ ဓာတ်ပုံနှင့် လက်မှုအနုပညာပြပွဲအဖြစ် တန်ဆောင်တိုင် မီးထွန်းပွဲတော်တွင် ကျင်းပရာ သံဖြူဇရပ်မြို့ မြို့လယ်ပန်းခြံအတွင်း၌ နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့၌ နံနက်ပိုင်းမှစ၍ ည ၉ နာရီအထိ ဖွင့်လှစ်ပြသခဲ့ကြောင်း၊ ပြပွဲကို သံဖြူဇရပ်မြို့နယ်အတွင်းရှိ ပါသနာရှင်များ စုစည်း၍ ပါဝင်ပြသခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်အတွင်းမှာ မထင်မရှားရှိနေတဲ့ အနုပညာပါသနာရှင်တွေ စုစည်းပြီး အနုပညာလက်ရာတွေကို ပြည်သူတွေသိရှိအောင် ဖော်ထုတ်ပြသနိုင်ခဲ့တာကြောင့် ကျေနပ်မိပါတယ်။ ပြည်သူတွေလည်း စိတ်ဝင်စားမှုရှိတာတွေ့ရပါတယ်"ဟု ပါဝင်ပြသနေသော မုန်သဲဂန်းပန်းချီပါသနာရှင် ကိုဖီလေးက ပြောကြားသည်။

ပြပွဲတွင် ခခြစ်ပန်းချီပြခန်းကို ပါသနာရှင်များဖြစ်သော ကိုအောင်မင်းဇော်၊ ကိုနန္ဒာချမ်း၊ ကိုကျင်ဟုတ်တို့ကလည်းကောင်း၊ ဖောင်းကြွပန်းချီကို ပါသနာရှင် ကိုအစိုးကလည်းကောင်း၊ မုန်သဲဂန်းပန်းချီကို ပါသနာရှင် ကိုဖီလေးကလည်းကောင်း ပြသပြီး အဘတို့အဖွဲက စွန့်ပစ်ပစ္စည်းများဖြင့် အလှ မီးပုံးမီးအိမ်များ ပြုလုပ်ခြင်းကို ပြသသည်။ ကိုသီဟစိုးနှင့် ကိုဝိုင်းချစ်တို့က ဓာတ်ပုံပြခန်းကို ခင်းကျင်းပြသပြီး ပြခန်းများကို ပြည်သူများ စိတ်ဝင်စားစွာ ကြည့်ရှုအားပေးကြသည်ကို သိရသည်။

ကျော်ဝင်း(ပြန်/ဆက်)

ရွှေပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ မြင်းခြံမြို့၌ပြုလုပ်

မြင်းခြံ နိုဝင်ဘာ ၁၅

အလုပ်သမားများ ရွှေပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)တို့ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ရွှေပြည်စိုးသာသနာ့ဝိဟာန်၌ နိုဝင်ဘာ ၁၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေး မှူးဦးမင်းဝင်းက အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO) ရန်ကုန်ရုံးမှ National Project Manager ဒေါ်ဝေနှင်းပိုက ရွှေပြောင်းသွားလာခြင်းဆိုင်ရာများကို လည်းကောင်း၊ (ILO) ရန်ကုန်ရုံးမှ အမျိုးသားစီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ခွန်စာမွန်းထွယ်က ရွှေပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များ၊ ဦးနေ့ာက်ယိုစီးမှုဆိုင်ရာများ၊ နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်အလုပ်လုပ်ကိုင်နေသူများကို အကာအကွယ်ပေးရေးအချက်များ စသည်တို့ကို ဆွေးနွေးဟောပြောသည်။

ထို့နောက် မိတ္ထီလာမြို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကြည်ကြည်ဆန်းက ပြည်ပရွှေပြောင်းသွားလာခြင်းဆိုင်ရာများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ဦးစီးအရာရှိက ပြည်ပထွက်ခွာ အလုပ်လုပ်လျှင် လိုအပ်သည့် အချက်များကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရွှေပြောင်းအလုပ်လုပ်ကိုင်ရာတွင် လူကုန်ကူးမှုဖြစ်ပွားတတ်သော အကြောင်းအရာများကိုလည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝိုးစိုးညွန့်က ပြည်တွင်းအလုပ်သမားရေးရာကိစ္စများကိုလည်းကောင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက်သော ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စိတ်ပါဝင်စားသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများ အခမဲ့ထိုးပေး

ညောင်လေးပင် နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကြံဘိုကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်းနှင့် အမျိုးသားဒီဗိုကရေစီအဖွဲ့ချုပ်

ညောင်လေးပင်မြို့နယ် ကျန်းမာရေးကွန်ရက်တို့ပူးပေါင်း၍ အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများကို အခမဲ့ထိုးပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးများ ထိုးပေးရာတွင် ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း ဦးဆောင်၍ ညောင်လေးပင်မြို့နယ် ဆရာဝန်အသင်းမှ ဒေါက်တာမြင့်သန်း၊ ဒေါက်တာသန်းစိုး၊ ဒေါက်တာနိုင်အောင်၊ ဒေါက်တာဒေါအုန်းနွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းဝင်များ၊ မြို့နယ်အမျိုးသားဒီဗိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်နှင့် အဖွဲဝင်များ ပူးပေါင်းကာ ကြံဘိုကျေးရွာအုပ်စုအတွင်းမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၀၀ ခန့်ကို ကာကွယ်ဆေးများ ထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ် ကြံဘိုကျေးရွာအုပ်စုအတွင်း အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများ ကွင်းဆင်းထိုးပေးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ဒုတိယအကြိမ်နှင့် တတိယအကြိမ်များတွင်လည်း ယခုကဲ့သို့ ကျေးရွာအရောက် လာရောက်၍ အခမဲ့ ထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။**နေလင်း(ညောင်လေးပင်)**

ရဲလုပ်ငန်းဆိုင်ရာများနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ရှင်းလင်းဆွေးနွေး

ပန်းမောက် နိုဝင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပန်းမောက်မြို့နယ် ရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိသော ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပွဲနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဆွေးနွေးပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၁ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် ခေတ္တာမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်ကျော်စိုးက ပန်းမောက်မြို့နယ် ရဲတပ်ဖွဲ့နယ်မြေအတွင်း ၂၀၁၆ ခုနှစ် စီမံချက်ကာလတွင် ရဲလုပ်ငန်းစဉ်(၆)ရပ် ဆောင်ရွက်နိုင်မှုအခြေအနေများကိုလည်းကောင်း၊ မြို့နယ်အတွင်း မူးယစ်ဆေးဝါးမှု၊ လောင်းကစားမှု၊ တရားမဝင်သစ်မှု၊ တရားမဝင်ကျွဲနွားမှောင်ခိုမှု၊ တရားမဝင်သတ္တုတူးဖော်မှုနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရပ်ကွက်/ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများက မိမိတို့၏ကျေးရွာအုပ်စုများတွင် ဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးနှင့် လူမှုရေးဖြစ်စဉ်များကို ဆွေးနွေးခဲ့ကာ ဆွေးနွေးပွဲသို့ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ သတင်းမီဒီယာများ တက်ရောက်ခဲ့သည်။ **ကျော်စွာ(ပန်းမောက်)**

ပထမအကြိမ် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့်ဆုပေးပွဲ လွိုင်ကော်မြို့၌ ကျင်းပ

လွိုင်ကော် နိုဝင်ဘာ ၁၅

ကယားပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် ပထမအကြိမ် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ကယားပြည်နယ် လွိုင်ကော်မြို့မိုးကောင်းဘုရားကြီးဝင်းအနောက်တောင်ထောင့်၌ နိုဝင်ဘာ ၁၃ ရက်(တန်ဆောင်မုန်းဆန်း ၁၄ ရက်)က ကျင်းပခဲ့သည်။

မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက မသိုးသင်္ကန်း အပြိုင်ရက်လုပ်မှုကို ကြည့်ရှုအားပေးခဲ့သည်။

ပြိုင်ပွဲတွင် ရွှေတောင်အသင်း၊ ငွေတောင်အသင်းနှင့် ပတ္တမြားတောင်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ညလုံးပေါက် ရက်လုပ်ကြရာ ငွေတောင်အသင်းက ပထမ၊ ပတ္တမြားတောင်အသင်းက ဒုတိယနှင့် ရွှေတောင်အသင်းက တတိယရရှိခဲ့ပြီး နိုဝင်ဘာ ၁၄ ရက်တွင် ပြည်နယ်ဝန်ကြီးချုပ်က ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဥပဒေချုပ်၊ တရားသူကြီးချုပ်တို့က သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကာ ဆရာတော်ကြီးများထံမှ တရားတော်များကိုနာယူပြီး သင်္ကန်းရက်ပြိုင်ပွဲမှရရှိသော သင်္ကန်းကို ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ကာ ရွှေကြာပန်းများကပ်၍ တန်ဆောင်မုန်းလပြည့် အရုဏ်မတက်မီတွင် မဟာမြတ်မုနိ မိုးကောင်းဘုရား ရုပ်ပွားတော်မြတ်ကြီး၌ ပြည်နယ်ဝန်ကြီးချုပ်က ဆက်ကပ်လှူဒါန်းခဲ့သည်။

ကိုစိုင်း(လွိုင်ကော်)

ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးလျက်ရှိ

အိမ်မဲ နိုဝင်ဘာ ၁၅

ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်းရှိ ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို အိမ်မဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အောက်တိုဘာ ၂၇ ရက်မှစ၍ ထုတ်ချေးပေးလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်အထိ ကျပ်သိန်းပေါင်း ၂၅၀၀၀ နီးပါး ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးစရိတ်ချေးငွေများကို မြေတစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၉၀ အုပ်စုမှ တောင်သူများအတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ စုစုပေါင်း တောင်သူ ၈၀၀၀ ကျော်၏ စိုက်ပျိုးမြေ ၃၅၅၀၀ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၅၃,၂၅၀,၀၀၀,၀၀၀ သိန်းကို ထုတ်ချေးရန် လျာထားကြောင်း သိရသည်။ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် နိုဝင်ဘာ ၁၂ ရက်အထိ ကျေးရွာအုပ်စု ၄၃ အုပ်စုရှိ အစုအဖွဲ့ ၁၇၆၈ ဖွဲ့မှ တောင်သူဦးရေ ၃,၉၃၃ ဦး၏ စိုက်ပျိုးမြေ ၁၆၅၁၇ ဧကအတွက် ငွေကျပ် ၂၄,၇၇၅,၅၀၀,၀၀၀ ကျပ်ကို ထုတ်ချေးပြီးဖြစ်ကြောင်းနှင့် ချေးငွေများကို ဒီဇင်ဘာလကုန်တွင် အပြီးထုတ်ချေးသွားမည်ဖြစ်ကြောင်း အိမ်မဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာထံမှ သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရောဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ ဆက်သွယ်သည့်တံတား ကွင်းဆင်းတိုင်းတာ

ဇလွန် နိုဝင်ဘာ ၁၅

ရောဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ကြား ဆက်သွယ်မည့် တံတားတည်ဆောက်ရန် ကွင်းဆင်းတိုင်းတာမှုများကို ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့်အဖွဲ့ နိုဝင်ဘာ ၁၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါတံတားလုပ်ငန်းဆောင်ရွက်မည့်နေရာသည် သာဓုချောင်းကျေးရွာအုပ်စု စိန်သာယာကျေးရွာအနီးတွင်ရှိပြီး ဇလွန်မြို့နယ်အတွင်း ဓနုံချောင်းကျေးရွာ၊ စိန်သာယာကျေးရွာနှင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ ဇီးကွဲကျေးရွာသို့ ဆက်သွယ်မည့် ဓနုံချောင်းမြေသားလမ်းပေါ်တွင်ရှိကြောင်း သိရသည်။ အဆိုပါ ကျေးရွာသုံးရွာဆက် လမ်းပေါ်တွင် အရှည် ပေ ၄၅၀ ရှိ တံတားသုံးစင်းကို ဆောင်ရွက်ပေးရန် လိုအပ်သဖြင့် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများ တင်ပြဆောင်ရွက်သွားရန် ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ခြင်းဖြစ်ကာ တံတားများ တည်ဆောက်ပြီးစီးပါက ရောဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၂၁ ရွာ၊ အိမ်ခြေ ၁၂၀၀ ကျော်မှ လူဦးရေ ၆၅၀၀ ခန့်အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အင်ကြင်းကျောက်ဥပဒေထွက်ပေါ်ရေး လွှတ်တော်တင်နိုင်ရန် ဆွေးနွေး

နွားထိုးကြီး နိုဝင်ဘာ ၁၅

နွားထိုးကြီးမြို့နယ်အတွင်း လုပ်ကိုင်လျက်ရှိသော အင်ကြင်းကျောက်လုပ်ငန်းများ ထုတ်လုပ်မှု စနစ်တကျ ရှိရန်နှင့် ဈေးကွက်ပိုမိုကောင်းမွန်ရန်အတွက် အင်ကြင်းကျောက်ဥပဒေထွက်ရှိစေရေး လွှတ်တော်တင်နိုင်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အင်ကြင်းကျောက်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို နွားထိုးကြီးမြို့ရှိ အင်ကြင်းကမ္ဘာခန်းမ၌ နိုဝင်ဘာ ၁၂ ရက်က ပြုလုပ်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အင်ကြင်းကျောက်ထုတ်လုပ်မှုဆိုင်ရာ မူဝါဒများချမှတ်ရေးနှင့် လွှတ်တော်တင်နိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်နှင့် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကျော်မိုးတို့က ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်းမှ အင်ကြင်းကျောက်ထုတ်လုပ်ရေးလုပ်ငန်းရှင်များက အင်ကြင်းကျောက်ဈေးကွက်ရေး၊ အကြမ်း၊ အချောထုတ်လုပ်ရေး၊ သယ်ယူရောင်းချရေး၊ တရုတ်ဈေးကွက်အပြင် အိန္ဒိယနှင့် ဥရောပသို့ ဈေးကွက်တိုးချဲ့ရေး၊ အင်ကြင်းကျောက်ဥပဒေထွက်ရှိရေး စသည့်အချက်များကို တင်ပြဆွေးနွေးကြကာ အင်ကြင်းကျောက်အကြမ်းထုတ် လုပ်ငန်းရှင်၊ အချောထုတ်လုပ်ငန်းရှင်များက မိမိတို့လုပ်ငန်းကဏ္ဍအလိုက် တွေ့ကြုံရသော အခက်အခဲများ လိုအပ်ချက်များကိုလည်း တင်ပြခဲ့ကြသည်။

ဌေးမြင့်မောင်

ချင်းတောင်မြေ၏ တန်ဖိုးထားရာ အထိမ်းအမှတ်သင်္ကေတများ

မြန်မာနိုင်ငံတွင် ချင်းပြည်နယ်သည် ရှေးယခင်ကပင် လမ်းပန်းဆက်သွယ်ရေး အခြေအနေကြောင့် အခြားဒေသများနှင့် ဆက်သွယ်ရေးတွင် အခက်အခဲများရှိခဲ့ကာ ချင်းတောင်မြေနှင့် ချင်းတိုင်းရင်းသားတို့၏ တန်ဖိုးထားရာ အထိမ်းအမှတ် သင်္ကေတများကိုလည်း အခြားအရပ်ဒေသများ၏ အထိမ်းအမှတ်များထက် လူသိနည်းပါးခဲ့သည်။ ချင်းတောင်မြေ၏ အထိမ်းအမှတ်သင်္ကေတများတွင် တောင်ဇလပ်ပန်း၊ အောက်ချင်းငှက်နှင့် နွားနောက်တို့သည် လူသိများသော သင်္ကေတများဖြစ်ကြသည်။

တောင်ဇလပ်ပန်း

အဖိုးတန်ပန်းမျိုးစုံဖူးပွင့်သည့် ချင်းတောင်တွင် တောင်ဇလပ်ပန်းသည် ချင်းတောင်၊ ချင်းလူမျိုးနှင့်ပတ်သက်လာလျှင် မရှိမဖြစ်သော ပန်းမျိုးဖြစ်သည်။ ချင်းတောင်၏ ဌာနေပန်း၊ တော်ဝင်ပန်းဟုခေါ်ဆိုရသည့် တောင်ဇလပ်ဖြူ။ တောင်ဇလပ်နီများကို ချင်းတောင်တစ်နံတစ်လျား တောင်ကုန်းတောင်တန်းများပေါ်တွင် တွေ့ရှိရသည်။ ချင်းလူမျိုးများသည် ရှေးဘိုးဘွားများခေတ်ကတည်းက တောလိုက်ခြင်းကို ဝါသနာပါသူများဖြစ်ကြသည်နှင့်အညီ တောကောင်ရလာသူများအား တောင်ဇလပ်ပန်းများဖြင့် လက်ကမ်းကြိုဆိုပြီး ဂုဏ်ပြုလေ့ရှိကြသည်။ ချင်းလူမျိုးများအတွက် တောင်ဇလပ်ဖြူသည် ဖြူစင်ခြင်း၊ သန့်ရှင်းခြင်း အဓိပ္ပာယ်ကိုလည်းကောင်း၊ တောင်ဇလပ်နီသည် ရဲရင့်ခြင်း၊ ပြတ်သားခြင်း အထိမ်းအမှတ်သင်္ကေတကိုလည်းကောင်း ဖော်ဆောင်သည်။

အောက်ချင်းငှက်

ချင်းတောင်ဒေသ တောတောင်များတွင် နေထိုင်ကျက်စားကြသည့် ကျေးငှက်မျိုးစုံရှိသည့်အနက် အောက်ချင်းငှက်သည် ချင်းတောင်၏ ဌာနေငှက်ဖြစ်သည့်အပြင် ချင်းလူမျိုးများ၏ ရိုးသားမှု၊ သစ္စာရှိမှုကို သက်သေထူပေးသည့် ငှက်ဟုလည်း ဆိုရပါမည်။ ချင်းတောင်ရှိ ကျေးငှက်များ၏ သခင်ဟုလည်းဆိုနိုင်ပြီး ရှေးယခင်က နေရာအနှံ့တွင် အုပ်စုလိုက် နေထိုင်ကျက်စားလေ့ရှိသော်လည်း ယခုအခါ မျိုးပြုန်းတီးလုနီးပါးဖြစ်နေပြီဖြစ်သည်။ ယခုအချိန်တွင် အောက်ချင်းငှက်ကို အွေးဂျီထနောင်းအိုင်၊ ကျောက်ပန်းတောင်တစ်ဝိုက်တွင်သာ အုပ်စုလိုက် တွေ့မြင်နိုင်တော့မည်ဖြစ်သည်။ အောက်ချင်းငှက်မသည် အစာရှာထွက်သည့် အောက်ချင်းငှက်ဖို ပြန်မလာမချင်း သစ္စာရှိစွာ အသေခံစောင့်မျှော်သည်ဟူသော အဆိုရှိသည်နှင့်အညီ ချင်းလူမျိုးများအတွက် အောက်ချင်းငှက်သည် သစ္စာရှိမှု အထိမ်းအမှတ်သင်္ကေတကို ဖော်ဆောင်သည်။

နွားနောက်

ချင်းလူမျိုးများသည် နွားနောက်ကို အင်မတန်တန်ဖိုးထားကြသည်မှာ လူပြီးလျှင် နွားနောက်ဟူသော ဆိုရိုးပင် ရှိခဲ့သည်။ ချင်းလူမျိုးတို့၏ ဓလေ့ထုံးတမ်း ယစ်ပူဇော်ပွဲများ၊ သက်ကြီးကန်တော့ပွဲများ၊ ထိမ်းမြားမင်္ဂလာပွဲများ၊ လူမှုရေးပြဿနာများတွင် နွားနောက်သည် မပါလျှင် မပြီးပေ။ တောင်ပိုင်းချင်းဒေသမှ ဒေသခံလူကြီးများအဆိုအရ နွားနောက်ကို မင်းတပ်မြို့နယ် ဝေလောင်းရွာအနီး အွတ်လောင်းအိုင်တွင် စတင်တွေ့ရှိရကြောင်း သိရသည်။ ယခုအချိန်တွင် ချင်းတောင်ဒေသအသီးသီးတွင် နွားနောက်များကို တန်ဖိုးထားမွေးမြူကြသည်။

နွားနောက်သည် အင်္ဂနေကို အလွန်ကြိုက်ပြီး နွားနောက်မွေးမြူရာတွင် နွားနောက်တစ်ကောင်အတွက် တစ်နှစ်လျှင် ဆားတစ်ပိဿာခန့်သာ အရင်းအနှီးစိုက်ထုတ်ရသည်။ ချင်းတောင်ဒေသ၏ ရေကြည်ရာမြက်နုရာ တောတောင်တစ်လျှောက်တွင် ဘေးမဲ့လွှတ်၍ မွေးမြူနိုင်သော နွားနောက်ကို မွေးမြူခြင်းသည် ဆင်းရဲသည့် ချင်းတောသူတောင်သားများအတွက် အထိရောက်ဆုံး၊ လက်တွေ့အကျဆုံး မွေးမြူရေးလုပ်ငန်းလည်းဖြစ်သည်။ နွားနောက်သည် ချင်းလူမျိုးများအတွက် သတ္တိရှိမှုဟူသော အထိမ်းအမှတ်သင်္ကေတကိုလည်း ဖော်ဆောင်သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်ပါ မှတ်တမ်းပြုခဲ့ရသည့် ချင်းသူရဲကောင်းများကို မွေးထုတ်ပေးခဲ့သည့် ချင်းတောင်မြေ (Chin Land)၏ သဘာဝအလှလည်းဖြစ်ကာ တန်ဖိုးထားရမည့် အထိမ်းအမှတ်သင်္ကေတများလည်းဖြစ်သော တောင်ဇလပ်ပန်း၊ အောက်ချင်းငှက်၊ နွားနောက်များကို ဆက်လက်ထိန်းသိမ်းဖို့ရန် ချင်းလူမျိုးများ၏ အနာဂတ်မျိုးဆက်သစ်များတွင်လည်း ကိုယ်စီတာဝန်ရှိကြောင်း ရေးသားလိုက်ရပါသည်။

ဂျွန်နီင်း

သထုံမြို့ကျက်သရေဆောင် ရွှေစာရံစေတီတော်အား မြို့လုံးကျွတ် ကြာသင်္ကန်း ကပ်လှူပူဇော်

သထုံ နိုဝင်ဘာ ၁၅

မွန်ပြည်နယ် သထုံမြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော တန်ဆောင်တိုင် ရွှေကြာသင်္ကန်းတော် ဆက်ကပ်ပွဲကို ယခုနှစ် တွင်လည်း မြို့လုံးကျွတ် အစဉ်အလာမပျက် ခြိမ့်ခြိမ့်သဲဆင်နွဲ ခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

တန်ဆောင်မုန်းလပြည့်နေ့ ညနေ ၃ နာရီခန့်မှ စတင်ကာ သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ကြာသင်္ကန်းကပ်အဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရွှေကြာသင်္ကန်းတော်နှင့် လှုဖွယ်ပစ္စည်းများကို စီတန်းကိုင်ဆောင်ကာ လှည့်လည်ကြပြီး စေတီတော်ထက်သို့ ကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

“နှစ်စဉ်နှစ်တိုင်း လပြည့်နေ့ရောက်ရင် ရွှေစာရံစေတီတော်မှာ တစ်မြို့လုံးမှာရှိတဲ့ အသင်းအဖွဲ့တွေကနေ ကြာသင်္ကန်း လာရောက်ဆက်ကပ်လှူဒါန်းလေ့ရှိတယ် ဒီဘက်နယ်တစ်ကြောမှာတော့ ဒီဓလေ့က သထုံတစ်မြို့နယ်တည်းပဲရှိတယ်။ ကျင်းပလာခဲ့တာလည်း နှစ်ပေါင်းရာကျော်နေပြီ အကြိမ်ရေတောင် မမှတ်မိတော့ဘူး။ နှစ်စဉ်နှစ်တိုင်းလိုလိုလာပြီး ဆက်ကပ်လှူဒါန်းတဲ့အဖွဲ့တွေများလာတယ်”ဟု ရွှေစာရံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ဦးက ပြောသည်။

ကြာသင်္ကန်းပြုလုပ်ရာတွင် သင်္ကန်းစအား တစ်ပေအကျယ်ဖြင့် အရှည်အား လိုသလောက် သတ်မှတ်ကာ ချုပ်လုပ်ပြီး ပန်းကနုတ်များ အရောင်များထည့်သွင်းကာ စေတီတော်မြတ်အား ကပ်လှူပူဇော်ကြခြင်းဖြစ်ကြောင်း သိရသည်။

“သထုံမှာ တန်ဆောင်တိုင်က အစည်ဆုံးလို့ပြောရမှာပါ။ ဒီလိုစုစည်းပြီး တဖွဲဖွဲလာကပ်နေကြတာမြင်တော့ ဝိတိဖြစ်ရတယ်။ ကျွန်မတို့အဖွဲ့ ခုလိုလာပြီး ကပ်လှူတာ ဒီနှစ်ပါဆိုပါးနှစ်တိုင်ခဲ့ပြီ။ နောင်လည်း နှစ်စဉ်လှူဖြစ်ဖို့ကြိုးစားသွားမှာပါ” ဟု ကြာသင်္ကန်းတော် လာရောက်ကပ်လှူသူ တစ်ဦးက ပြောသည်။

ယခင်နှစ်တွင် လာရောက်ကပ်လှူသည့် အဖွဲ့ ၁၆ ဖွဲ့မျှ ရှိခဲ့ပြီး ယခုနှစ်တွင် ၁၈ ဖွဲ့ရှိကြောင်း စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံမှ သိရသည်။

သင်္ဘဉီး(သထုံ)

ရေးမြို့နယ် ကော့ဒွတ်ဘုရား တောင်ပင်လယ်ဝဘုရားပွဲတော် အနယ်နယ်အရပ်ရပ်မှပြည်သူများဖြင့် စည်ကား

ရေး နိုဝင်ဘာ ၁၅

မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ ကော့ဒွတ်ကျေးရွာ၏ သမိုင်းဝင်ကော့ဒွတ်ဘုရား တောင်ပင်လယ်ဝဘုရားပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ခေတ်အဆက်ဆက်ရှိ မွန်ဆရာတော်ကြီးများနှင့် ရဟန်းရှင်လူ ပြည်သူတို့၏ သာသနာတော်စည်ပင်ဝပြောလာနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်လာ၍ ယနေ့အချိန်အထိ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများက လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကော့ဒွတ်ဘုရားတောင်ပင်လယ်ဝ၏ ဗုဒ္ဓပူဇနီယပွဲတော်ကာလမှာ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့မှ လပြည့်ကျော် ၁ ရက်နေ့အထိဖြစ်ကာ မွန်ပြည်နယ် ဇာတ်ပွဲ၊ မွန်စင်တင်ဘုရားဖူးလာသည့်သည်များကို လူမျိုးစုံနှင့် ရှင်ဥပဂုတ္တမျောပွဲ၊ ဘာသာမရွေး စတုဒိသာ ထမင်းဟင်းများနှင့် သုံးရက်တာ ကျွေးမွေးလှူဒါန်းခြင်းဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

တေးဂီတနှင့် ဧည့်ဆိုင်ခန်းများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ကစားကွင်းများ ပြင်ဆင်ထားရှိခြင်းတို့ကြောင့် ဒေသခံများအပြင် ပြည်ပမှ ဧည့်သည်များပါ ပျော်ပွဲစုံလင်စွာ ခံစားနိုင်ခဲ့ကြသည်ဟု သိရသည်။

နေမျိုးထွဋ် (ရေး)

မြဝတီမြို့တွင် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

မြဝတီ နိုဝင်ဘာ ၁၅

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ကျက်သရေဆောင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီးတွင် တတိယအကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ခြင်း၊ ဆက်ကပ်လှူဒါန်းခြင်းနှင့် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ခြင်းတွင် ဆုရရှိသည့် အသင်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားများကို နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ခြင်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် ညနေ ၆ နာရီက ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်တွင်ကျင်းပရာ တာဝန်ရှိသူများက ယှဉ်ပြိုင်ရက်လုပ်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ထိုင်းနိုင်ငံ မဲဆောက်မြို့ တာ့(ခ်)ခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဧည့်သည်တော်များလည်း လာရောက် လေ့လာခဲ့သည်။ **(ဝဲပုံ)**

ထို့နောက် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ခြင်းတွင် ဆုရရှိသည့်အသင်းများကို ဆုချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၄ နာရီက ကျင်းပရာ ဆုရရှိသည့် ရက်ကန်းစင်အသင်းများအား ဆုများချီးမြှင့်သည်။

ထို့နောက် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဇောတိကထံမှ သြဝါဒကထာနာယူကြသည်။

မသိုးသင်္ကန်းရက်လုပ် ယှဉ်ပြိုင်ရာတွင် အသင်းငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမဆုကို အမှတ်(၁) ရပ်ကွက် သုမေတ္တာအသင်း၊ ဒုတိယဆုကို အမှတ် (၅)ရပ်ကွက် သုမိတ္တာအသင်း၊ တတိယဆုကို အမှတ်(၄)ရပ်ကွက် သုမာလာအသင်းတို့က ရရှိခဲ့ပြီး နှစ်သိမ့်ဆုများကို အမှတ်(၂)ရပ်ကွက် သုနန္ဒာအသင်းနှင့် အမှတ်(၃)ရပ်ကွက် သုစိတ္တာအသင်းတို့က ရရှိခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင် (ပြန်/ဆက်)

ဆူးကလပ်ကျေးရွာ(ရွာမ)အရှေ့ကျောင်း မဟာဘုံကထိန်အောင်ပွဲ ကျင်းပ

ဒေးဒရဲ နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဆူးကလပ်ကျေးရွာ(ရွာမ) အရှေ့ကျောင်း၌ ဆရာတော်ဦးစန္ဒြာအား အမှူးထား၍ အဖွဲ့နာယက ဦးအောင်မြင့်၊ ကျေးရွာသူ ကျေးရွာသားများ စုပေါင်းကာ သံဃာတော် ၄၉ ပါးတို့အား နိုဝင်ဘာ ၁၁ ရက်က စာရေးတံမဲငွေသားများနှင့် ကံစမ်းမဲဖောက်ခြင်း၊ ငွေပဒေသာပင်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(မြန်မာ့အလင်း)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ နိဗ္ဗာန်စျေးပွဲတော် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ (၅၅) ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်စျေးပွဲတော်ကို ဒီဇင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စျေးပွဲတော်တွင် ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများ၊ ပညာရေးမိသားစုများနှင့် ပုဂ္ဂလိက စေတနာရှင်များက မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာများ၊ ရှမ်းအစားအစာ၊ ကိုရီးယားအစားအစာ၊ အဝတ်အထည်၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်နှင့် လက်ဆောင်ပစ္စည်းဆိုင်၊ စာအုပ်ဆိုင်များကို ညနေ ၃ နာရီတွင် စတင်ရောင်းချကြမည်ဖြစ်ပြီး ရောင်းချရငွေများကို ပြန်လည်လှူဒါန်းကြမည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲတွင် ဘောလုံးပေါက်၊ မြားပစ်ကစားနည်းများ ပါဝင်မည့် အပြင် ပန်းသီးတို့အဖွဲ့က အငြိမ့်ဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်းနှင့် ပျော်ပွဲရွှင်ပွဲဝင်ကြေးမှာ ကလေး၊ လူကြီးတစ်ဦးလျှင် ငွေကျပ် ၂၀၀ ဖြစ်ကြောင်း သိရသည်။

ကိုချစ်

စာအုပ်စာပေ လူ့မိတ်ဆွေ

လျှပ်စစ်ဓာတ်အား သုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာချော့ဖြစ်ခြင်း (Short Circuit)၊ လျှပ်စစ်ဓာတ်အားပမာဏပိုမို လွန်ကဲစွာဖြစ်ပေါ်ခြင်း (Over Heating or Over Loading)နှင့် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းကိရိယာများသုံးစွဲခြင်းမှ အပူနှင့်မီးပွားများ ဖြစ်ပေါ်ခြင်းတို့ကြောင့် မီးလောင်မှုစတင်ဖြစ်ပွားနိုင်သဖြင့် စံချိန်စံညွှန်းကိုက်ညီကောင်းမွန်သည့်လျှပ်စစ်ဝိုင်ယာကြိုးကိုသုံးပါ။ မီးအားမြှင့်စက်(Transformer) အတင်အချသတိမမေ့ပါနဲ့၊ မီးအားထိန်းကိရိယာ(Safe Guard)ချွတ်ယွင်းပါက အလိုအလျောက် (Auto)ပြုတ်မကျသည်ကို သတိပြုပါ။ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သောပစ္စည်းများ မထားရန် သတိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

HITACHI
Inspire the Next
Analytics
25
50
75
100
125
150
စိတ်ကူးအကြံဉာဏ်ကောင်းများကို
ပွင့်လင်းစေမည့် အနာဂါတ်
ဒီနေ့ခေတ်မှာ မယုံကြည်နိုင်လောက်အောင် များပြားလှတဲ့ အချက်အလက်တွေနဲ့ ပိုင်းရံခံထားရတဲ့ အခြေအနေမျိုးကို ရောက်ရှိနေပါတယ်။
ဒီလိုများပြားတဲ့ဒေတာတွေနဲ့ ဘာလုပ်ရမယ်ဆိုတာ မသိနိုင်အောင်ပါပဲ။ ဒါပေမယ့် ဒီအချက်အလက်တွေကို ပိုမိုကောင်းမွန်တဲ့ ရည်ရွယ်ချက်အဖြစ်
ပြောင်းလဲနိုင်ခဲ့မယ်ဆိုရင် ဘယ်လိုဖြစ်လာမှာပါလဲ။ အင်တာနက်နှင့်ဆက်စပ်သောအရာများရဲ့ နည်းပညာခေတ်ကြီးထဲမှာ အချက်အလက်တွေကို
ပိုမိုနားလည်လာနိုင်စေဖို့နဲ့ တီထွင်ဆန်းသစ်တဲ့ ဖြေရှင်းနည်းတွေကို ပူးပေါင်းဖန်တီးနိုင်စေဖို့ လူသားအသိဉာဏ်ပုံတူပြုနည်းပညာနှင့် အဆင့်မြင့်အချက်အလက်
သရုပ်ခွဲနည်းပညာတွေကို ပေါင်းစပ်ကာ ကြီးမားသော အချက်အလက်နည်းပညာကို အသုံးပြုလာနိုင်နေပြီဖြစ်ပါတယ်။ ဒါဟာပိုမိုကောင်းမွန်တဲ့အနာဂတ်အတွက်
လူမှုပူးပေါင်းတီထွင်ဖန်တီးမှုကို အရှိန်မြှင့်ဆောင်ရွက်သွားဖို့ ကျွန်ုပ်တို့ရဲ့ သန္ဓိဌာန်ချက်တွေထဲက အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်။
social-innovation.hitachi
Hitachi Social Innovation

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါ အထူးကုဆေးရုံကြီး
မန္တလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါ အထူးကုဆေးရုံကြီး၊ မန္တလေးမြို့သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် FDA အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများကို တတိယအကြိမ် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာများ စတင်ရောင်းချမည့်ရက်** - ၁၆-၁၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)
တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၅-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၄း၀၀ နာရီ

၃။ လိုအပ်သောတင်ဒါစည်းမျဉ်းနှင့်ဆေးပစ္စည်းများအကြောင်းကို သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းသို့ စုံစမ်းနိုင်ပါသည်။

မနနလ - ဆေးရုံကြီး၊ မန္တလေးမြို့
ဖုန်း - ၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
နေပြည်တော်-ရေဆင်း

၁။ စိုက်ပျိုးရေး သုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	ဓာတ်ခွဲခန်းသုံးပစ္စည်း	
	- Lab Equipment	4 Lots
	- Material of Laboratory Chemicals	1 Lot
(ခ)	Air Con နှင့်အခြားပစ္စည်း	1 Lot
(ဂ)	ရုံးသုံးစက်ကိရိယာပစ္စည်း	1 Lot
(ဃ)	ရုံးသုံးပရိဘောဂ	1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၇-၁၁-၂၀၁၆ ရက်မှ စတင်ရောင်းချသွားမည်ဖြစ်ပြီး ၃၀-၁၁-၂၀၁၆ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထား တင်သွင်းရန်ဖြစ်သည်။

၃။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၄၁၆၅၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မုံရွာမြို့၊ မြို့သစ်ရပ်၊ ကွင်းအမှတ် (မြို့သစ်)၊ ဦးပိုင်အမှတ် ၁၀ လမ်း(၁)၊ ၁၀ လမ်း(၃) ဧရိယာ၀ ဒသမ ၂၉၄ ဧကရှိ အရှေ့လားသော် - ၁၀ လမ်း၊ အနောက်လားသော်-အစိုးရ၊ တောင်လားသော် မြို့ပတ်လမ်း၊ မြောက်လားသော်-အစိုးရစသည့် အလားအလာ(၄)ရပ်အတွင်းရှိ ဝင်းမြေအား ၁၉၉၈ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ နှစ် ၃၀ ဂရန်ရရှိခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဂရန်မူရင်းမှာ နေအိမ်ပြောင်းရွှေ့ရင်း အထားအသိုမှားရာမှ ပျောက်ဆုံးသွားပါ၍ အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးရွှေကျော်
စိန်ပန်းဝါလမ်း၊ မြို့သစ်၊ မုံရွာမြို့
ဖုန်း-၀၉-၄၄၀၀၀၁၉၄၄

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၄၂ နှင့်ဆက်သွယ်သည့်
၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၁၅၆

ဦးသန်းမြင့် နှင့် ၁။ ဦးမြင့်သိန်း
၂။ ဒေါ်စိန်
၃။ ဦးမျိုးလင်းထွန်း
၄။ ဒေါ်ဇင်မာအောင်
၅။ ဦးအကောက်

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ရုံ(ခ)၄၀၊ အခန်း ၁၅၊ ဘုရင့်နောင်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်နေ အထက်အမည်ပါ တရားရှုံး (၅)ဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၄၂ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးသန်းမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၈ ရက် (၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြည်စိုး)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ပုလဲလမ်း၊ အမှတ် ၈/၄နေ (ဦးဂိုလေး)-ဒေါ်မြင့်မြင့်သူတို့၏သမီး မရင်ရင်အေး (ခ) ပူဂျာ (ခ)ကာလီသည် မိခင်စိတ်ဆင်းရဲအောင်ပြုလုပ်၍ မိခင်၏ပြောဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ မရင်ရင်အေး(ခ)ပူဂျာ(ခ)ကာလီအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

မိခင် - ဒေါ်မြင့်မြင့်သူ
၁/မကတ(နိုင်)၀၆၈၃၄၉

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF ELECTRICITY AND ENERGY
NATIONAL ELECTRIFICATION PROJECT
Invitation for Bids

Date: 14th November, 2016
SPECIFIC PROCUREMENT NOTICE
IDA Credit No:5727-MM
Contract Title: Distribution Transformer for National Electrification Project
Reference No:C1-G1

1. The Ministry of Electricity and Energy has received financing from the World Bank towards the cost of the National Electrification Project, and intends to apply part of the proceeds towards payments under the contract for Distribution Transformer for National Electrification Project.

2. The Ministry of Electricity and Energy now invites sealed bids from eligible bidders for supply of 11/0.4kV-50kVA, 100kVA, 200kVA, 315kVA and 33/0.4kV-100kVA, 200kVA and 315kVA distribution transformer, for the total quantities of 5389 transformers to be delivered in 2017 and 2018 to multiple destinations in all Regions and States of Myanmar. Domestic perference with the margin of 15% will apply. The goods will be grouped into 10 lots and bidders may submit bid for any one or more lots. Evaluation and award of contract will be on a lot-wise basis.

3, Bidding will be conducted through the Internatioal Competitive Bidding procedures as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers [edition of January 2011 revised on July 2014] ("Procurement Guidelines") and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to the paragraphs 1.6 and 1.7 setting for the World Bank's policy on conflict of interest.

4. Interested eligible bidders may obtain further information from Project Manager, Office No(27), Ministry of Electricity and Energy, nep.pmomoep@gmail.com and inspect the bidding documents during office hours 10:00 to 16:00 hours at the address given below.

5. A complete set of bidding documents in CD with English language may be purchased by interested eligible bidders upon the submission of a written application to the address below and upon payment of a nonrefundable fee of Myanmar Kyats 100000. The method of payment will be transferred to the following account:

Electricity Supply Enterprise, account no. SEE 10316 at Myanma Economic Bank in Nay Pyi Taw, Myanmar. The transferred slip shall be submitted with the above application. Once the application and the transferred slip received the bidding documents will be provided in the CD.
In case of any difficulty in purchasing the bidding documents, interested parties may contact in writing:

1. Director General
   Department of Electric Power Planning
   Ministry of Electricity and Energy
   City: Nay Pyi Taw
   Country: The Republic of the Union of Myanmar
   Email:dep.pssp.info@gmail.com
2. Ms. Xiaoping Wang, Task Team Leader
   The World Bank
   Address: 30th Floor, Siam Tower.
   989 Rama I Road, Pathumwan Bangkok 10330, Thailand
   Email:xwang3@worldbank.org

6. Bids must be delivered to the address below on or before 10:00 am, 30th December, 2016. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives at the address below at 10:00 am, 30th December, 2016.

Director General Office, Department of Electric Power Planning
Office No(27), Ministry of Electricity and Energy, Nay Pyi Taw
The Republic of the Union of Myanmar

7. All bids must be accompanied by a Bid Security as described in the bidding document.

8. The address referred to above para 4 and 5 are:

Attention	:	Director General Office, Department of Electric Power Planning Office No(27), Ministry of Electricity and Energy, Nay Pyi Taw The Republic of the Union of Myanmar
Telephone	:	+9567410203
Facsimile	:	+9567410077
E-mail	:	nep.pmomoep@gmail.com
Website	:	http://www.moep.gov.mm

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇၀)
(၃၁)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ ဖိတ်ကြားလွှာ

OTS (70)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ၏ (၃၁)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မိသားစုနှင့်အတူ တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

မိတ်ဆုံညစာစားပွဲ

ရက်စွဲ၊ အချိန် - ၁၉-၁၁-၂၀၁၆ ရက် (စနေနေ့) (၁၈း၀၀)နာရီမှ (၂၂း၀၀) နာရီအထိ
နေရာ - Kone Myint Thar Restaurant (7½)Mile ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်။

နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း

ရက်စွဲ၊ အချိန် - ၂၀-၁၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့) ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ၊
နေရာ - အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (ဗဟိုဆောင်) စွယ်တော်မြတ်စေတီလမ်း၊ မရမ်းကုန်းမြို့နယ် (ဂိတ် ၃/၄ မှ ဝင်ပါရန်) (ကျဆုံး၊ သေဆုံးခဲ့သော သူငယ်ချင်းများအားရည်စူး၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခြင်း)

ဆက်သွယ်စုံစမ်းရန် - ကျော်ဒွန်း ဖုန်း-၀၉-၂၅၉၂၉၂၃၄၈၊ ထိန်ဝင်း ဖုန်း-၀၉-၄၀၂၅၁၂၁၂၄၊ မျိုးသန့် ဖုန်း-၀၉-၅၁၅၇၃၈၂၊ အောင်နိုင် ဖုန်း-၀၉-၂၅၀၀၈၂၇၃၆၊ အောင်အောင် ဖုန်း-၀၉-၈၅၉၄၇၇၇၊

ရခိုင်သဟာယအသင်း(ရန်ကုန်)သို့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် တက္ကသိုလ်ပညာသင်ဆု လျှောက်ထားနိုင်

တက္ကသိုလ်ပညာသင်ကြားရန် အမှန်တကယ်အခက်အခဲရှိနေသည့် ရခိုင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးမှ ရခိုင်လူမျိုး ကျောင်းသူ/ကျောင်းသားများအနေနှင့် ရခိုင်သဟာယအသင်း(ရန်ကုန်)မှ ချီးမြှင့်မည့် တက္ကသိုလ်ပညာသင်ဆုအား လျှောက်ထားနိုင်ပြီဖြစ်သည်။ လျှောက်လွှာပုံစံများကို မိမိတို့နေထိုင်ရာ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ပညာရေးမှူးရုံးများ၊ အသင်းမြို့နယ်ကိုယ်စားလှယ်များနှင့် အမှတ် (၄၅) ဒုတိယထပ်၊ ၁၆၆ လမ်း၊ တာမွေမြို့နယ်ရှိ အသင်းရုံးခန်းတို့မှရယူနိုင်ပြီး လျှောက်ထားသည့် ကျောင်းသူ ကျောင်းသားများကိုယ်တိုင် ပြည့်စုံစွာရေးသားဖြည့်စွက်ကာ ၂၀၁၇ခုနှစ် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ ပေးပို့ရမည်ဖြစ်ပါသည်။

တက္ကသိုလ်ပညာသင်ဆုအား လှူဒါန်းလိုသောအလှူရှင်များအနေဖြင့်လည်း အောက်ပါဖုန်းများသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြပါသည်။

ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁၃၉၇၉၀၊ ဦးသာမြကျော် ဖုန်း-၀၉-၅၁၅၅၄၁၉၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၁၀၄၉၀၁၊ ဦးစောအောင် ဖုန်း-၀၉-၅၀၈၂၄၃၉၊ ဦးချစ်ဖေ ဖုန်း-၀၉-၄၂၀၁၃၄၃၅၂၊ ဒေါက်တာတင်မာအောင် ဖုန်း-၀၉-၅၁၅၉၄၅၇၊ ဒေါ်စုစုသိန်း ဖုန်း-၀၉-၉၇၁၈၇၅၁၆၂၊ ဒေါ်အေးလှိုင်ဦး ဖုန်း-၀၉-၇၈၅၅၅၄၉၃၁၊ ဒေါက်တာမြနှင်းအေး ဖုန်း-၀၉-၅၀၂၁၄၃၂ နှင့် အသင်းရုံး ဖုန်း-၀၁-၄၃၀၁၇၂

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၀)၊ ဦးပိုင်အမှတ်(၂၅)၊ ၃၉×၄၀ လမ်းကြား၊ ၅၄ လမ်းပေါ်ရှိ ဒေါ်သန်းသန်းဇင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးကျော်ညွန့်သန်း ၅/ကသန(နိုင်)၀၇၄၃၆၆ မှ မြေချထားမိန့်၊ မြေဖိုး၊ လမ်းဖိုးငွေသွင်းပြေစာမူရင်းတို့မှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ မှတ်ပုံတင်တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/5747 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

အများသိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ စစ်မှုထမ်းဟောင်းရပ်၊ မြို့သစ်(၁)၊ အောင်ဆန်းနယ်မြေ၊ အမှတ်(၄/၁၈၉-၄/၁၉၀) (ဘ)ဦးစိုးကြည်၏သား ဦးမြတ်မင်း ၉/မထလ(နိုင်)၀၀၄၇၅၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြတ်မင်းသည် (ဘ)ဦးဝင်းလှိုင်၏သမီးဖြစ်သူ ဒေါ်တင်ဇာလှိုင် ၉/မထလ(နိုင်)၂၀၇၁၂၄ နှင့် လွန်ခဲ့သော(၂၀၁၂)ခုနှစ်က ပေါင်းသင်းနေထိုင်ခဲ့ရာ သမီးတစ်ဦးထွန်းကားခဲ့ပြီး ဇနီးဖြစ်သူ၏ မယားဝတ္တရားမကျေပွန်မှု၊ ကိုယ်စိတ်နှစ်ပါးထိခိုက်နာကျင်စေရန် အမျိုးမျိုးပြုလုပ်ခဲ့ခြင်း၊ အသက်အန္တရာယ်ထိခိုက်စေသည်အထိ ပြုမူသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်မင်းသည် နေအိမ်တွင် ဆက်လက်မနေရဲတော့၍ မည်သည့်ပစ္စည်းတစ်စုံတစ်ရာကိုမျှ ယူဆောင်ခဲ့ခြင်းမရှိဘဲ ထွက်ခွာလာခဲ့ရပါသည်။ ယခုအခါတွင် ဒေါ်တင်ဇာလှိုင်၏မိသားစုဝင်တို့မှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်မင်း၏ဂုဏ်သိက္ခာ ထိခိုက်နစ်နာစေရန်အတွက် ညစ်ညမ်းသော မဟုတ်မမှန်သည်များကို (Face book) လူမှုကွန်ရက်တွင် (Nan Myanmar)နှင့် (Ko Sai)အမည်များဖြင့် ရက်ပေါင်းများစွာတင်သွင်းရေးသားခြင်း၊ (Comment)ရေးသားခဲ့သဖြင့် လူများစွာတို့၏ မဟုတ်မမှန်သည့် ညစ်ညမ်းသည့်(Comment)များကို ရေးသားခြင်းခံရသည့်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးမြတ်မင်းနှင့်တကွ မိဘမောင်နှမများတို့၏ အရှက်/ဂုဏ်သိက္ခာထိခိုက်ကာ ပတ်ဝန်းကျင်ရှိ လူအများ၏အထင်အမြင်သေးသိမ်ခြင်း၊ လွဲမှားခြင်းများကို ခံစားရပြီး လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာရပါသောကြောင့် ကိုယ်စိတ်နှစ်ပါးနစ်နာမှုဒဏ်ကို ကြီးမားစွာခံစားနေရပါသဖြင့် ဆက်လက်ခံစားနိုင်စွမ်းမရှိ၍ မိတ္ထီလာမြို့နယ်တရားရုံးတော်တွင် တရားမကြီးအမှုအမှတ် (၈၄/၂၀၁၆)၊ 'အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပေးစေလိုမှု' ကို စွဲဆိုခဲ့ရပါသည်။

